ဘုရားရှင် လက်ထက်တော်ကာလကမူ စိတ္တသူကြွယ်၊ အနာထပိဏ်သူဌေး၊ ဗိမ္ဗိသာရမင်း၊ အဇာတသတ်မင်း၊ ကောသလမင်းစသော သာသနာပြုပုဂ္ဂိုလ်နှင့် ကျွမ်းကျင်လိမ္မာသော ကပ္ပိယကောင်းတို့ကြောင့် ရဟန်းတော်များသည် ဆင်းရဲငြိုငြင်မှုမရှိဘဲ၊ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ကပ္ပိယဟူသော ဝေါဟာရ အသုံးအနှုန်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ အဆင့်အတန်းမြင့်သော ဝေါဟာရဖြစ်သကဲ့သို့ ကပ္ပိယကောင်းတို့သည်လည်း ဘုန်းကံပါရမီ အလွန်ကြီးမားသူများ ဖြစ်ကြပေသည်။

dhammatrainingcenter.com

ဝိနည်းသင်ပုန်းကြီးဖတ်စာ အပိုင်း (၂) အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)

ရန်ကင်းတောင်စာစဉ် (၄၃)

# ဝိနည်းသင်ပုန်းကြီးဖတ်စာ

## အပိုင်း (၂)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်



ရန်ကင်းတောင်စာစဉ် (၄၃)

# ဝိနည်းသင်ပုန်းကြီးပတ်စာ

(အပိုင်း - ၂)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

ven.khemananda.brahmana@gmail.com

www.dhammatrainingcenter.com

**ရန်ကင်းတောင်စာစဉ်အမှတ် (၄၃)**

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)
အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်။

ထုတ်ဝေသူ – ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃)

ဖြန့်ချိရေး – **ရန်ကင်းတောင်စာစဉ်၊ နေပြည်တော်**
ဖုန်း– ၀၉–၄၃၀ ၇၅၇၀၄
၀၉–၇၉၇ ၃၀၃၀၂၁
**သော်တာစန်းစာပေ၊ နေပြည်တော်**
ဖုန်း– ၀၉–၄၃၀ ၃၅၄၉၅
၀၉–၇၉၇ ၉၂၁ ၂၈၀
**သစ္စာမဏ္ဍိုင်ပိဋကစာပေ**
(ရွှေတိဂုံဘုရားတောင်ဘက်မုခ်)
ဖုန်း– ၀၉–၅၀၆၀ ၈၄၅
၀၉–၄၅၀ ၁၉၁ ၁၄၂

တန်ဖိုး – ကျပ်

ထုတ်ဝေခြင်း – ပထမအကြိမ် (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ)

အုပ်ရေ – ၅၀၀

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)**

၂၉၄.၃
အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်။
ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း–၂)၊ (ပထမအကြိမ်)
ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၂၃။
၁၈၃ စာ၊ ၁၁.၄၃ × ၂၁.၃၄ စင်တီ။

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ကပ္ပိယကောင်းတစ်ဦး သိမှဖြစ်မယ့် ရဟန်းတော်တို့ ဘုဉ်းပေးခြင်းဆိုင်ရာ ဘုရားဥပဒေတော်** | |
| ၁။ | ရဟန်းက မကပ်သေးခင် မထိကောင်း မကိုင်ကောင်းပါ | ၁ |
| ၂။ | ခြံထွက်ငှက်ပျောသီးအလှူရှင်၏ စေတနာ | ၈ |
| ၃။ | ဝိနည်းဥပဒေအရ အပ်စပ်အောင် ပြုလုပ်ပေးတတ်တဲ့ 'ကပ္ပိယကာရက' | ၁၁ |
| ၄။ | အပ်ပါပြီဘုရား၊ ဘုဉ်းပေးကောင်းပါပြီဘုရား၊ အသုံးပြုလို့ရပါပြီဘုရား | ၁၅ |
| ၅။ | ဆေးရုံကုတင်ပေါ်ကနေ "ကပ္ပိပြီးပြီလား"လို့ မေးမြန်းတော်မူတယ် | ၁၈ |
| ၆။ | 'ကပ္ပိယံ ကရောဟိ' 'ကပ္ပိယံ ဘန္တေ' | ၂၁ |
| ၇။ | ပညာဆင်းရဲ၊ သဒ္ဓါမဲ့တဲ့သူရဲ့အလှူ | ၂၄ |
| ၈။ | ဆွမ်းကပ်ရာမှာ ကပ္ပိယရဲ့တာဝန် - ၁ | ၂၇ |
| ၉။ | ဆွမ်းကပ်ရာမှာ ကပ္ပိယရဲ့တာဝန် -၂ | ၃၅ |
| | **နဝကမ္မနှင့် ကပ္ပိယရဲ့ အခန်းကဏ္ဍ** | |
| ၁။ | ဗုဒ္ဓဘာသာဝင်တိုင်း လူတွေနဲ့ဆိုင်တဲ့ ရဟန်းဝိနည်း သိသင့်ပြီ | ၃၇ |
| ၂။ | ကပ္ပိယမလိမ္မာတဲ့အတွက် ရဟန်းဘဝ အခက်အခဲ | ၄၁ |
| ၃။ | ငွေကို မြွေပမာ ရှုံ့ရှာတော်မူတဲ့ နဘူးကျောင်းဆရာတော် | ၄၄ |
| ၄။ | ရဟန်းတော်များ သံသယရှိရင် အရိပ်တောင်မခိုပါ | ၄၉ |
| ၅။ | ကပ္ပိယ လိမ္မာပါးနပ်ရပါမယ် | ၅၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ကပ္ပိယကောင်းတို့အတွက် အထွေထွေ သိမှတ်ဖွယ်ရာများ** | |


| | | |
|---|---|---|
| ၁။ | သံဃာ့ပစ္စည်း အဆိပ်သီး စားနည်းအလွန်ခက် | ၅၅ |
| ၂။ | သံသရာဆန်တက်နေသူတို့ရဲ့ မြင်ရ မမြင်ရ အန္တရာယ်များ | ၅၉ |
| ၃။ | ကပ္ပိယများ ရံခါ ဘုန်းကြီးရှေ့က ထွက်ရတတ်တယ် | ၆၅ |
| ၄။ | လှူတဲ့သူလည်း ဒကာ၊ ခိုးတဲ့သူလည်း ဒကာ | ၆၉ |
| ၅။ | ဆရာတော်ဦးဗုဓ်နှင့် ပညာရှိဦးပေါ်ဦး | ၇၂ |
| ၆။ | ကပ္ပိယတွေ အကင်းပါးပါမှ ဆရာဘုန်းကြီး အာပတ်လွတ်မယ် | ၇၅ |
| ၇။ | သင့်ရုံဘုဉ်းပေးတော်မူကြပါတယ် | ၇၈ |
| ၈။ | သဒ္ဓါလွန်ကဲ အသိဉာဏ်မဲ့သူတို့ရဲ့ရှေ့မှာ ကပ္ပိယ ရပ်တည်ပေးတတ်ရမယ် | ၇၉ |
| ၉။ | ကပ္ပိယဒါယကာများ လိမ္မာပါးနပ်ဖို့ အထူးပင်လိုအပ်တယ် | ၈၄ |
| ၁၀။ | ပစ္စည်း၊ မာတု ဤနှစ်ခု ဘိက္ခုသေမင်း မြားနှစ်စင်း | ၈၉ |
| ၁၁။ | ကပ္ပိယအခန်းကဏ္ဍ နေရာတိုင်းမှာအရေးပါ | ၉၁ |
| ၁၂။ | ရှင်ဘုရင်လာတာ ငါက အာဂန္တုကဝတ် ပြုရဦးမှာလား | ၉၃ |
| ၁၃။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၁ | ၉၈ |
| ၁၄။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၂ | ၁၀၂ |
| ၁၅။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၃ | ၁၀၇ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၆။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၄ | ၁၁၀ |
| ၁၇။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၅ | ၁၁၃ |
| ၁၈။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၆ | ၁၁၆ |
| ၁၉။ | ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီး ဖတ်စာ - ၇ | ၁၂၀ |
| ၂၀။ | သိမ်ထဲရဟန်းဖြစ်ဖို့ လူပရိသတ်မလိုပါ | ၁၂၂ |
| ၂၁။ | သိမ်ထဲက အဆင့်အတန်းမြင့်မားတဲ့ သံဃာ့အစည်းအဝေး | ၁၂၇ |
| | **ဆရာတော်၏ ကပ္ပိယများ** | |
| ၁။ | ကပ္ပိယကြီးတွေ စားချင်လို့မှာတာကိုး | ၁၃၇ |
| ၂။ | ဆရာဝန်ပြောတိုင်း မယုံပါနဲ့ဘုရား | ၁၄၃ |
| ၃။ | မီးသဂြိုလ်ရန် ထင်းမှာထားပြီးပြီ | ၁၄၇ |
| ၄။ | မကြောက်ကြဘူးလား | ၁၅၀ |
| ၅။ | ကပ္ပိယနှင့် မော်တော်ကား | ၁၅၃ |
| ၆။ | နင်ဒါကြောင့် ကျွဲဖြစ်နေတာ | ၁၅၇ |
| ၇။ | မြွေဟောက်နှင့် ရန်ဖြစ်တဲ့ကပ္ပိယကြီး | ၁၆၂ |
| ၈။ | ဆေးကုပေးချင်သူ | ၁၆၄ |
| ၉။ | ယောဂီကြောင့် ကပ္ပိယဒုက္ခပိုခဲ့ရှာ | ၁၇၀ |
| ၁၀။ | အလုပ်တစ်ခုနှင့်တစ်ခု ပြောင်းလုပ်ရင်း နားတဲ့ ဆရာတော် | ၁၇၅ |
| ၁၁။ | ကပ္ပိယယောဂီများအကြောင်း | ၁၇၇ |

ရဟန်းကျင့်ဝတ် တစ်ပါးချို့က၊
လူနတ် မကြိုက် ကဲ့ရဲ့ထိုက်၏။

(မဃဒေဝလင်္ကာ)

ရဟန်းကျင့်ဝတ် တစ်ပါးတတ်က၊
လူနတ် ဦးခိုက် ပူဇော်ထိုက်၏။

(စတုဓမ္မသာရ ကိုးခန်းပျို့)

# စကားဦး

ရဟန်းတော်တို့အား ဝိနည်းတော်နှင့်အညီ အပ်အပ်စပ်စပ် ပြုပေးနိုင်သူ၊ တစ်နည်းအားဖြင့် ရဟန်းတော်များ ဝိနည်းအပြစ်မဖြစ်ရလေအောင် ဆောင်ရွက်ပေးနိုင်သူကို သာသနာ့ဝေါဟာရဖြင့် ကပ္ပိယဟု ခေါ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် (Kappiya = Lay Attendant in a Monestry) ဟု ဘာသာပြန်လေ့ရှိပါသည်။ ဤဘာသာပြန်ဆိုမှုသည် ကပ္ပိယဟူသော ဝေါဟာရကို ခြုံမိ၊ ငုံမိသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် ကပ္ပိယကို Kappiya ဟု သုံးနှုန်းခြင်းကပင် ပြီးပြည့်စုံသော အဓိပ္ပာယ်ကို ဆောင်နေပါသည်။

သာသနာတော်သုံးရပ် အဆက်မပြတ် ရှင်သန်တိုးတက်နေရေးအတွက် သာသနာ့ဝန်ထမ်း ရှင်ရဟန်းကောင်းတို့၏ တာဝန်ဖြစ်ပေသည်။ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းကောင်းများ အာပတ်ကင်းစင်စွာဖြင့် သာသနာပြုလုပ်ငန်းများကို ကူညီစောင့်ရှောက်ပေးနိုင်သည့် သာသနာပြုဖက်မှာ ကပ္ပိယများပင် ဖြစ်ကြပေသည်။

ကပ္ပိယများက ဝိနည်းအရာ လိမ္မာကျွမ်းကျင်လေလေ၊ ရှင်ရဟန်းကောင်းတို့အဖို့ အာပတ် ကင်းစင်လေလေ ဖြစ်သည်။ ရှင်ရဟန်းကောင်းတို့ အာပတ်ကင်းစင်လေ မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးစင်ကြယ် သန့်ရှင်းလေလေ ဖြစ်သည်။ သံဃာတော်များ အာပတ်ကင်းစင်ရန်မှာ ကပ္ပိယများ၏ စေတနာနှင့် အသိဉာဏ်ပညာသာ ပဓာနဖြစ်လေသည်။

ဘုရားရှင် လက်ထက်တော်ကာလကမူ စိတ္တသူကြွယ်၊ အနာထပိဏ်သူဌေး၊ ဗိမ္ဗိသာရမင်း၊ အဇာတ

သတ်မင်း၊ ကောသလမင်းစသော သာသနာပြု ပုဂ္ဂိုလ်နှင့် ကျွမ်းကျင်လိမ္မာသော ကပ္ပိယကောင်းတို့ကြောင့် ရဟန်းတော်များသည် ဆင်းရဲ ငြိုငြင်မှု မရှိဘဲ၊ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်။

တစ်ဖန် နတ်မင်းကြီးလေးပါးသည် မြတ်စွာဘုရားရှင်၏ ကျောင်းအာရမ်ကို စောင့်ရှောက်သူများဖြစ်ကြောင်း၊ သိကြားမင်းက မြတ်စွာဘုရားရှင်၏ သပိတ် သင်္ကန်း ပရိက္ခရာတို့ကို ယူဆောင်ပေးသည့် ကိုရင်ကပ္ပိယမျှသာဖြစ်ကြောင်း၊ အရှင်သာရိပုတ္တရာက မိခင်မယ်တော်ကြီး ပုဏ္ဏေားမကို တရားဟောတော်မူပါသည်။ ထို့ပြင် အဇာတသတ်မင်းက မြတ်စွာဘုရားထံတော်ပါး ချဉ်းကပ်ခါ "ဘုရားတပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး ဘုရားမှအပ ကိုးကွယ်ရာ မရှိတော့ပါဘုရား၊ တပည့်တော်ကို ဥပါသကာဟူ၍ လည်းကောင်း၊ ကပ္ပိယကာရက ဟူ၍လည်းကောင်း မှတ်ယူပေးတော်မူပါဘုရား"ဟု လျှောက်ထားဖူးပါသည်။

သို့ဖြစ်ပါ၍ ကပ္ပိယဟူသော ဝေါဟာရ အသုံးအနှုန်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ အဆင့်အတန်းမြင့်သော ဝေါဟာရဖြစ်သကဲ့သို့ ကပ္ပိယကောင်းတို့သည်လည်း ဘုန်းကံပါရမီ အလွန်ကြီးမားသူများ ဖြစ်ကြပေသည်။

ထို့ကြောင့် ဤသာသနာတော်၌ ဘုန်းကံပါရမီကြီးမားသည့် ကပ္ပိယကျောင်းများစွာ ပေါ်ထွန်းလာနိုင်ရန် ဤ "ဝိနည်းသင်ပုန်းကြီးဖတ်စာ" စာအုပ်က ရည်ရွယ်ပါသည်။

---

**ကျန်းညွှန်း**

* သမညဖလသုတ် အဋ္ဌကထာ (နှာ-၂၁၁)
* စုန္ဒသုတ္တဝဏ္ဏနာ၊ နာလန္ဒဝဂ္ဂ၊ မဟာဝဂ္ဂသံယုတ္တအဋ္ဌကထာ (နှာ-၂၅၁)

# ကပ္ပိယကောင်းတစ်ဦး သိမှုဖြစ်မည့် ရဟန်းတော်တို့ ဘုဉ်းပေးခြင်းဆိုင်ရာ ဘုရားဥပဒေတော်

## ၁။ ရဟန်းက မကပ်သေးခင် မထိကောင်း မကိုင်ကောင်းပါ

M.A ကျောင်းသား ။ ။ ဆရာတော် သံဃာတော်များထံပါး ဆွမ်းကပ်ပြီးတဲ့နောက် တပည့်တော်လက်နဲ့ ထိမိ၊ ကိုင်မိရင် အပြစ်များ ဖြစ်တတ်ပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယရဲ့ လက်မှာကပ်နေတဲ့ ဖုန်မှုန့်တွေ ဆွမ်းသပိတ်ထဲ၊ ပန်းကန်ထဲမကျရင် အပြစ်မရှိပါဘူး။ အကပ်မခံရသေးတဲ့ ဆွမ်းအစရှိတဲ့ အာမိသကို ရဟန်းက ထိမိကိုင်မိရင်တော့ မဘုဉ်းပေးကောင်းပါဘူး။

M.A ကျောင်းသား ။ ။ ရဟန်းတော်က အမှတ်မထင် ထိမိကိုင်မိတဲ့ ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်၊ ငှက်ပျောသီးတွေကို တပည့်တော် ပြန်ကပ်မယ်ဆိုရင်တော့ ဘုဉ်းပေးသုံးဆောင်ကောင်းပါသလားဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေတော်မှာက *'အကပ်မခံရသေးတဲ့*

*အာမိသဆွမ်းစသည်ကို ရဟန်းအနေဖြင့် မထိကောင်း၊ မကိုင်ကောင်းပါ။ အကယ်၍ ထိမိကိုင်မိလျှင် ထိုရဟန်းက မဘုဉ်းပေးကောင်းတော့ပေ။ ထိမိကိုင်မိရုံမက နေရာရွှေ့သွားလျှင်မူ သာသနာတွင်းမှ မည်သည့်ရဟန်းမှ ဘုဉ်းပေးရန် မသင့်တော်တော့ပေ'လို့ လာရှိပါတယ်။*

M.A ကျောင်းသား ။ ။ အလွန် တိကျသေချာတာပါပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ သာဓကပြောပြမယ်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မဟာစည်ဆရာတော်ထံတော်ပါးကို သံဃာတော်တစ်ပါးနှင့် ကပ္ပိယဒကာတစ်ဦး ရောက်လာကြပါတယ်။ သူတို့မှာ ပျားရည်ပုလင်း လှူဒါန်းဖို့ပါတယ်။ ဆရာတော်ကြီး ကန်တော့ပြီးတဲ့နောက် ဒကာများနဲ့ပါလာတဲ့ အာဂန္တုရဟန်းက အမှတ်တမဲ့ ဒကာ့ဆီက ပျားရည်ပုလင်းကိုယူပြီး ဆရာတော်ကြီးလက်ဝယ်ကို ထိုးကပ်ပါတော့တယ်။

M.A ကျောင်းသား ။ ။ ကပ်ရင် မှားပြီထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်လေ မှားတော့မယ်၊ ဒါကြောင့်

မဟာစည်ဆရာတော်ကြီးက *"ဦးပဋ္ဌင်း မကိုင်ကောင်းဘူးလေ၊ နားမလည်ဘူးလား"*ဟု မိန့်တော်မူလိုက်ပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက်သာဓကတစ်ခု သတိရလာတယ်။

M.A ကျောင်းသား ။ ။ မှန်ပါ့ဘုရား၊ သာဓကကို နားထောင်ချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးရဲ့သပိတ်ကို ဒကာ ဒကာမများက ယူပြီး ဆွမ်း ဆွမ်းဟင်း၊ အချိုပွဲတွေကိုထည့်ပြီး ဆက်ကပ်ခါနီးမှာ ခုနက မဟာစည်ဆရာတော်ရှေ့ဖြစ်သလိုပဲ ဒကာတွေနဲ့အတူပါလာတဲ့ ရဟန်းတစ်ပါးက ဆွမ်းတွေနဲ့ ပြည့်နေတဲ့ သပိတ်ကို ရုတ်တရက်ဝင်ယူပြီး ဆရာတော်ကြီးလက်ထဲ ပေးအပ်လိုက်ပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက *"ဦးဇင်း သပိတ်အကပ်ခံပြီးပြီလား"*လို့ မေးမြန်းတော်မူတယ်။ ဦးဇင်းက*"အကပ်မခံရသေးပါဘုရား"*လို့ ဖြေရှာတယ်။ ဒါနဲ့ ဆရာတော်ကြီးက သပိတ်ယူပြီးတော့

ခြေလှမ်း လေး၊ ငါးလှမ်းလောက် ကြွတော်မူပြီး သပိတ်အဖုံးကို ဖွင့်ပြီးတော့ သွန်ပစ်တော်မူပါတယ်။

M.A ကျောင်းသား ။ ။ ဘာ့ကြောင့် သွန်ရတာ ပါလဲဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေတော်မှာက *'အကပ်မခံရသေးတဲ့ အာမိသဆွမ်း စသည်ကို ရဟန်းအနေဖြင့် မထိကောင်း၊ မကိုင်ကောင်းပါ။ အကယ်၍ ထိမိကိုင်မိလျှင် ထိုရဟန်းက မဘုဉ်းပေးကောင်းတော့ပေ။ ထိမိကိုင်မိရုံမက နေရာရွှေ့သွားလျှင်မူ သာသနာတွင်းမှ မည်သည့်ရဟန်းမှ ဘုဉ်းပေးရန် မသင့်တော်တော့ပေ'*လို့ လာရှိတယ်လေ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ သတိရပါပြီဘုရား။

ဆရာတော် ။ ။ ဒီဥပဒေအရ ဘယ်ရဟန်းမှ မသုံးဆောင်ကောင်းတော့တဲ့အတွက် သွန်လိုက်ရတာပါ။ ဆရာတော်ကြီး အဲဒီတစ်နေ့ ဆွမ်းမဘုဉ်းပေးရတော့ဘဲ ရေနဲ့ပဲ တစ်နေ့တာ မျှတတော်မူပါတယ်။

M.A ကျောင်းသား ။ ။ အံ့ဩစရာကြီးပါဘုရား။ လူတိုင်း လူတိုင်း လုပ်

နိုင်ခဲ့တဲ့ အရာပါဘုရား။ အဖိုးမဖြတ်နိုင်အောင် မမေ့နိုင်တဲ့ ကြည်ညိုဖွယ် သင်ခန်းစာပါဘုရား။

ဆရာတော် ။ ။ အုတ်ဖိုဆရာတော်ကြီး အကြောင်း သတိရလို့ ပြောပြဦးမယ်နော်။

M.A ကျောင်းသား ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ အုတ်ဖိုဆရာတော်ကြီးက ဝစီနှုတ်ဖြင့် ပြောမိလို့ ဖြစ်လာတဲ့ဆွမ်းကိုတောင်မှ ဘုဉ်းပေးတော်မူလေ့ မရှိဘူး။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ တစ်ခါမှ မကြားဘူးပါဘုရား။

ဆရာတော် ။ ။ တစ်နေ့ ဆရာတော်ကြီးကပ္ပိယဘိုးရွှေပြည့်က ဆွမ်းကပ်ပြီး ရွာပြန်မယ်လို့ လာကန်တော့ပြီး ပြန်အထမှာ "ဟဲ့ ရွှေပြည့် မုန့်ဟင်းခါးဆွမ်း စားချင်တယ်"လို့ အမှတ်မထင် မိန့်တော်မူလိုက်တယ်။

M.A ကျောင်းသား ။ ။ အဲဒီလို ပြောမိတာနဲ့ အာပတ်သင့်သလားဘုရား။

ဆရာတော် ။ ။ ပစ္စည်းလေးပါး ဖိတ်ကြားထားသူကို ပြောလို့ အာပတ်မသင့်ပါဘူး။

M.A ကျောင်းသား ။ ။ ကပ္ပိယက နောက်နေ့ မုန့်ဟင်းခါးဆွမ်း ကပ်ပါသလားဘုရား။

ဆရာတော် ။ ။ ကပ်ဖြစ်တယ်။ ဖြစ်ပုံက ဒီလို၊ ကပ္ပိယကြီး ကျောင်းကနေ ရွာကိုအပြန် ဒါယိကာမကြီး ဒေါ်စိုက *"ဦးရွှေပြည့် ဆရာတော်ဘုရားကြီးက ဘာများ ဘုဉ်းပေးသုံးဆောင်လိုတယ်လို့ မိန့်တော်မူပါသလဲ"*လို့ မေးတယ်။ ဘိုးရွှေပြည့်ကလည်း မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးလိုကြောင်း ပြန်ပြောလိုက်မိတယ်။

M.A ကျောင်းသား ။ ။ အာပတ်အပြစ် မရှိသေးဘူးနော်ဘုရား။

ဆရာတော် ။ ။ မရှိသေးပါဘူး။ မရှိသေးပါဘူး။ နောက်နေ့ မနက်အစော ကပ္ပိယရွှေပြည့် ကျောင်းမရောက်လာသေးဘူး။ ဒေါ်စိုက မုန့်ဟင်းခါးဆွမ်းကို ကိုယ်တိုင်ချက်ပြီး သွားကပ်တယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒီမနက် ဒီမုန့်ဟင်းခါးဆွမ်းဘယ်က၊ ဘယ်လိုဖြစ်ပေါ်လာသလဲလို့ ဆရာတော်က မေးမြန်း

တော်မူတယ်။ "ကပ္ပိယဦးရွှေပြည့်ပြောလို့ ဆရာတော် သုံးဆောင်လိုကြောင်းသိရတာနဲ့ ဘုရားတပည့်တော်ကိုယ်တိုင် ချက်ကပ်တာပါဘုရား"လို့ ဒေါ်စိုက ပြည့်ပြည့်စုံစုံ လျှောက်ထားတယ်။

M.A ကျောင်းသား ။ ။ ဆရာတော်ကြီး မြိန်မြိန်ယှက်ယှက်ကြီး ဘုဉ်းပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယကို ခေါ်တော်မူတယ်။ ပြီးတော့ မုန့်ဟင်းခါး ဆွမ်းပန်းကန်ကို ပြပြီးတော့ "*ဒီမုန့်ဆွမ်းကို အခြားတစ်ပါးကို သွားစွန့်ပစ်လိုက်ပါ*"လို့ မိန့်တော်မူလိုက်ပါတယ်။

M.A ကျောင်းသား ။ ။ ကိုယ်တိုင် ချက်ပြုတ်လှူဒါန်းလာတဲ့ ဒါယိကာမကြီးရဲ့ သဒ္ဓါတရားကိုမှ မထောက်မထား၊ အားပါးမနာ၊ မညှာတာမငဲ့ကွက်ဘဲ ရက်ရက်ကြီး စွန့်ပစ်စေတော်မူတာ အံ့ဩစရာပါဘုရား။

ဆရာတော် ။ ။ ဒါရဟန်းဝိနည်းလေ မောင်ကျောင်းသား။

## ၂။ ခြံထွက်ငှက်ပျောသီးအလှူရှင်၏ စေတနာ

Dr. အောင်သူ ။ ။ ဝိနည်းတော်နဲ့အညီ နေတော်မူတဲ့ ဆရာတော်ကြီးများက အသက်ထက် သီလကို မြတ်နိုးတော်မူတာ ကြားသိရတိုင်း ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ အခုလို ကြည်ညိုစရာ အမှန်ကို ကြည်ညို တတ်လာတာ ဘဝ ဘဝက ထူထောင်လာခဲ့တဲ့ ကံပါရမီ အကြောင်းရင်းခံပေါ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ အခု နဘူးကျောင်းဆရာတော်ကြီး ဆွမ်းမရလိုက်ဘဲ ရေဘုဉ်းပေးတော်မူတဲ့အကြောင်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အဲဒီတစ်ရက်က ဆရာတော်ကြီး ဆွမ်းခံရွာဝင်တော်မူချိန်အထိ ဒကာ၊ ဒကာမ တစ်ယောက်မှ အိပ်ရာမထကြသေးဘူး။ မနေ့ညက သူတို့ရွာမှာ ညလုံးပေါက် အခမဲ့ ရုပ်ရှင်ပြလို့ ရွာသူရွာသားတွေ သွားကြည့်ကြတာ မနက်ဆွမ်းထချက်မယ့်သူကို မရှိဘူး ဖြစ်သွားတယ်။

Dr. အောင်သူ ။ ။ ဆွမ်းမရတော့ ဆရာတော်ကြီး ရေပဲဘုဉ်းရတော့မှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အဲဒီအခြေအနေတော့ ကြုံနေပြီ။

ဆွမ်းမပါတဲ့ သပိတ်အလွတ်နဲ့ ကျောင်းပြန်ကြွတော်မူတာ တောရကျောင်းရဲ့အပေါက်ဝမှာ အလှူရှင်တစ်ယောက်က သူ့ခြံထွက် ငှက်ပျောသီးတစ်ခိုင်ကို ဘေးချထားပြီး ဆွမ်းခံအပြန် တောရသံဃာတော်တို့ကို ဒါနပြုဖို့ စောင့်ဆိုင်းနေတာမြင်တော်မူပါတယ်။

Dr. အောင်သူ ။ ။ ရွာထဲ ဆွမ်းမရသော်လည်း ငှက်ပျောသီးဆွမ်းတော့ရပြီပေါ့ဘုရား။

ဆရာတော် ။ ။ ငှက်ပျောသီးဆွမ်း မရလိုက်ဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ ဘယ်လိုဖြစ်သွားလို့လဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး မိန့်တာနားထောင်ကြည့်လေ

*"ကျောင်းကနေ သပိတ်ကျင်းသွားတဲ့ အတိုင်းဒီဘုန်းကြီးပြန်လာခဲ့တာ ကျောင်းရှေ့နားက သရက်ပင်ကြီးအောက်မှာ ငှက်ပျောခိုင်ဘေးချပြီး ရပ်နေတဲ့*

*ဒကာတစ်ယောက် တွေ့လိုက်ရတယ်၊ အဲဒီအခိုင် ထဲက တစ်ဖီးလောက်လောင်းရင်တော့ ဒီနေ့ဆွမ်း အတွက် အဆင်ပြေပြီလို့ တွေးမိနေတုန်း ဒကာက ငှက်ပျောသီးနှစ်လုံးချွေပြီး လောင်းမယ့်ဟန် မြင် လိုက်ရတော့ သပိတ်ဆေးရတာပဲ အဖတ်တင် မယ်လေဆိုပြီး သပိတ်အဖုံး ဖွင့်ပေးမနေတော့ဘူး"* လို့ မိန့်တော်မူဖူးတယ်။

Dr. အောင်သူ ။ ။ ဒီနေ့ ဘုန်းကြီး ဆွမ်း မရလာဘူး။ ဒကာကြီး ရဲ့ ငှက်ပျောသီးတစ်ဖီးလောင်းပါလို့ ပြောခွင့် မရှိ တာပါလားဘုရား။

ဆရာတော် ။ ။ ပစ္စည်းလေးပါး မလျှောက် ထားရင် အလှူခံခွင့် မရှိပါဘူး။ သို့သော် ထေရ်ရှင်တို့က သူ့သဒ္ဓါအား လျော်စွာ လောင်းလှူတာကိုပဲ လိုလားတော်မူကြ ပါတယ်။ မိမိရဲ့နှုတ်ဝစီကြောင့် ဖြစ်ပေါ်လာတာကို အလိုမရှိကြပါဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ ရဟန်းတော်များရဲ့ သီလက ကြည်ညိုစရာ ကောင်းလိုက်တာဘုရား။

## ၃။ ဝိနည်းဥပဒေအရ အပ်စပ်အောင် ပြုလုပ်ပေးတတ်တဲ့ 'ကပ္ပိယကာရက'

Dr. အောင်သူ ॥ ॥ 'ကပ္ပိယ' နဲ့ 'ကပ္ပိတယ်' ဆိုတာ ခဏခဏ ကြားနေရလို့ နားယဉ်နေသော်လည်း တပည့်တော် နားမလည်သေးပါဘုရား။ ဒီပါဠိစကားလုံးက Noun နာမ်လား၊ Verb ကြိယာလားဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ၊ 'ကပ္ပိယ' ဆိုတာက သာသနာတော်မှာ အဆင့်အတန်း အလွန်မြင့်မားတဲ့ စကားအသုံးအနှုန်းတစ်လုံး ဖြစ်ပါတယ်။ ရဟန်းတော်တို့အတွက် ဝိနည်းသီလနဲ့ ညီညွတ်အောင်၊ ဒါမှမဟုတ် အပ်စပ်အောင် လုပ်ပေးသူလို့ အဓိပ္ပါယ်ရပါတယ်။ ပါဠိအသုံးက 'ကပ္ပိယကာရက'ဖြစ်ပါတယ်။ ရဟန်းတော်များအတွက် အပ်စပ်အောင် ပြုလုပ်ပေးတတ်တဲ့လူပါပဲ။ 'ကပ္ပိယ'က Noun ဖြစ်ပြီး၊ 'ကပ္ပိတယ်'က Verb ပါ ဒကာကြီး။

Dr. အောင်သူ ॥ ॥ 'ကပ္ပိတယ်' ဆိုတာရဲ့ အဓိပ္ပာယ် မသိရသေးပါဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်၊ ကပ္ပိ
တယ်ဆိုတာက ရဟန်း
တော်တို့အတွက် ဝိနည်းသီလနဲ့ညီညွတ်အောင်၊
ဒါမှမဟုတ် အပ်စပ်အောင် လုပ်တာပါ။ ဒါကြောင့်
သူက Verb ဖြစ်တာပါ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ ဆွမ်းဝိုင်းမှာ
လည်း ကပ္ပိယကဏ္ဍက
အရေးကြီးတယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ 'ကပ္ပိယကာရက' ပုဂ္ဂိုလ်
က ဆွမ်းဝိုင်းမှာတင်
မကပါဘူး၊ နေရာတိုင်းမှာ အရေးပါပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဆွမ်းဝိုင်းမှာ ကပ္ပိယ
လုပ်ခဲ့တုန်းက "ကပ္ပိယံ
ဘန္တေ"လို့ ဆိုရပါတယ်ဘုရား။

ဆရာတော် ။ ။အခုလိုမျိုး"ကပ္ပိယံဘန္တေ"
ဆိုရတဲ့ အကြောင်းရင်း
ကို ပြောပြဦးမယ်။ ဝိနည်းတော်အရ အမြစ်တွေ၊
အရွက်တွေ၊ အခက်အလက်တွေနှင့် ဝေဖြာနေတဲ့
အပင်မှန်သမျှကို ဘူတဂါမလို့ခေါ်တယ်။ အမြစ်၊
အညွန့်၊ အရွက် မထွက်သေးတဲ့ မျိုးစေ့ကိုတော့
ဗီဇဂါမလို့ ခေါ်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေတော်မှာ ရဟန်းက သစ်ပင်ကို ကိုယ်တိုင် ဖျက်ဆီးရင်ဖြစ်စေ၊ သူတစ်ပါးကို ဖျက်ဆီးခိုင်းရင်ဖြစ်စေ အာပတ်သင့်ပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုလုပ်တာကို ဖျက်ဆီးတယ် ဆိုတာ ပါလဲဘုရား။

ဆရာတော် ။ ။ ဖျက်ဆီးတယ်ဆိုတာက သစ်ပင်တွေကို ဓားနဲ့ ခုတ်တာ၊ လွှတိုက်တာ၊ မီးရှို့တိုက်တာ၊ ထိုးတာ အားလုံးဟာ ဖျက်ဆီးတာချည်းပါပဲ။ အဲသလို ဖျက်ဆီးရင် ရဟန်းမှာ အာပတ်သင့်ပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ အတော် ကျယ်ဝန်းသားဘုရား အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဗီဇဂါမ-၅ မျိုးရှိတယ်။

၁။ မူလဗီဇ(အမြစ်မျိုးစေ့) ဆိုတာမှာ အမြစ်၊ အဖု၊ အဥကနေ အပင်ပေါက်တဲ့ အမျိုး၊ ဥပမာအားဖြင့် အားလူးတို့၊ ဂျင်းတက်တို့၊ ကြက်သွန်တို့ ပါတယ်။

၂။ ခန္ဓာဗီဇ (ပင်စည်မျိုးစေ့) ပင်စည်ကနေ အပင်ပေါက်တဲ့ ပူစီနံတို့၊ နံနံပင်တို့၊ ရွက်လှပင်တို့ ဆိုလိုတယ်။

၃။ ဗီဇ ဗီဇ (အစေ့မျိုးစေ့) အစေ့ကနေ မျိုးစေ့ ပေါက်တာ၊ ပမာအားဖြင့် ပဲ၊ ပြောင်း၊ စပါး၊ သရက်၊ ညောင်စေ့၊ ဇီးစေ့ စတာတွေ ပါဝင်တယ်။

၄။ အဂ္ဂဗီဇ (အညွန့်မျိုးစေ့) အညွန့်ကနေ အရွက် ဖြစ်လာတာမျိုး၊ ပမာအားဖြင့် ကွမ်းရွက်တို့၊ ငရုတ်ကောင်းတို့၊ ရွက်ကျပင် ပေါက်တို့ကို ဆိုလိုတယ်။

၅။ ဖဠုဗီဇ (အဆစ်မျိုးစေ့) အဆစ်ကနေ အပင်ပေါက်တာ၊ ပမာအားဖြင့် ကြံပင် လိုမျိုးပေါ့. . .။ အဲဒါတွေကို ရဟန်းက ဖျက်ဆီးရင် အာပတ်သင့်တယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဒါဆိုရင် ရဟန်းက မုန့်ဟင်းခါးမှာ ထည့်စားရတဲ့ ငရုတ်သီးတို့၊ ပူစီနံတို့၊ နံနံရွက်တို့ကို မဘုဉ်းရတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဘုဉ်းပေးလို့ ရပါတယ်။ ဒီနေရာမှာ အပ်စပ်အောင် လုပ်ပေးရမယ့် ကပ္ပိယရဲ့အပိုင်းက အရေးတကြီး ပါလာပါတယ်။

## ၄။ အပ်ပါပြီဘုရား၊ ဘုဉ်းပေးကောင်းပါပြီဘုရား၊ အသုံးပြုလို့ရပါပြီဘုရား

Dr. အောင်သူ ॥ ॥ တပည့်တော် ကပ္ပိယ တစ်ယောက်အနေနဲ့ ပြည့်ပြည့်စုံစုံ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ အပ်စပ် အောင်လုပ်တယ်ဆိုတာ လက်သည်းနဲ့ ဆိတ်ပြီးတော့မှ ကပ္ပိတာက တစ်မျိုးရှိတယ်။ မီးနဲ့တို့ပြီး လှော်ပြီး၊ ဖုတ်ပြီးတော့မှ ကပ္ပိတာကတစ်မျိုး၊ ခက်ရင်း၊ ဓားချွန်ဖြစ်စေ၊ သွားကြားထိုးတံနှင့်ဖြစ်စေ စတဲ့ ပစ္စည်းတစ်မျိုးမျိုးနဲ့ ထိုးဖောက်ပြီးတော့မှ ကပ္ပိတာက တစ်မျိုး ဖြစ်ပါတယ်။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အဲသလိုလုပ်တာကို ကပ္ပိတယ်လို့ခေါ်ပြီး၊ မြန်မာလိုက '*အပ်ပါပြီ၊ ဘုဉ်းပေးကောင်းပါပြီ၊ အသုံးပြုလို့ ရပါပြီဘုရား*'လို့ ဆိုလိုတာနဲ့ အတူတူပါပဲ ဒကာကြီး။

Dr. အောင်သူ ॥ ॥ ရဟန်းကခိုင်းမှ လုပ်ပေးရတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ရဟန်းတော်က ''ကပ္ပိယံ

*ကရောဟိ*” “*အပ်စပ်အောင်ပြုပါ*” လို့ မိန့်လိုက်ရင် ကပ္ပိယကာရကဖြစ်တဲ့ပုဂ္ဂိုလ်က နှုတ်ကနေ “*ကပ္ပိယံ ဘန္တေ*” “*အပ်ပါပြီ အရှင်ဘုရား*”လို့ ဆိုပြီးတော့မှ အဲဒီစားဖွယ်ပစ္စည်း စသည်တို့ကို လက်သည်းနဲ့ ဆိတ်ဖဲ့လိုက်တာ၊ မီးနဲ့တို့လိုက်တာ၊ ဓားနဲ့ဖြစ်ဖြစ် လှီးလိုက်တာ၊ ခက်ရင်းနဲ့ဖြစ်ဖြစ် တစ်ခုခုနဲ့ ထိုးဆွလိုက်တာကပင် အပ်စပ်အောင် လုပ်တာပါ။

Dr. အောင်သူ ။ ။ တစ်ပြိုင်နက်တည်း ဆိုရတာပါလားဘုရား။

ဆရာတော် ။ ။ မှန်တယ်။ ဟုတ်တယ်။ “*ကပ္ပိယံ ကရောဟိ*” လို့ ဆရာဘုန်းကြီးက ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ကပ္ပိယက “*ကပ္ပိယံ ဘန္တေ*” လို့ ဆိုဆိုလှီးလှီး၊ ဖြတ်ဖြတ်၊ ထိုးထိုးလုပ်ရပါတယ်။ “*ကပ္ပိယံ ဘန္တေ*” လို့ မရွတ်ခင် ကြိုပြီးတော့မှလည်း လှီးတာ ဖြတ်တာ မလုပ်ရဘူး။ လွန်ပြီးတော့မှလည်း မလုပ်ရဘူး။ တစ်ပြိုင်နက်ထဲ ပြုရပါတယ်။

Dr. အောင်သူ ။ ။ အသီးမအောင်တဲ့ မျိုးစေ့တွေကိုလည်း ကပ္ပိရပါသလားဘုရား။

ဆရာတော် ။ ။ မျိုးစေ့မအောင်တဲ့ အသီးတွေကိုတော့

ကပ္ပိဖို့ မလိုတော့ပါဘူး။ ပြီးတော့ သရက်သီးတို့၊ ပိန္နဲသီးတို့၊ ဒူးရင်းသီးတို့၊ အစေ့တွေကို ထုတ်ပြီးတော့မှ စားရတဲ့အသီးတွေ ဆိုလို့ရှိရင်လည်းပဲ မကပ္ပိဘဲနဲ့ စားလို့ရပါတယ်။ ဆွမ်း စသည်ကပ်တဲ့ အခါမှာ အစေ့တွေအားလုံး ထုတ်ထားပြီးသား ဆိုရင်လည်း ကပ္ပိဖို့ မလိုအပ်တော့ပါဘူး။

Dr. အောင်သူ ။ ။ ဘုရားဥပဒေတော်က တိကျလိုက်တာဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ တိကျတယ်၊ စေ့စပ်တယ်။

ဒါကြောင့် ဗုဒ္ဓသာသနာတော် အသုံးအနှုန်းတွေကိုလည်း ကပ္ပိယတွေ၊ ဒကာ၊ ဒကာမတွေ သိဖို့ လိုပါတယ်။ ဒကာ ဒကာမတွေ သာသနာ့အသုံးအနှုန်း မသုံးမိရင် ရဟန်းတွေမှာ အာပတ်သင့်နိုင်သလို ဒကာ၊ ဒကာမ မှာလည်း သာသနာပြုတဲ့ကုသိုလ် မစင်ကြယ်နိုင်ဘူးပေါ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ ကပ္ပိယကောင်းတစ်ယောက် ဖြစ်အောင်လည်း ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။

## ၅။ ဆေးရုံကုတင်ပေါ်ကနေ "ကပ္ပိပြီးပြီလား" လို့ မေးမြန်းတော်မူတဲ့ဆရာတော်

ဆရာတော် ။ ။ ကပ္ပိတယ်အကြောင်း ပြောနေတုန်း ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ကြီးအကြောင်း သတိရလာတယ်။

Dr. အောင်သူ ။ ။ ဗာရာဏသီဆရာတော်ကြီးက ဘယ်လိုကျင့်တော်မူတာပါလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့ အာရုံကြောဌာနမှာ ဆေးကုသမှု ခံယူနေစဉ် အခါကာလက အဖြစ်အပျက်တစ်ခုပါ။ ဆရာတော်ကြီးမှာ ဝေဒနာပြင်းထန်နေတဲ့အတွက် အစာအာဟာရတိုင်းကို ခန္ဓာကိုယ်က လက်မခံတော့ဘူး။ ဆရာဝန်တွေ လျှောက်ထားတဲ့ထဲက သင့်နိုးရာရာ ကောင်းနိုးရာရာ အာဟာရဖြစ်လောက်မယ့်အစာကို မဖြစ်ဖြစ်အောင် ဆက်ကပ်နေကြရတယ်။

Dr. အောင်သူ ။ ။ ဘာကပ်တာပါလဲဘုရား။

ဆရာတော် ။ ။ စပျစ်သီးကပ်မှာပါ။

Dr. အောင်သူ ။ ။ အစေ့ကနေ အပင်ပေါက်နိုင်လို့ စပျစ်သီးက 'ကပ္ပိယံ ဘန္တေ' လုပ်ရမှာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် လုပ်ရမယ်။ ဒါနဲ့ ဂိလာနပြုစုနေကြတဲ့ပုဂ္ဂိုလ်က *'ဆရာတော်ဘုရား ဝမ်းအေးသွားအောင် စပျစ်သီးလေး ဘုဉ်းပေးတော်မူပါအုံးဘုရား'* လို့ လျှောက်လိုက်တယ်။ ဝိနည်းတော်ကို အလွန် အလေးဂရုပြုတော်မူလေ့ရှိတဲ့ ဆရာတော်ကြီးက 'ကပ္ပိယပြီးပြီလား' လို့ မိန့်တော်မူတယ်။ ရောဂါပြင်းထန်လို့ စကားတောင် မပီမသဖြစ်နေတဲ့အတွက် ကြားရသူက အဓိပ္ပာယ်မကွဲဘူး ဖြစ်နေတယ်။ ဒါကြောင့် *"ဆရာတော်ဘုရား ဘာအမိန့်ရှိတာပါလဲဘုရား"* လို့ အထပ်ထပ်အခါခါ ပြန်မေးရတယ်။ 'ကပ္ပိယပြီးပြီလား' လို့ပဲ ဆရာတော်ကြီးက ထပ်ပြီး မေးတော်မူနေပါတယ်။

Dr. အောင်သူ ။ ။ အသက်ကိုလုပြီး ဆေးကုသနေရတဲ့ အချိန်မှာတောင် ဆရာတော်ကြီးက အသက်ထက် သီလကို မြတ်နိုးတော်မူတာကို ကြားနာရတာ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ တစ်ခါကလည်း ဆရာတော်ကြီးက ဆွမ်းဘုဉ်းပေးနေတုန်း ကျောင်းသားတစ်ယောက်က ဆွမ်းဟင်းလိုက်တာ နည်းနည်းအချိုးမကျတာ

မြင်တော်မူတယ်။ ဒါနှင့် ဆရာတော်ကြီးက *"ကိုယ့်ဟာကိုယ် ယူစားတဲ့ခေတ်ကြီး ရောက်နေပြီလား"* ဟု ငြီးငြီးငြူငြူ မိန့်တော်မူဖူးသေးတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သတိရတာ ဆက်ပြောပါဦးမယ်။ တစ်ခါက မြောင်းမြဆရာတော်ကြီး ဆီးအောင့်တဲ့ ရောဂါဖြစ်တယ်။ ဆေးဆရာက ဆေးကို သကြားနဲ့ ဖျော်သောက်ရမယ်လို့ လျှောက်ထားခဲ့တယ်။

Dr. အောင်သူ ။ ။ သကြားဆိုတော့ ခုနှစ်ရက်သိမ်းထားလို့ ရတာပါဘုရား။

ဆရာတော် ။ ။ ရတယ်၊ ဒါပေမဲ့ ဆရာတော့်လက်ထဲ သကြားမရှိဘူး။ ဒါကြောင့် မေးတော်မူလိုက်တာ သကြားမရှိကြောင်း အဖြေရောက်လာတယ်။ ဒီနောက် မကြာခင်မှာပဲ သကြား ရောက်လာပြန်တယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဆေးဘုဉ်းလို့ရပြီပေါ့နော်။

ဆရာတော် ။ ။ မဘုဉ်းဘူး ဒကာကြီး၊ ခုနတုန်းက သကြားမရှိဘူးပြောတယ်၊ အခုချက်ခြင်း သကြား ရောက်လာတာဆိုတော့ ကပ္ပိယဆိုင်ရာ မအပ်မစပ်ဖြစ်လာ

ရော့သလားလို့ စဉ်းစားဆင်ခြင်တော်မူပြီး အဲဒီ သကြားကို အသုံးပြုတော်မမူဘူး။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော်တို့ သာသနာမှာ အရေးပါ လှတဲ့ ကပ္ပိယတာဝန်ကို တပည့်တော် ကျေပြွန် အောင် ကြိုးစားပါ့မယ်ဘုရား။

## ၆။ 'ကပ္ပိယံ ကရောဟိ' 'ကပ္ပိယံ ဘန္တေ'

Dr. အောင်သူ ။ ။ လက်ထဲ ကိုင်ထားပြီး *'ကပ္ပိယံ ဘန္တေ'* လို့ဆိုမှ ရတာလားဘုရား။

ဆရာတော် ။ ။ ကပ္ပိတဲ့ကိစ္စမှာ တချို့ ဆရာတော်များက ကပ္ပိ တဲ့ ပစ္စည်းကို လက်နှင့်ကိုင် ထိစပ်ကပ်ထား တော်မူကြတယ်။ ဒါပေမဲ့ ကိုင်မထားပေမဲ့ ပစ္စည်းက လက်နှင့် လွတ်နေသော်လည်း အပ်တယ်လို့ ကျေးဇူးရှင် ဆရာတော်ကြီးများ မိန့်တော်မူကြပါ တယ်၊ လက်နှင့်ကိုင်ထားလည်း အပြစ်တော့ မရှိ ပါဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မြောင်းမြဆရာတော်ကြီး ကဆိုရင် *"ရာပုံ၊ ထောင်ပုံ*

*ကြီးမားစွာ ပုံထားတဲ့ ကြံရိုးပုံ၊ သစ်သီးပုံကြီးကို ရဟန်းက မထိမကိုင်ဘဲ အဝေးကနေပြီး 'ကပ္ပိယံ ကရောဟိ'လို့ ဆိုလိုက်ရမယ်၊ အဲဒီမှာ လူဝတ်ကြောင် ကဖြစ်စေ၊ သာမဏေကဖြစ်စေ "ကပ္ပိယံ ဘန္တေ" လို့ ဆိုပြီး ဓားနဲ့ ခုတ်ဖြတ်လှီး၊ ဒါမှမဟုတ် မီးစနဲ့ ထိုးလိုက်ရင် တစ်စပ်တည်း ရှိနေသမျှအားလုံး အကုန်အပ်တော့တယ်"လို့* အမိန့်ရှိဖူးတာကို ဖတ်ရဖူးတယ်။

Dr. အောင်သူ ။ ။ ရန်ကင်းတောရက ကပ္ပိယကျောင်းသား အငယ်လေးတွေကအစ *'ကပ္ပိယံ ကရောဟိ'* လုပ်တတ်ကြတယ်ဘုရား။

ဆရာတော် ။ ။ ဒကာကြီးက မလုပ် တတ်တဲ့ ကပ္ပိယကိုမှ မကြုံရသေးဘူးကိုး။

Dr. အောင်သူ ။ ။ ကပ္ပိယကလေးလား ဘုရား။

ဆရာတော် ။ ။ မဟုတ်ဘူး။ ပင်စင်စား ဒကာကြီး ဦးဇော်က ကျောင်းမှာ ကပ္ပိယအဖြစ်နေတာ သုံးလေးလရှိပြီ၊ ဒါပေမဲ့ သူက နောက်နားမှာပဲ နေရတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယဘကြီးတို့ရဲ့ လက်ထောက် ကပ္ပိယ ဦးဇော်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ ကပ္ပိယအဘကြီးတွေ အပြင်သွားနေကြလို့ သူက ပြီးခဲ့တဲ့တနင်္လာနေ့ မနက်က ဆွမ်းကပ်ရတယ်၊ ဆွမ်းဟင်းထဲ ခရမ်းချဉ်သီးနှင့်ငရုပ်သီးခြောက်အစေ့တွေ သုပ်ထားတာ တွေ့ရတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် ဆရာတော်က *'ကပ္ပိယံ ကရောဟိ'* လို့ မိန့်ပြီး ကပ္ပိယဦးဇော်က *'ကပ္ပိယံ ဘန္တေ'* လို့ လုပ်ရတော့မှာပေါ့နော် အရှင်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ ဒါပေမဲ့ ဖြစ်ပုံက ဒီလို သူက ခက်ရင်းသေးသေးကိုင်ပြီး ဆောင့်ကြောင့်ထိုင်လိုက်တယ်။ ဘုန်းကြီးကလည်း *"ကပ္ပိယံ ကရောဟိ" "အပ်စပ်အောင်ပြုပါ ကပ္ပိယဦးဇော်"* လို့ပြောမယ် လုပ်တုန်းသူက *"ကပ္ပိယံ ကရောဟိ"* လို့ အကျယ်ကြီးဆိုလိုက်ရော။

Dr. အောင်သူ ။ ။ ဘုန်းကြီး မိန့်ရမယ့် စကားကို ကပ္ပိယ ဆိုလိုက်တာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။

ဆရာတော် ။ ။ ဒါကြောင့် *"ဟေ့ ကပ္ပိယ ဘုန်းကြီးဆိုဖို့လည်း ချန်ပါဦး"* လို့ ပြောလိုက်ရတယ်။

## ၇။ ပညာဆင်းရဲ သဒ္ဓါမဲ့တဲ့သူရဲ့အလှူ

ဆရာတော် ။ ။ တစ်ခါတစ်ရံ သဒ္ဓါ တရားလည်းမရှိ ပညာကလည်းမဲ့တဲ့ ဒကာ၊ ဒကာမများရဲ့ မျက်ကန်း ယုံကြည်မှုကြောင့် ရဟန်းတော်များမှာ မကြာခဏ အခက်အခဲကြုံရတာတွေ ရှိတတ်တယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဘယ်လိုအခက်အခဲများ ပါလဲ၊ ကပ္ပိယ မရှိလို့ပါ လားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးတစ်ပါးပါးက ဆီးချိုရောဂါကြောင့် အချိုမတည့်ဘူး ဆိုပါစို့၊ ချောင်းဆိုးလို့ ရေခဲ အေးတာမျိုး မတည့်ဘူးဆိုပါစို့၊ ဒါကို မစူးစမ်း မဆင်ခြင်ဘဲ ဒကာက သဒ္ဓါလွန်ကဲပြီး မတဲ့တဲ့ ဖျော်ရည်ဗူးကို ရေခဲသေတ္တာထဲက ထုတ်ပြီး ဖန်ခွက်ထဲ ထည့်ကပ်တယ် ဆိုပါစို့။

Dr. အောင်သူ ။ ။ ကပ်တာကို မဘုဉ်းပေး လို့ မရဘူးလားဘုရား။

ဆရာတော် ။ ။ သူကပ်တာကို ဘုဉ်းပေး ဖို့ ဖန်ခွက်ကို ရှေ့တိုးတိုး ပေးနေတာ သက်န်းနဲ့တောင် ထိလို့နေပြီလေ။

Dr. အောင်သူ ။ ။ ဒါဆို ဘယ်လိုလုပ်ရ မလဲဘုရား။

ဆရာတော် ။ ။ သူငယ်ချင်းဘုန်းကြီး ကိုယ်တွေ့ထဲက ပြောရရင်တော့ ကပ်တဲ့ဒကာ ခဏအပြင်ထွက်သွားသခိုက် ဆရာတော်က စတိလေး တစ်ငုံသောက်လိုက်တယ်၊ ပြီးတော့ ကပ္ပိယကို သွက်သွက်ကလေး အပြတ်ရှင်းခိုင်းလိုက်ရသတဲ့။

Dr. အောင်သူ ။ ။ ကပ္ပိယ ဗိုက်ဝနေရင် ဘယ်လို လုပ်ရမလဲ ဘုရား။

ဆရာတော် ။ ။ ကပ္ပိယရဲ့ အရည်အချင်းများစွာထဲမှာ ဝမ်းမီးကောင်းရမယ်၊ ဘုန်းကြီးက '*ရော့ ဟော့ အဖိုးနော်*'လို့ မျက်ရိပ်ပြတာနဲ့ အကုန် အပြတ်ရှင်းနိုင်ရမယ်။

Dr. အောင်သူ ။ ။ ဖျော်ရည်ဒကာက သူ့ခွက်ထဲက ဖျော်ရည်တစ်စက်မကျန် ကုန်သွားတာတွေ့ရင် ပျော်မှာပေါ့နော်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဆရာတော်က ဒါယကာရဲ့ သဒ္ဓါတရားကို ထိန်းပေးနိုင်သလောက် ထိန်းသိမ်းပေးတော်မူတာ ဖြစ်မှာပါလေ။

Dr. အောင်သူ ။ ။ ဖျော်ရည်ဒကာလည်း အဆင်ပြေ၊ ကပ္ပိယလည်း အဆင်ပြေပါတယ်ဘုရား။

ဆရာတော် ။ ။ ဖျော်ရည်ဒကာနဲ့ ကပ္ပိယ တင် အဆင်ပြေတာ မဟုတ်ဘူး၊ ဘုန်းကြီးလည်း မတွဲ့တာ မဘုဉ်းပေး ရတော့ အဆင်ပြေပါတယ်။ သတိရလို့ ပြောပြဦး မယ်။ တစ်ခါက တောရကျောင်းမှာ သီတင်းသုံး တော်မူတဲ့ ဆရာတော်ကြီးအပါးမှာ ကပ္ပိယ တစ်ယောက်ရှိတယ်။

ဆရာတော် ။ ။ အသက်ကြီးကြီး ကပ္ပိယ လားဘုရား။

ဆရာတော် ။ ။ အသက်ကြီးပါပြီ။ ဆရာ တော်ကြီးကို ကြည်ညို တဲ့ ဒကာ၊ ဒကာမ တွေက ကောင်းပေ့ဆိုတဲ့ အစားအစာတွေ၊ မုန့်တွေ ကပ်ကြတယ်။ ဆရာ တော်ကြီးက ဘုဉ်းပေးခါနီးရင် *'အော်ဒုက္ခ၊ ဒုက္ခ ဘုဉ်းပေးရဦးတော့မယ်'* လို့ အမြဲတမ်း ငြီးငြီးငြူငြူ မိန့်တော်မူလေ့ ရှိသတဲ့။

Dr. အောင်သူ ။ ။ ကပ္ပိယကို မိန့်တာပါ လားဘုရား။

ဆရာတော် ။ ။ ကပ္ပိယ အပါအဝင် ဆွမ်း ဒကာ ဒကာမ တွေအားလုံးကိုပဲ မိန့်တော်မူတာနေမှာပါ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော် ဆွမ်းဘုဉ်း ပေးတော်မူတုန်း ကပ္ပိယ

ကြီး အနီးအနားမှာ ယပ်ခပ်ရင်း *'ဒီဒုက္ခမျိုးတော့ နေ့တိုင်း ကြုံလိုက်ချင်လှပါဘိ'* လို့ ပြောသတဲ့။

Dr. အောင်သူ ။ ။ အခုလည်း ဆရာတော်ကြီး မတဲ့လို့ ဖျော်ရည်ကို အမြန်ဆုံးနည်းနဲ့ အပြောင်ရှင်းလိုက်ရတဲ့ ကပ္ပိယကလည်း *'ဒီလိုမျိုးတော့ မကြာခဏ ကြုံချင်ပါသေး၏'* လို့ ပြောမယ် ထင်ပါတယ်ဘုရား။

## ၈။ ဆွမ်းကပ်ရာမှာ ကပ္ပိယရဲ့တာဝန် – ၁

M.A ကျောင်းသား ။ ။ တပည့်တော် ဒုလ္လဘရဟန်းဝတ်ပြီး သပိတ်နဲ့ဆွမ်းခံခဲ့ပြီး၊ သပိတ်နဲ့ပဲ ဆွမ်းဘုဉ်းပေးရတာကို ပျော်ပါတယ်ဘုရား။ ဒါပေမဲ့ စားပွဲနဲ့ဆွမ်းကပ်တဲ့အခါမှာ စားပွဲကို မ,ကြတယ်၊ တပည့်တော်လည်း စားပွဲစွန်းကိုင်ပြီး ဝိုင်းမ,ပေးလိုက်ပါတယ်။ အဲဒါဘာကြောင့် စားပွဲသေးသေးလေးကို လူတွေကော၊ ဘုန်းကြီးတွေပါ ဝိုင်း မ,ရတာပါလဲဘုရား။

ဆရာတော် ။ ။ စားပွဲ မ, ရတာကိုပဲ မောင်ကျောင်းသား သတိထားမိသကိုး။ ရဟန်းသံဃာတော်များကို ဆက်ကပ်လှူဒါန်းတဲ့အခါမှာ အင်္ဂါငါးပါးနဲ့ ပြည့်စုံရမယ်လေ။

M.A ကျောင်းသား ။ ။ မှန်ပါ အဲဒီအင်္ဂါတွေ ကိုလည်း တပည့်တော် ကပ္ပိယတစ်ယောက်အနေနဲ့ ပြည့်ပြည့်စုံစုံ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ နံပတ် (၁)က မိမိတို့ ဆက်ကပ်လိုတဲ့ဆွမ်း၊ ဆွမ်းဟင်းစတဲ့ ပစ္စည်းတွေကို အကပ်ခံမယ့် သံဃာတော်ထံကို နည်းနည်းလေးဖြစ်စေ ရှေ့ရှု ဆောင်ယူရမယ်။ ဒါတစ်ချက်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နံပတ် (၂)က အလှူ လက်ခံတော်မူမဲ့ ရဟန်း သံဃာတော်နဲ့ လှူမဲ့သူတို့က နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းကို ရောက်နေရမယ်။ ဒါက ဒုတိယနော်။

M.A ကျောင်းသား ။ ။ နှစ်တောင့် တစ်ထွာ ဆိုတာက ဘယ်လို အတိုင်းအထွာပါလဲဘုရား။

ဆရာတော် ။ ။ တစ်တောင်မှာ တစ် ပေခွဲရှိတယ်၊ နှစ်တောင် ဆိုတော့ သုံးပေဖြစ်ပါတယ်။ နှစ်ထွာမှာတစ်တောင် ရှိတော့ တစ်ထွာဆိုတာ ကိုးလက်မ ရှိရမယ်။ ဒါကြောင့် ပေနဲ့ပြောရင် သုံးပေနဲ့ကိုးလက်မအတွင်း ရောက်ရမယ်လို့ ဆိုလိုတာပါ။

M.A ကျောင်းသား ॥ ॥ ဒါဆိုရင် တော်တော်ဝေးဝေးက ကပ်လို့ ရပြီဘုရား။

ဆရာတော် ॥ ॥ မရဘူး။ တိုင်းနည်းရှိသေးတယ်။

M.A ကျောင်းသား ॥ ॥ ဒါကြောင့် ထင်တယ် ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်များက တစ်ခုခု သွားကပ်ရင် ရှေ့ကိုတိုး၊ ရှေ့ကိုတိုးလို့ မိန့်တော်မူတာ။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။

M.A ကျောင်းသား ॥ ॥ တိုင်းနည်းလည်းသိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဒကာရဲ့ပေးလှူတဲ့ လက်နှင့် ရဟန်းရဲ့ ခံယူတဲ့လက်မှတစ်ပါး အခြားသော ကိုယ်အင်္ဂါနဲ့ တိုင်းရင် ကြားထဲမှာ နှစ်တောင့်တစ်ထွာအတွင်းကို ရောက်ရမယ်၊ တစ်နည်းပြောရရင် သုံးပေနဲ့ကိုးလက်မအတွင်းကို ရောက်ရမယ်လို့ ဆိုလိုတာပါ။

M.A ကျောင်းသား ॥ ॥ ထိုင်နေတဲ့ ရဟန်းတော် ထံပါးကပ်တဲ့အခါမှာပါလားဘုရား။

ဆရာတော် ॥ ॥ ရဟန်းကထိုင်နေရင် တင်ပါးရဲ့ နောက်ဘက်အစွန်းကနေ တိုင်းရမယ်။ ရပ်နေရင် ဖနောင့်စွန်း

ကနေ တိုင်းရမယ်။ ကိုယ်တစ်စောင်း လှဲနေရင် စောင်းတဲ့ နံပါးအပြင်ဘက် အစွန်းကနေ တိုင်းရမယ်။

M.A ကျောင်းသား ။ ။ ဆက်ကပ်လှူဒါန်းတဲ့ သူရဲ့ အကွာအဝေးကို ဘယ်လိုတိုင်းရတာပါလဲဘုရား။

ဆရာတော် ။ ။ တိုင်းနည်းက ရဟန်းရဲ့ လှမ်းယူတဲ့ လက်မှတစ်ပါးအဦးဆုံး ကိုယ်အင်္ဂါရဲ့ နောက်ဘက်စွန်းကနေ တိုင်းရမယ်နော်။ ကပ်တဲ့သူအတွက်ကျတော့ လှမ်းပြီး ပေးတဲ့လက်မှအပ အခြားသော အဦးဆုံး အင်္ဂါရဲ့ ဒီဘက် အစွန်းကနေ တိုင်းတာရပါတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် ရဟန်းရဲ့တင်ပါးနောက်အစွန်းကနေ တိုင်းရင် တစ်တောင်လောက်ရှိနေပြီ ဘုရား။ အလှူရှင်ရဲ့လက်မှအပ ခန္ဓာကိုယ်ကနေတိုင်းရင် တစ်တောင်လောက်ပဲရှိတော့မယ်။ ဒါကြောင့် ဆရာတော်ကြီးများက ရှေ့တိုးကပ်၊ ရှေ့တိုးကပ်လို့ မိန့်တော်မူကို သိပါပြီဘုရား။ စားပွဲ မ, တာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်ကို ရှင်းပြရင်း ကြာသွားတယ်။ အခုနံပတ် (၃)ကို ဆက်ပြောမယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ကပ်မယ့်ဆွမ်း၊ ဆွမ်းဟင်းစတဲ့ ပစ္စည်းကို ထည့်ထားတဲ့ လင်ပန်း၊ ပန်ကန်၊ ဇလုံ၊ အိုး၊ သပိတ် ဖြစ်ချင်ဖြစ်မယ်၊ နို့မဟုတ်ရင်လည်း တင်ထားတဲ့ စားပွဲခုံ ဖြစ်ချင်ဖြစ်မယ်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အဲဒါကို အားအလယ်အလတ်ရှိတဲ့ယောကျ်ား တစ်ယောက်က မြှောက်နိုင်၊ချီနိုင်တဲ့ အတိုင်းအတာဖြစ်ရမယ်။ ဒါက တတိယအင်္ဂါပါ။

M.A ကျောင်းသား ။ ။ တပည့်တော်တို့အရွယ် အမျိုးသားလေးယောက်နဲ့ ရဟန်းတစ်ပါး စုပေါင်းပြီး မ, ကပ်နိုင်ရင် ရပြီလားဘုရား။

ဆရာတော် ။ ။ ဘယ့်နှယ် ရဟန်းကဝိုင်းမ, ရမလဲမောင်ကျောင်းသားရယ်။ အားအလယ်အလတ် ရှိတဲ့ 'ထာမမဇ္ဈိမ' ယောကျ်ားက မ, နိုင်တဲ့ ပမာဏကို ပြောတာပါကွယ်။

M.A ကျောင်းသား ။ ။ ယောကျ်ားတစ်ယောက်ထဲက နိုင်လောက်တဲ့ အတိုင်းအတာ ဖြစ်ရမှာပါလားဘုရား။

ဆရာတော် ။ ။ အတိုင်းအတာ၊ ပမာဏကအဲ့သလောက်ပဲ ဖြစ်

ရမယ်။ ရဟန်းက ဝိုင်းဝန်း မ,ရတာ မဟုတ်ဘူး၊ ဒကာတွေ ရွေးရှုယူလာတဲ့ လှူဘွယ်ပစ္စည်းကို ခံယူတာ။ တစ်နည်းပြောရရင် လက်ခံတာ၊ နောက်တစ်နည်းပြောရရင် အလှူခံတာပါ။

M.A ကျောင်းသား ။ ။ တပည့်တော်ထင်တာက စားပွဲကြီး လေးနေလို့ ဘုန်းကြီးကလည်း ဝိုင်းဝန်းကူညီတဲ့အနေနဲ့ မ,ပေးတယ်မှတ်တာပါဘုရား။ အခုသဘောပေါက်ပါပြီ ဘုရား။

M.A ကျောင်းသား ။ ။ ဒါဆိုရင် ရဟန်းခုနစ်ပါး ဘုဉ်းပေးနိုင်တဲ့ စားပွဲဝိုင်းပေါ်မှာ ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲတွေ အပြည့်တင်ပြီးတော့ ကပ်ရင် အကပ်မြောက်တဲ့အင်္ဂါနဲ့ မညီညွတ်ဘူးလားဘုရား။

ဆရာတော် ။ ။ မညီညွတ်ဘူး၊ အကပ်မမြောက်ဘူး။

M.A ကျောင်းသား ။ ။ ဒါဆိုရင် ဆွမ်းဝိုင်းကြီးရင် ဘယ်လိုများ လုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ လုပ်နည်းရှိပါတယ်။

M.A ကျောင်းသား ။ ။ အဲဒီလုပ်နည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ဆွမ်းစားပွဲပေါ်က ဆွမ်းပန်းကန်၊ ဟင်းပန်းကန်

တွေအားလုံးကို တစ်ခုချင်း၊ တစ်ခုချင်းကို အကပ်ခံရပါတယ်။

M.A ကျောင်းသား ။ ။ တပည့်တော် သတိရပြီဘုရား၊ သံဃာ့အစည်းအဝေးကြီးတစ်ခုမှာ ဆရာတော်ကြီးတစ်ပါးက စားပွဲနဲ့လည်း အကပ်ခံတော်မူတယ်။ ပြီးတော့ ပန်းကန် တစ်ခုခြင်းစီလည်း တပည့်တော်တို့က ထပ်ကပ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ စားပွဲကြီးနေလို့ သံသယရှိတာနဲ့ ဆရာတော်ကြီး ပြန်အကပ်ခံတာပါ။ ဒါအကပ်ခံတဲ့ တတိယအင်္ဂါ အရ လုပ်နည်းအမှန်ပါပဲ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ အခုမှ သဘောပေါက်ပါတော့တယ်ဘုရား။

ဆရာတော် ။ ။ အခုနံပတ် (၄)နဲ့ (၅)ကို တစ်ပေါင်းထဲပဲ ပြောပြမယ်နော်။

M.A ကျောင်းသား ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ဆက်ကပ်လှူဒါန်းတဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်အင်္ဂါနဲ့ ပေးလှူ ဆက်ကပ်မဲ့ တစ်နည်း နားလည်လွယ်အောင်ပြောရရင် လက်နဲ့ဖြစ်စေ၊ သပိတ်၊ ပန်းကန်၊ ခွက်စတာနဲ့ ပေးလှူ ဆက်ကပ်တာပါပဲ။

M.A ကျောင်းသား ။ ။ သပိတ်ထဲကိုထည့်ပြီး သပိတ်လိုက် ကပ်မှ ရတာလား၊ သပိတ်ထဲ ဆွမ်းလောင်းရင်ကော ရတယ် မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ရပါတယ်။ ရပါတယ်။ သပိတ်ထဲ လောင်းရင်လည်းရတယ်၊ သစ်သီးမုန့်ထုပ်တွေကို ရဟန်းရဲ့ လက်ထဲထည့်ပြီး လှူရင်လည်းရတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အခုခံယူတဲ့ဘက်က ပြောမယ်နော်။

M.A ကျောင်းသား ။ ။ နောက်ဆုံး အကပ် မြောက်အင်္ဂါပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အလှူရှင်က လက်နဲ့ဖြစ်ဖြစ်၊ ပန်းကန်နဲ့ဖြစ်ဖြစ်၊ သပိတ်နဲ့ဖြစ်ဖြစ် လှူဒါန်းတာကို အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ရဟန်းကလည်း လက်နဲ့ ဖြစ်စေ၊ ပန်းကန်နဲ့ဖြစ်စေ၊ သပိတ်ထဲဖြစ်စေ ခံယူတာသည်ပင် ပဥ္စမမြောက် အကပ်မြောက်တဲ့ အင်္ဂါဖြစ်ပါတယ်။ အခုလို အင်္ဂါငါးပါးပြည့်စုံရင် အကပ်မြောက်ပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှတ်သားလိုက်နာပါ့ မယ်ဘုရား။

## ၉။ ဆွမ်းကပ်ရာမှာ ကပ္ပိယရဲ့တာဝန် – ၂

M.A ကျောင်းသား ။ ။ တပည့်တော်တို့ အကပ်မြောက်တဲ့ အင်္ဂါကို ပြည့်ပြည့်စုံစုံ သိရပါပြီဘုရား။ အကပ်မြောက်သလို အကပ်ပျက်တဲ့အကြောင်းများရှိရင်လည်း သိချင်ပါသေးတယ်။

ဆရာတော် ။ ။ အကပ်မြောက်တဲ့အင်္ဂါ ငါးပါးရှိပြီး၊ အကပ်ပျက်တဲ့အင်္ဂါက ခြောက်ပါးရှိပါတယ်။

M.A ကျောင်းသား ။ ။ တစ်ပါးတိုးလာတယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ၁။ သိက္ခာချပြီးလူထွက်သွားရင် အကပ်ပျက်ပါပြီ။ ဒါကပထမတစ်ခု။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ၂။ သူခိုးဓားပြတွေက အနိုင်ကျင့်ပြီးလုယူတာဖြစ်စေ၊ ခိုးခံရလို့ပဲဖြစ်စေ သူတို့လက်ထဲ ရောက်သွားရင် သူတို့ပိုင်ပစ္စည်း ဖြစ်သွားပြီ။ အကပ်ပျက်သွားပြီ။

M.A ကျောင်းသား ။ ။ အကယ်၍ သူခိုးတွေက စိတ်ကောင်းဝင်ပြီး ပြန်လာထားရင် ဘုဉ်းပေးလို့ ရသလားဘုရား။

ဆရာတော် ။ ။ မရဘူး။ ပြန်ပြီးအကပ်ခံပြီးတော့မှ သာ ရဟန်းက သုံးဆောင်ကောင်းပါတယ်၊ ဆက်ပြောပြမယ်နော်။ တတိယအင်္ဂါက ပျံ့လွန်ရင် အကပ်ပျက်ပါပြီ။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက်စတုတ္ထက ရဟန်းတစ်ပါး ယောက်ျားအဖြစ်ကနေ ရဟန်းမိန်းမအဖြစ်ကို လိင်ပြောင်းသွားရင်လည်း အကပ်ပျက်ပါတယ်။

M.A ကျောင်းသား ။ ။ သိပ်တိကျတဲ့ ဥပဒေပါပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ တိကျပါတယ်။ နောက်ပဥ္စမအင်္ဂါက စွန့်တာကို လက်ခံမယ့်ပုဂ္ဂိုလ်က အနားမှာ မရှိသော်လည်း ရဟန်းက မိမိဘာသာ 'မစားတော့ဘူး၊ တော်ပြီ၊ တန်ပြီ'လို့ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ စွန့်လွှတ်လိုက်ရင်လည်း အကပ်ပျက်ပါပြီ။

M.A ကျောင်းသား ။ ။ တိကျလိုက်တာဘုရား။ နောက်ဆုံး တစ်ခုကျန်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ နောက်ဆုံးတစ်ခု လူကိုဖြစ်ဖြစ်၊

သာမဏေကိုဖြစ်ဖြစ် စိတ်ထဲမှာ အာလယပြုတ်ပေးစွန့်ရင်လည်း အကပ်ပျက်ပါပြီ ကျောင်းသား။

M.A ကျောင်းသား ။ ။ ဘုရားဥပဒေတော်ကြီးက အလွန် ကြည်ညို စရာပါဘုရား။ မှတ်သား လိုက်နာပါ့မယ်ဘုရား။

## နဝကမ္မနှင့် ကပ္ပိယ၏ အခန်းကဏ္ဍများ

## ၁။ ဗုဒ္ဓဘာသာဝင်တိုင်း လူတွေနဲ့ဆိုင်တဲ့ ရဟန်းဝိနည်း သိသင့်ပြီ

Dr. အောင်သူ ။ ။ ငွေကို ရေလိုသုံးနေတဲ့ ဒီခေတ်မှာ ရွှေလည်းမကိုင်၊ ငွေလည်းမကိုင်၊ ကပ္ပိယလည်းမရှိဘဲ ခရီးကြွတော်မူတဲ့ သံဃာတော်များမှာ အခက်အခဲတော်တော်များမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ခက်ခဲပါတယ်။အထူးအားဖြင့် ပစ္စည်းလေးပါးအလှူခံဖို့ လျှောက်ထားတဲ့ ဒါယကာလည်း မရှိဘူးဆိုရင် ပိုလို့ ခက်ခဲတတ်ပါတယ်။

Dr. အောင်သူ ။ ။ ငွေလည်းမကိုင်၊ ကပ္ပိယလည်းမရှိရင် ခရီးမသွားရတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဘုရားရှင်ပေးတော်မူထားတဲ့ နည်းစနစ်တွေ ရှိပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဘယ်လိုနည်းများ ရှိတာပါလဲဘုရား။

ဆရာတော် ။ ။ ညနေပိုင်း အချိန်မှာ သက်န်းရုံ၊ သပိတ်ပိုက်ပြီး အိမ်ရှေ့၊ အိမ်ရှေ့မှာ ဆွမ်းခံသလို ရပ်ရပါတယ်။ ဒါယကာတွေက ဆွမ်းဖြစ်စေ၊ ဆွမ်းဆန်ဖြစ်စေ လောင်းလာရင် *"ဆွမ်းအလိုမရှိပါ" "ဆွမ်းဆန်အလိုမရှိပါ"*လို့ မိန့်ရတယ်။

Dr. အောင်သူ ။ ။ အကယ်၍ ငွေစက္ကူ လောင်းလှူရင်ကော ဘုရား။

ဆရာတော် ။ ။ *"ရဟန်းနှင့်ငွေ မအပ်စပ်တဲ့အတွက် ငွေကိုအလှူမခံပါ"*လို့ ပြောရတယ်။ အဲဒီကျမှ ဒါယကာတစ်ယောက်ယောက်က *"ဆွမ်းလည်း အလှူမခံ၊ ဆွမ်းဆန်လည်း အလှူမခံ၊ ငွေလည်းအလှူမခံရင် အရှင်ဘုရားမှာ ဘာများ အလိုရှိပါသလဲ"* လို့ မေးလျှောက်လာရင်တော့ *"ပဲခူးကြွဖို့ ကားလက်မှတ်တစ်စောင် အလိုရှိပါတယ်"* သို့မဟုတ် *"တောင်ငူသွားဖို့ ရထားလက်မှတ်တစ်စောင် အလိုရှိပါတယ်"* စသည်ဖြင့် အလိုရှိရာ မိန့်လို့ရပါပြီ။

Dr. အောင်သူ ။ ။ အဲဒီဒါယကာက *"တပည့်တော် ရထားလက်မှတ်၊ ကားလက်မှတ် သွားဝယ်ဖို့ မအားလို့ လက်မှတ်တန်ဖိုး ငွေပဲလှူပါရစေ"*လို့ လျှောက်ထားရင် ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ *"ငွေကိုအလိုမရှိပါ။ လက်မှတ်ပဲ အလိုရှိပါတယ်"*လို့ မိန့်ကြားရပါတယ်။

Dr. အောင်သူ ။ ။ အခုလိုအလိုက်တသိ *"ဘာလိုအပ်ပါသလဲဘုရား"*လို့ မေးလျှောက်တဲ့ဒကာ တွေ့ဖို့ လွယ်ပါ့မလားဘုရား။

ဆရာတော် ။ ။ သာသနာဆုတ်ယုတ်နေတဲ့ ဒီနေ့ခေတ်မှာ လွယ်လွယ်တော့ မဟုတ်ဘူးပေါ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ အခက်ခဲကြီးလိမ့်မယ်ဘုရား။

ဆရာတော် ။ ။ ဝိနည်းလေးစားတော်မူတဲ့ ထေရ်အရှင်တစ်ပါး မန္တလေးပြန်ကြွဖို့ မြစ်ကြီးနားဘူတာမှာ သက်န်းရုံသပိတ်ပိုက်ပြီး ရပ်တော်မူတဲ့ သာဓကတစ်ခုကို ပြောပြဦးမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ။ ။ အဲဒီမှာ လူတစ်ယောက် ကလာပြီး ဘုန်းကြီးကို အကဲခတ်တယ်၊ ပြီးမှ သူ့အိတ်ထဲကနေ ငွေစက္ကူ နည်းနည်းထုတ်ပြီး သပိတ်ဖုံးပေါ်ကို တင်ပေးလိုက်တယ်။

Dr. အောင်သူ ။ ။ ဆရာတော် လက်ခံလို့မှ မရတာဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်က *"ဘုန်းကြီး ငွေကို အလိုမရှိပါ ဒကာကြီး"* လို့ မိန့်လိုက်တယ်။ ဒါယကာကလည်း *"ဒါဆိုရင် အရှင်ဘုရား ဘာ အလိုရှိပါသလဲဘုရား"* လို့ မေးလျှောက်လာတယ်၊ မထေရ်မြတ်ကလည်း စိတ်အားထက်သန်လာတယ်။ ဘာကြောင့်လဲဆိုရင် တစ်ပတ်လောက်ရှိပြီ ယခုလို မေးမြန်း လျှောက်ထားမယ့် ဒါယကာကို အခုမှ ပထမဦးဆုံး တွေ့ရတဲ့အတွက်ပါပဲ။ ဒါကြောင့် ထေရ်ရှင်က ဒါယကာကို *"မန္တလေးကို ကြွဖို့ရာ ရထားလက်မှတ်တစ်စောင် အလိုရှိပါတယ်"* လို့ မိန့်တော်မူလိုက်ပါတယ်။

Dr. အောင်သူ ။ ။ လက်မှတ်လှူပါသလား ဘုရား။

ဆရာတော် ။ ။ ဒါယကာက သူ့ရဲ့ညာဘက်လက်ထဲက ငွေစက္ကူကို အကျႌအိတ်ထဲ ပြန်ထည့်ရင်း "ရထား

*လက်မှတ်ဖိုးက နည်းမှတ်လို့ ကိုယ်တော်”လို့* တုန့်ပြန်လျှောက်ထားပြီး သုန်သုန်မှုန်မှုန်နဲ့ လှည့်ထွက်သွားပါတယ်။

Dr. အောင်သူ ။ ။ ဗုဒ္ဓဘာသာဝင်တိုင်း လူတွေနှင့်ဆိုင်တဲ့ ရဟန်းဝိနည်းကို နည်းနည်းဖြစ်ဖြစ် သိနားလည်လာမှပဲ ဝိနည်းလေးစားတော်မူတဲ့ သံဃာတော်များကို ကြည်ညိုတတ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဒကာကြီး။

## ၂။ ကပ္ပိယမလိမ္မာတဲ့အတွက် ရဟန်းဘဝ အခက်အခဲ

Dr. အောင်သူ ။ ။ ကပ္ပိယက သူ့လက်ထဲမှာအပ်ထားတဲ့ နဝကမ္မစာရင်းကို လိမ်ပြခဲ့ရင် ဘုရားရှင်ဥပဒေတော်နဲ့ ဘာလုပ်လို့ ရပါသလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး အတွေ့အကြုံပဲပြောပြမယ်လေ။

Dr. အောင်သူ ။ ။ အရှင်ဘုရားမှာလည်း ခါးသီးတဲ့ အတွေ့အကြုံကများသားနော်။

ဆရာတော် ။ ။ သူတော်ကောင်း ဖြစ်ချင်တယ်လေ။

Dr. အောင်သူ ။ ။ ဒါတွေကို အောင်မြင်အောင်ကျော်ဖြတ်မှ သူတော်ကောင်း ဖြစ်မှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဘုန်းကြီးတောရကျောင်း တစ်ကျောင်းမှာ နေခဲ့ဖူးတုန်းက ကျန်းမာရေး မပြည့်စုံဘူး။ ဒါကြောင့် ဒကာ ဒကာမတွေက ဆေးဝါးခတ်ဆာအတွက် နဝကမ္မဝတ္ထုတွေကို ကပ္ပိယထံ အပ်အပ်စပ်စပ်အပ်နှံပြီး လိုအပ်တဲ့ဆေးဝါး၊ ခတ်စာတွေ အလှူခံဖို့ လျှောက်ထားကြတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယကလည်း သူ့ထံကအလှူခံဖို့ လျှောက်ထားပါသလားဘုရား။

ဆရာတော် ။ ။ လျှောက်တယ်။ လျှောက်တယ်။ ပြည့်ပြည့် စုံစုံ လျှောက်တယ်။ လိုတာ အလှူခံရင်လည်း လှူဒါန်းခဲ့ပါတယ်။ လေး၊ ငါးလကြာတော့ မြို့က ဒကာ ဒကာမတွေ ကျောင်းကို လာကြတယ်။ သူတို့က ဘုန်းကြီးကပ္ပိယကိုလည်း ရင်းနှီးကြပါတယ်။

Dr. အောင်သူ ။ ။ သူတို့ ဘာလာလုပ်တာပါလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးဖူးရင်း၊ လိုအပ်တာတွေလည်း လှူဒါန်းရင်းလာကြတာပါ။ ညနေပြန်ခါနီး လာကန်တော့တဲ့

အခါမှာ ကပ္ပိယရဲ့ငွေစာရင်း မကိုက်ဘူးဆိုပြီး မျက်နှာမသာမယာနဲ့ လျှောက်ကြတယ်။

Dr. အောင်သူ ။ ။ ဘယ်လို မကိုက်တာတဲ့လဲဘုရား။

ဆရာတော် ။ ။ ကပ္ပိယက မြို့ကိုလာရင် ဒကာ ဒကာမ တွေက ဘုန်းကြီးအတွက် ဘာလိုသေးသလဲလို့ မေးပြီး အမြဲ လှူဒါန်းခဲ့ပါတယ်တဲ့။

Dr. အောင်သူ ။ ။ ကပ္ပိယကို မြို့က ဒကာကြီးတွေက ဘာတွေ လှူတာလဲဘုရား။

ဆရာတော် ။ ။ မေ့ကုန်ပါပြီ၊ သူတို့ ပြောတာ သတိရတာလေးကတော့ စာရေးဖို့ဘောလ်ပဲန်ရယ်၊ စာရေးစက္ကူရယ်၊ ဂလူးကိုစ်ဆေးရယ် တပည့်တော်မတို့ ဝယ်လှူလိုက်တာ ကပ္ပိယက သူဝယ်တဲ့ ပစ္စည်းစာရင်းထဲ ထည့်ထားတယ်။ ဟင်းချိုမှုန့် ပေါင်ထုတ်တဲ့ ဒါက ဆရာတော်မှ မဘုဉ်းတာ၊ မုန့်ပုံးတဲ့၊ အဲဒါ တပည့်တော်သူငယ်ချင်း မုန့်တစ်ပုံး လှူတာကို သူ့စာရင်းမှာ အဝယ်ပြထားတယ်ဘုရား။ ငွေကလည်း တစ်ရာ့ငါးဆယ်ကျပ်ပဲ ကျန်တယ်ဆိုပြီး ပြပါတယ်ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးမှာ ဘာစာရင်း မှတ်တမ်းမှ မရှိပါဘူး။

ရေတွက်မှတ်သားပြီးလည်း မထားပါဘူး။ ဒါကြောင့် ဘုန်းကြီးအဖို့ စာရင်းကလိုတာလည်း မရှိပါဘူး။ ပိုတာလည်း မရှိပါဘူး၊ အခု ကပ္ပိယ လက်ထဲရှိတာနဲ့ပဲ စာရင်းအသစ် ဖွင့်ပေးလိုက်ပါလို့ ပြောလိုက်ပါတယ်။

Dr. အောင်သူ ॥ ॥ အဲဒါနဲ့ပဲ ပြီးပြီလားဘုရား။

ဆရာတော် ॥ ॥ ပြီးပါပြီ ဒကာကြီး။

Dr. အောင်သူ ॥ ॥ ဘုန်းဘုန်းဖြေရှင်းနည်းက တပည့်တော်တို့ ဖြေရှင်းနည်းနဲ့လည်း မတူဘူး။

## ၃။ ငွေကို မြေပမာ ရှုံ့ရှာတော်မူတဲ့ နဘူးကျောင်းဆရာတော်

Dr. အောင်သူ ॥ ॥ ရဟန်းဘဝမှာ ရာသက်ပန်ငွေမကိုင်ဘဲ နေလို့ ရနိုင်ပါ့မလားဘုရား။

ဆရာတော် ॥ ॥ ဖြစ်နိုင်ပါတယ်။ ကျေးဇူးတော်ရှင် နဘူးကျောင်း ဆရာတော်ကြီးက *"ကပ္ပိယကာရကစီမှာ နဝကမ္မဝတ္ထု သိမ်းဆည်းစေပြီး အပ်စပ်တဲ့ပစ္စည်း တောင်းခံတာဟာ ဝိနည်းအပြစ်၊ သိက္ခာပုဒ်အပြစ်ကနေ လွတ်ပါတယ်။ သို့သော် 'ငါပိုင် နဝကမ္မဝတ္ထုငွေ*

*ကပ္ပိယကာရကစီမှာ ဘယ်ရွေ့ဘယ်မျှ ရှိတယ်' ဆိုတဲ့စိတ် ရောက်နေရင်ကိုပဲ ကိလေသာအဖြစ် ဖြစ်နေတယ်"* လို့ ဆရာတော်ကြီးမှာ အကြံဖြစ်တော်မူသတဲ့။

Dr. အောင်သူ ။ ။ ဒါနဲ့ ဆရာတော်ကြီး ဘာများ ဆောင်ရွက်တော်မူပါသလဲဘုရား။

ဆရာတော် ။ ။ ငွေကို လက်ခံထိန်းသိမ်းပေးမယ့် ကပ္ပိယကာရကကိုပါ မငဲ့မကွက် အာလယပြတ် စွန့်လွှတ်တော်မူလိုက်ပြီး မြန်မာနိုင်ငံမှာ ငွေတစ်ပြား၊ တစ်ချပ်မှမရှိတဲ့ စာချဘုန်းကြီးဘဝကို ရောက်တော်မူပါတယ်။

Dr. အောင်သူ ။ ။ သာဓု၊ သာဓု၊ သာဓုပါဘုရား။ စာချဘုန်းကြီးဘဝမှာပဲ စွန့်တော်မူတာလား၊ ရာသက်ပန် စွန့်တော်မူတာလားဘုရား။

ဆရာတော် ။ ။ လွန်တော်မူသည့်တိုင် ဒီမူအတိုင်းပဲ ကျင့်သုံးတော်မူခဲ့ပါတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယလက်ထဲမှာ ငွေလက်ကျန် မရှိတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ကျန်သေးတယ်တဲ့။

Dr. အောင်သူ ။ ။ ဆရာတော်ကြီးက အဲဒါကို ဘယ်လိုများ စီမံတော်မူပါသလဲဘုရား။

ဆရာတော် ။ ။ နဝကမ္မစောင့်ရှောက်တဲ့ ကျောင်းသားကို ခေါ်ပြီး ရှိသမျှပိုက်ဆံအကုန်နဲ့ တန်တဲ့ အင်္ကျီ ပုဆိုးတွေ ဝယ်လာပါ၊ ပြီးရင် အဲဒါတွေဝတ်ပြီး ဘုန်းကြီးကို လာပြပါလို့ မိန့်တော်မူလိုက်သတဲ့။

Dr. အောင်သူ ။ ။ ဝယ်လိုက်သလားဘုရား။

ဆရာတော် ။ ။ ကျောင်းသားက ဝမ်းသာလွန်းလို့ ချက်ခြင်း ဈေးပြေးပြီး ပုဆိုးတွေ၊ အင်္ကျီတွေ ဝယ်လာပြီး ဝတ်ပြတယ်လို့ ဆရာတော်မိန့်ဖူးတယ်။ အဲဒီ အချိန်ကစပြီး လွန်တော်မူသည့်တိုင် ဆရာတော် ပိုင်ဆိုင်တဲ့ နဝကမ္မဝတ္ထုငွေ မရှိတော့ပါဘူး။

Dr. အောင်သူ ။ ။ ငွေစက္ကူကို ထိရင်ကို အာပတ်သင့်တာပါလားဘုရား။

ဆရာတော် ။ ။ သင့်တယ် ဒကာကြီး၊ ဒါကြောင့် နဘူးကျောင်း ဆရာတော်ကြီးထံပါး စာအုပ်လှူရင်ဖွင့်ပြီး မဖတ်သေးဘဲ စာအုပ်ကို ထက်အောက် လှန်လှော်ရုံမကဖောက်ထိုးထားပြီး ခါချတော်မူလေ့ ရှိပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုအကြောင်း ရှိလို့ပါလဲဘုရား။

ဆရာတော် ။ ။ စာအုပ်ဝယ်ရင် ဆိုင်က အမ်းတဲ့ ငွေစက္ကူကို စာအုပ်ကြားထဲ ထည့်တတ်တယ်။ ဒါကြောင့် ဆရာတော်ကြီးက ငွေစက္ကူပါလာလို့ ထိမိ၊ ကိုင်မိရင် ဒုက္ကဋ်အာပတ်သင့်မှာ စိုးလို့ပါဒကာကြီး။

Dr. အောင်သူ ။ ။ ငွေကို မထိမိ၊ မကိုင်မိအောင်၊ အလွန် ဆင်ခြင်တော်မူတာပဲဘုရား။

ဆရာတော် ။ ။ ဒါတင် ဘယ်ကမလဲ နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်ဆက်ကပ်ဖို့ လျှောက်တယ်၊ ဆရာတော်ကြီးက ဘွဲ့တံဆိပ်လက်ခံလိုက်ရင် ဆွမ်းဆန်တော်စရိတ်ဆိုပြီး နှစ်စဉ် ငွေလှူလိမ့်မယ်၊ စာချဘုန်းကြီးဘဝကစပြီး ငွေအလှူမခံ စွန့်လွှတ်ခဲ့ပြီးဖြစ်လို့ ဘွဲ့တံဆိပ် အလှူမခံလိုကြောင်း ငြင်းပယ်တော်မူပါတယ်။

Dr. အောင်သူ ။ ။ နိုင်ငံတော်ကပေးတဲ့ ဘွဲ့တံဆိပ်ကို လူရော၊ ရဟန်းပါ လိုချင်လိုက်တာ အလွန်ပါပဲဘုရား။ ဆက်ကပ်လာမယ့် ဘွဲ့တံဆိပ်ကို ငြင်းပယ်တာကို

အခုမှပဲ ကြားဖူးတော့တယ်၊ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးဘွဲ့တံဆိပ်ပယ်တဲ့ ကိစ္စကို စာရေးဆရာ ဓမ္မာစရိယဦးဌေးလှိုင်က ကြားသိသွားတဲ့အခါ ပြောလိုက်တဲ့စကားကလည်း အလွန်မှတ်သားစရာ ကောင်းလှပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုများ ပြောပါသလဲဘုရား။

ဆရာတော် ။ ။*"ဆရာတော်ကြီး ဘွဲ့တံဆိပ်လက်မခံကြောင်း သိရလို့ အလွန်ကြည်ညိုပါတယ်၊ ဒီနေ့ကစပြီး ဆရာတော်ကြီး ရှိရာအရပ်ကို ရည်မှန်းပြီး မပျက်မကွက် ရှိခိုးပါ့မယ်၊ အသားအတိုင်းပဲ ကောင်းပါတယ်ဗျာ၊ အရောင်ဆိုးပြီး မကိုးကွယ်ချင်ကြပါနဲ့"* တဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ သာဓု၊ သာဓု၊ သာဓုပါဘုရား။

---

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၂၄၄)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်
* ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၄၄)
* သိမ်းဆောင် (ရမည်းသင်း)၏ နဘူးကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိသရ မထေရ်မြတ်၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး (၂၀၁၁-ခု) ပထမအကြိမ် (နှာ-၂၅၀)

## ၄။ ရဟန်းတော်များ သံသယရှိရင် အရိပ်တောင်မနင်းပါ

Dr. အောင်သူ ။ ။ ဝိနည်းဆောင် ဆရာတော်ကြီးများက စေတီတော်ရဲ့အရိပ်ကို ရှောင်တော်မူတယ်လို့ ကြားဖူးတယ်။ ဘာ့ကြောင့်ပါလဲဘုရား။ ဆွမ်းခံကြွတော်မူတဲ့ သံဃာတော်များရဲ့ အရိပ်ကို မနင်းမိအောင် ရှောင်တာလိုမျိုးပါလားဘုရား။

ဆရာတော် ။ ။ သံဃအရိပ် မနင်းတာကတော့ဂရုဂါရဝအနေနဲ့ မနင်းကြတာပါ။ ဆရာတော်များ စေတီအရိပ် မနင်းဘူးဆိုတဲ့စကားက ဒကာကြီး ဘယ်ကကြားလာတာလဲ မသိဘူး။ ဒါဝိနည်းဆိုင်ရာ နက်နဲတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ တပည့်တော် စာစောင်တစ်ခုမှာ အမှတ်မထင် ဖတ်မိတာပါဘုရား။ စာစောင်မှာတော့ ဝိနည်းဆိုင်ရာ ဘာမှမရေးထားပါဘုရား။

ဆရာတော် ။ ။ ရဟန်းတစ်ပါးအနေနဲ့ ရွှေတွေ၊ ငွေတွေ ကိုယ်တိုင် မအပ်မစပ် အလှူခံပြီးတော့ ဆောက်လုပ်ထားတဲ့ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ စေတီများရဲ့

မွန်းတည့်အရိပ်ကိုတောင် ရဟန်းကောင်းတို့ မခို ကောင်းဘူးလို့ ဇောတိရာမဆရာတော်ကြီးက တပည့်တွေကို မိန့်တော်မူဖူးတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။ နက်နဲ လွန်းလှပါတယ်ဘုရား၊ တပည့်တော်ကပ္ပိယ တစ်ယောက်အနေနဲ့ သိဖို့ လိုပါတယ်ဘုရား။

ဆရာတော် ။ ။ သို့သော် တစ်ပါးသော ဆရာမြတ်များက "*မအပ် မစပ် တည်ထားဆောက်လုပ်သူတို့သာ အာပတ် သင့်သည်၊ ရှိခိုးသူက အာပတ်လွတ်သည်*"လို့ မိန့်တော်မူပါတယ်။ အချို့ဆရာမြတ်များက စေတီ ရင်ပြင်ပေါ် မတက်တော့ဘဲ အရိပ်လွတ်ရာ အဝေး ကနေပဲ စေတီတော်မြတ်ကြီးကို ရှိခိုးလေ့ ရှိကြ ပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ မှတ်သား ထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သတိရလို့ တဆက်တည်း ပြောပြလိုက်ရဦးမယ်၊ တတိယ နံမော်ဆရာတော်ဘုရားကြီးရဲ့ ဆရာ ဖြစ်တော်မူတဲ့ ဆရာတော်ကြီး အရှင်သာရဓမ္မ အကြောင်းပါ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ဆရာတော်ဘုရားကြီးက သက်န်းချုပ်ဖို့ ပိတ်စနဲ့ စာရေးဖို့ ပေရွက်တွေ လိုအပ်နေတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယ မရှိဘူးလား ဘုရား။

ဆရာတော် ။ ။ ကပ္ပိယ အနားမှာမရှိဘဲ ရွာမှာ ရှိဟန်တူတယ်။

ဒါကြောင့် တပည့်ရဟန်းကို လွှတ်ပြီး ကပ္ပိယက တစ်ဆင့် ပိတ်စနဲ့ပေရွက်ကို မှာလိုက်တယ်။

Dr. အောင်သူ ။ ။ ကပ္ပိယက ဝယ်မပေးဘူး လားဘုရား။

ဆရာတော် ။ ။ ရှာဝယ်ပေးတယ်။ ပစ္စည်း လည်းရောက်လာတယ်။

ဒါပေမဲ့ ဈေးစကားတွေပြောတဲ့အခါမှာ ဆရာတော်ကြီးလွှတ်လိုက်တဲ့ တပည့်ရဟန်းက ဈေးဆစ်လိုက်တယ်ဆိုတာ သိတော်မူလို့ သက်န်းချုပ်မယ့် ပိတ်စရော၊ ပေရွက်ပါ စွန့်ခိုင်းတော်မူပါတယ်။

Dr. အောင်သူ ။ ။ သာသနာတော်မှာ သီလကို အလွှန်ပင်စင်ကြယ် အောင်နေတော်မူတာ ကြည်ညိုမဆုံးပါဘုရား။

ကပ္ပိယနဲ့ အနီးနေတပည့်များ ဝိနည်းဗဟုသုတ ပြည့်စုံမှုပဲ ဆရာတော်များ သာသနာတော်မှာ

ချမ်းချမ်းသာသာ နေမှုနိုင်မှာဘုရား။ တပည့်တော်
ကပ္ပိယကောင်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။
ဆရာတော် ။ ။ သာဓု၊ သာဓု၊ သာဓုပါ
ဒကာကြီး။

## ၅။ ကပ္ပိယ လိမ္မာပါးနပ်ရပါမယ်

Dr. အောင်သူ ။ ။ ဘုရားသခင် သာသနာ
တော်မှာကပ္ပိယရဲ့အခန်း
ကဏ္ဍက အခုလောက်ကြီး အရေးပါမှန်း အရင်က
မသိခဲ့ပါဘူးဘုရား။
ဆရာတော် ။ ။ ကပ္ပိယလိမ္မာပါးနပ်လေ၊
ဝိနည်းလေးစားတော်မူ
တဲ့ သံဃာတော်မှာ ချမ်းသာလေပါပဲ ဒကာကြီး။
Dr. အောင်သူ ။ ။ သိပ်ပါးပြီး၊ သိပ်နပ်
သွားရင်လည်း ဘုန်းကြီး
အခက်အခဲ ကြုံတွေ့နိုင်မယ် ထင်ပါတယ်ဘုရား။
ဆရာတော် ။ ။ ဒါလည်း ဟုတ်သားပဲ၊
အဲဒီသာဓကေကို နောက်

**ကျမ်းညွှန်း**

* တတိယနံ့မော်ဆရာတော်ဘုရားကြီး၊ အရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း (၁၈၃၇-ခုနှစ်) (နှာ-၅၉)

မှ ပြောပြမယ်။အခု နဘူးကျောင်း ဆရာတော်ကြီးရဲ့ ကပ္ပိယလိမ္မာပုံကို ပြောပြမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တပ်ကုန်းမြို့မှာရှိတဲ့ ဒေါင်းမင်းဆီစက် ပိုင်ရှင်

ဦးအောင်ခက ဆရာတော်ကြီး ခရီးကြွတော်မူတိုင်း သူ့ရဲ့ဂျစ်ကားနဲ့ ပင့်ဆောင်လေ့ရှိပါတယ်။ ဆရာတော်ကြီး ရမည်းသင်းမြို့ နဘူးကျောင်းတောရကနေ လယ်ဝေးမြို့ ထန်းတစ်ပင်တောရကို ကြွလာနေတုန်း လမ်းမှာ ကပ္ပိယဒကာကို မေးတော်မူတယ်။

Dr. အောင်သူ ။ ။ ဘာမေးတော်မူတာလဲ ဘုရား။

ဆရာတော် ။ ။ မေးခွန်းက *"ဦးအောင်ခ ထန်းတပင်တောရနှင့်*

*နဘူးကျောင်းတောရကို ဒီဂျစ်ကားနှင့် အသွားအပြန် ဆီဘယ်လောက်များကုန်သလဲ"*တဲ့ ဦးအောင်ခက *"ဆီတစ်ပုံး ကုန်ပါတယ်ဘုရား"* လို့ ပြန်လျှောက်တယ်။ တစ်ခါ ဆရာတော်ကြီးက *"ဆီတစ်ပုံးဆိုတာ တန်ဖိုး ဘယ်လောက်ရှိသလဲ"* လို့ မေးတော်မူတယ်။ သူက *"ဆီတစ်ပုံးတန်ဖိုး တစ်ထောင် ကျသင့်ပါတယ်ဘုရား"*လို့ ပြန်ဖြေ

တယ်။ ဒါနဲ့ ဆရာတော်ကြီးက “*ဟာ. . အကုန်အကျ သိပ်များတာပါလား၊ နောက်ဆိုရင် မပင့်နဲ့တော့ ဒီဘုန်းကြီးက တစ်ထောင်မတန်ဘူး*”လို့ မိန့်တော်မူလိုက်ပါတယ်။

Dr. အောင်သူ ။ ။ မှတ်သားထိုက်တဲ့ စကားပါဘုရား။

ဆရာတော် ။ ။ ဒါနဲ့ ကပ္ပိယဒကာကြီးက “*တပည့်တော်ကို ချီးမြှောက်သောအားဖြင့် ကားကို အမြဲ အလှူခံပေးတော်မူပါဘုရား။ ဆရာတော်သာ အလှူခံတော်မမူရင် တပည့်တော်မှာ ကုသိုလ်ရမှာ မဟုတ်တော့ပါဘုရား*” လို့ တောင်းပန် လျှောက်ထားလို့ နောက်နောင်လည်း ဆရာတော်ကြီးကို ကားနဲ့ လိုက်ပါ ပင့်ဆောင်ခွင့် ရခဲ့ပါတယ်။ ကပ္ပိယဒကာဆိုတာ အဲသလို လိမ္မာပါးနပ်ရတယ်။

Dr. အောင်သူ ။ ။ မှတ်သား လိုက်နာပါ့မယ်ဘုရား။

---

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၃၆)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

# ကပ္ပိယကောင်းတို့အတွက် အထွေထွေ သိမှတ်ဖွယ်ရာများ

## ၁။ သံဃာ့ပစ္စည်း အဆိပ်သီး စားနည်းအလွန်ခက်

Dr. အောင်သူ ။ ။ သံဃာ့ပစ္စည်းက အဆိပ်သီးဖြစ်လို့ စားနည်းအလွန်ခက်တယ်လို့လည်း ကြားဖူးပါတယ်။ ဘုရားပစ္စည်း ငရဲမီး၊ သံဃာ့ပစ္စည်း အဆိပ်သီးဆိုတာ ဘုရားတပည့်တော် ပြည့်ပြည့်စုံစုံ သိချင်ပါတယ် ဘုရား။

ဆရာတော် ။ ။ မြောင်းမြဆရာတော်ကြီးရဲ့ ကျောင်းဒကာလည်းဟုတ်တယ်။ ကပ္ပိယလည်းဖြစ်တဲ့ ဒကာကြီးဦးစုအကြောင်း နားထောင်လိုက်ရင် သိချင်တာ တော်တော်များများ ပြည့်စုံသွားမှာပါ။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ဒကာကြီးက ဥပုသ်နေ့တွေမှာ ကျောင်းကို လာပြီး ဆွမ်း၊ ဆွမ်းဟင်းတွေ ချက်ပြုတ်ပြီး ရဟန်းသံဃာများကိုရော၊ လူတွေကိုပါ လှူဒါန်းကျွေးမွေးလေ့ ရှိပါတယ်။

Dr. အောင်သူ ။ ။ တပည့်တော်တို့က အိမ်ကချက်လာတာပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပါပြီ၊ တစ်ခါတစ်ရံ ဆီ၊ ဆား၊ ငရုတ် ကြက်သွန်တို့ကို အိမ်ကယူလာတာ မလောက်ခဲ့ရင် ချိန်ခွက်နဲ့ အတိအကျချိန်တွယ်ပြီးမှ ကျောင်းကယူတယ်။ ပြီးရင်ယူတဲ့အတိုင်း ချိန်တွယ်ပြီး တိတိကျကျ ကျောင်းကို ပြန်လျှုတယ်။

Dr. အောင်သူ ။ ။ ကျောင်းပစ္စည်း အိမ်ကို အပါမခံတာ ဖြစ်မယ်ဘုရား။ အတုယူစရာ ကောင်းပါတယ်။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ သူက ကျောင်းဝင်းကြီးထဲမှာ လိမ္မော်ပင်တွေ စိုက်ထားသေးတယ်။ သီးချိန်တန်ရင် ပွတ်ခဲအောင်သီးပြီး၊ ပင်လုံးကျွတ် ဝါထိန်နေအောင် မှည့်နေတတ်တယ်။ တစ်နေ့မှာတော့ ကျောင်းဒကာကြီးရဲ့ သားတစ်ယောက်က ကျောင်းကိုလိုက်လာပြီး ဝါဝင်းနေတဲ့ လိမ္မော်သီးတွေခူးပြီး ကျောင်းဒကာကြီး မသိအောင် အိမ်ကိုယူလာခဲ့တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ကျောင်းဒကာကြီး အိမ်ကို ပြန်ရောက်တဲ့အခါ

မှာ လိမ္မော်သီးတွေ တွေ့ရလို့ ကျောင်းကများ ခူးလာခဲ့ရော့သလားဆိုပြီး သံသယဝင်တာနဲ့ စုံစမ်းစစ်ဆေး မေးမြန်းကြည့်တာ သူထင်ထားတဲ့ အတိုင်း ဖြစ်နေတော့တယ်။

Dr. အောင်သူ ။ ။ သံဃိကပစ္စည်း အိမ်ရောက်သွားတာပါလား ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒါနဲ့ ဒကာကြီးက "*သံဃိကပစ္စည်းဆိုတာ အင်မတန် လေးစားရတယ်၊ ဒီလို မလုပ်ရဘူး၊ အင်မတန် အပြစ်ကြီးလေးတယ်၊ တို့က ကုသိုလ်ယူချင်လို့ ကျောင်းကိုသွားရတာ၊ အပြန်မှာ အခုလို အကုသိုလ်တွေ ယူမလာရဘူး*" လို့ မိသားစုတွေကို ဆုံးမစကားတွေပြောပြပြီး ဒကာကြီးက ကျောင်းကို ပြန်သွားတယ်။

Dr. အောင်သူ ။ ။ ဆရာတော်များကို တောင်းပန်ဖို့သွားတာပါလားဘုရား။

ဆရာတော် ။ ။ ဒါက တောင်းပန်ရုံနဲ့ မရတော့ဘူး။ ဘဏ္ဍာစားပေးလျော်ရမယ်။

Dr. အောင်သူ ။ ။ သံဃပစ္စည်း ဖြစ်လို့ပါလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ ကျောင်းရောက်တော့ စာချဆရာတော်ရှေ့သွားပြီး ထိခြင်းငါးဖြာနဲ့ ကျကျနန ကန်တော့ပါတယ်၊ ပြီးတော့ *"လိမ္မော်သီးတန်ဖိုး ၅ ကျပ်တန်မှ ဖြစ်ပေါ်လာသော ပစ္စည်းလေးပါးကို ဒကာကြီးထံမှာ အလှူခံတော်မူပါဘုရား"* လို့ လျှောက်ထားလိုက်တယ်။

Dr. အောင်သူ ။ ။ သာသနာ့ဗဟုသုတ ဉာဏ်ရှိမှပဲ အကုသိုလ်လွတ်နိုင်မှာပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒါကြောင့်လည်း ရှေးပညာရှိများက ဒီလင်္ကာနဲ့ သတိပေးထားတာပါ။

ဘုရားပစ္စည်း၊ ငရဲမီး၊ သုံးနည်းအလွန်ခက်။
သံဃာ့ပစ္စည်း၊ အဆိပ်သီး၊စားနည်းအလွန်ခက်
စားသုံးမိလျှင်၊ တနင်နင် ၊ သေလျှင်အလွန်ခက်။
ငရဲသို့ကျ၊ ဝဋ်ဒုက္ခ၊ လွတ်ရပြန်ဖို့ခက်။
ငရဲဘဝ၊ လွတ်ပြန်က၊ ပြိတ္တာဘုံသို့ဆက်။
ပြိတ္တာဘဝ၊ လွတ်ပြန်က၊ လူ့ဘုံရောက်ဖို့ခက်။
လူ့ဘုံရောက်လာ၊ သာသနာ၊ ကြုံရပြန်ဖို့ခက်။
သာသနာတွင်း၊ကြုံကြိုက်လျှင်း၊ ကျွတ်ခြင်း သာလို့ခက်။
ဘုရားသခင် ဉာဏ်တော်ရှင် ဖူးမြင်ရဖို့ခက်။

## ၂။ သံသရာဆန်တက်နေသူတို့ရဲ့ မြင်ရ မမြင်ရ အန္တရာယ်များ

Dr. အောင်သူ ။ ။ ရှုပ်ထွေးလှတဲ့ လောကကြီးကို ကျော်ပေးပြီး ကိုယ့်တရားကိုယ်ကျင့်ပြီး အေးချမ်းစွာ နေတော်မူတဲ့ သူတော်ကောင်းကြီးများအတွက်လည်း ဘေးအန္တရာယ်တွေ များတာပါလားလို့ မနေ့ညက တွေးမိနေတာပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် မြင်ရ၊ မမြင်ရအန္တရာယ်တွေ ရှိတယ်လေ။

Dr. အောင်သူ ။ ။ ဘယ်ဟာက ပိုပြီး အားကြီးပါသလဲဘုရား။

ဆရာတော် ။ ။ မြင်ရတဲ့ အန္တရာယ်က မြင်ရတဲ့အတိုင်းဘဲ အားကြီးသလို၊ မမြင်ရတဲ့ အန္တရာယ်ကလည်း မမြင်ရတဲ့အတိုင်း အားကြီးတာပါပဲ ဒကာကြီး။

Dr. အောင်သူ ။ ။ အဲဒီ အန္တရာယ်နှစ်မျိုးဆိုတာ ဘယ်လိုမျိုးပါလဲဘုရား။

ဆရာတော် ။ ။ သဒ္ဓါလွန်ကဲ အသိဉာဏ်မဲ့တဲ့ ပရိသတ်ရဲ့အန္တရာယ်

ကတစ်မျိုး၊ သမာဓိအား၊ အသိဉာဏ်အား၊ မေတ္တာအားခေါင်းပါးတဲ့ သူတွေကတစ်ဆင့် အမျိုးမျိုး လှည့်ဖြား နှောင့်ယှက်တတ်တဲ့ မာရ်နတ်နဲ့ သူ့ရဲ့ ဘက်တော်သားတွေရဲ့ အန္တရာယ်က တစ်မျိုး ဆိုပြီး ယေဘုယျအားဖြင့် နှစ်မျိုးရှိပါတယ် ဒကာကြီး။ တစ်နည်းပြောရရင် မြင်ရတဲ့အန္တရာယ် ကတစ်မျိုး၊ မမြင်ရတဲ့ အန္တရာယ်က တစ်မျိုးပါ။

Dr. အောင်သူ ။ ။ ဒီအန္တရာယ် နှစ်မျိုးကို ရဟန်းတိုင်း ကြုံရတာ ပါလားဘုရား။

ဆရာတော် ။ ။ သီလအရာ ပျက်စီး၊ သမာဓိအရာ ယိုယွင်းပြီး၊ ပညာအရာ ခြောက်ခန်းနေတဲ့ပုဂ္ဂိုလ်ကို မာရ်နတ်သားက နှောင့်ယှက်စရာ မလိုတော့ဘူးလေ။

Dr. အောင်သူ ။ ။ ဘာ့ကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ သီလ၊ သမာဓိ၊ ပညာမှ မကျင့်ဘဲ ကိလေသာပိုက်ကွန်ထဲမှာ မိနေတဲ့ အဲဒီပုဂ္ဂိုလ်က ဧကန်မုချ သံသရာစုန်ဆင်းသွားမှာမို့ မာရ်နတ်က ဘာမှ နှောင့်ယှက်စရာ မလိုတော့ပါဘူး။

Dr. အောင်သူ ။ ။ သံသရာ ရေယာဉ်ကြောကိုဆန်တက်မှ မာရ်နတ်ရဲ့လက်ထဲ ရောက်တာပါလားဘုရား။

ဆရာတော် ။ ။ သံသရာ ရေလျဉ်ကြော ကိုဆန်တက်ပြီး မာရ်နတ်ရဲ့လက်ထဲကနေ လွတ်ထွက်ဖို့ရာ သီလ၊ သမာဓိ၊ ပညာကို အရိုးကြေကြေ၊ အရေခန်းခန်း ကျင့်နေတော်မူကြတဲ့ ပုဂ္ဂိုလ်ကိုတော့ မာရ်နတ် စောင့်ကြည့်တဲ့ထဲ ပါလာပြီ ဒကာကြီး။

Dr. အောင်သူ ။ ။ မာရ်နတ်ရဲ့ ရေဒါထဲဝင်တဲ့ ပုဂ္ဂိုလ်ကိုမှ နှောင့်ယှက်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

Dr. အောင်သူ ။ ။ အဲဒီ မာရ်နတ်ဆိုတဲ့ ပုဂ္ဂိုလ်က ဘယ်လိုများလာပြီး အန္တရာယ်ပြုမှာပါလဲဘုရား။ သာဓကများ ရှိရင် သိပါရစေဘုရား။

ဆရာတော် ။ ။ အသက်အန္တရာယ်အထိ ကြုံခဲ့တာလေးတစ်ခု သတိရလို့ ပြောပြဦးမယ်။ မိုးဦးကာလ တစ်နေ့ ညနေပိုင်း အပြင်မှာ လေငြိမ်ပြီး မိုးဖွဲဖွဲကျနေတယ်။ ဘုန်းကြီးက သီတင်းသုံးတဲ့ ကျောင်းထဲကနေ အပြင်ကိုပဲ ထွက်ချင်နေတယ်။

Dr. အောင်သူ ။ ။ မိုးရွာထဲထွက်ပြီး ဘယ်ကြွမှာလဲဘုရား။

ဆရာတော် ။ ။ ဘယ်မှလဲ သွားစရာ မရှိပါဘူး။ သို့သော် အပြင်ကိုထွက်ဖို့ အတင်း တွန်းပို့လိုက်သလိုပဲ။ ဒါနဲ့ပဲ ထီးဆောင်းပြီး ထွက်သွားတယ်။ အပြင် ရောက်လို့သုံးမိနစ်လောက်ရှိမယ်ထင်တယ် မုန်တိုင်း ကြီးတစ်ခု ကျောင်းကိုဦးတည်ပြီး ဝင်လာတယ်။

Dr. အောင်သူ ။ ။ အစောက ထွက်လာခဲ့တဲ့ ကျောင်းကိုဦးတည်တိုက် တာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။

Dr. အောင်သူ ။ ။ မုန်တိုင်း တော်တော် ပြင်းသလားဘုရား။ မိုး လေဝသက ကြေငြာထားသလားဘုရား။

ဆရာတော် ။ ။ မိုးလေဝသ ကြေငြာတာ တော့မသိဘူး ဒကာကြီး။ ယောက်ျားပေါင်လုံးလောက်ရှိတဲ့ သစ်ပင်ကြီးတွေ လေးကိုင်းလို ညွတ်ညွတ်ပြီး တဖျောင်းဖျောင်း ကျိုးကျကုန်တယ်။

Dr. အောင်သူ ။ ။ တော်တော် ပြင်းတာပဲ။ ဘယ်နှစ်ပင် ကျိုးကျ သွားသလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး သီတင်းသုံး နေတဲ့ကျောင်းတစ်ခုလုံး

မည်းမည်းမှောင်မှောင်ကြီးဖြစ်ပြီးတော့ ပတ်ချာလည်က ကျိုးတဲ့အပင်ကျိုး၊ အမြစ်ကျွတ်တဲ့အပင်က ကျွတ်ကုန်တယ်။

Dr. အောင်သူ ။ ။ အပြင်မထွက်ဘဲနေရင် ထိခိုက်နိုင်မယ် ထင်တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ထိခိုက်ဒဏ်ရာလည်း ရနိုင်တယ်။ အသက်အန္တရာယ်လည်း ရှိနိုင်မယ်ထင်တယ်။ ဒါနဲ့ဘေးဘီဝဲယာက ဆွမ်းလောင်းတဲ့တဲအိမ်တွေတော့ ဒုက္ခရောက်ကုန်ပြီထင်တယ်ဆိုပြီး နောက်ရက် ဆွမ်းခံကြွရင်း ကြည့်လိုက်တာအဲသလောက်ကြီးတဲ့ လေမုန်တိုင်းကြီး ဒီနားမှာ တိုက်သွားတာကို သူတို့မသိလိုက်ဘူးတဲ့။

Dr. အောင်သူ ။ ။ ကျောင်းနဲ့ဝေးလို့လားဘုရား။

ဆရာတော် ။ ။ မဝေးပါဘူး၊ စည်းရိုးပဲခြားတယ်။

Dr. အောင်သူ ။ ။ မရိုးဘူးလို့ထင်ပါတယ်။ ဂူပြိုခါနီး အပြင်ကခေါ်လို့ ထွက်ကြွတော်မူတဲ့ ဆရာတော်တစ်ပါးရှိတယ်၊ တပည့်တော် ဖတ်ဖူးတာ အခုတော့မေ့တော့တော့ ဖြစ်နေတယ်ဘုရား။ အခုလို အခက်

အခဲကို ကြုံလာရင် ဘယ်လိုမှ ကာကွယ် တားဆီးလို့ မရတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ရသင့်သလောက်တော့ ရနိုင်ပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုလုပ်ရမလဲ ဘုရား။

ဆရာတော် ။ ။ တောနေရဟန်းတို့ အတွက် အကောင်းဆုံး လက်နက်ကတော့ သီလနဲ့ မေတ္တာပါပဲ။ လိုအပ်နေသေးရင် သစ္စာဆိုရပါတယ်။

Dr. အောင်သူ ။ ။ သီလဖြည့်ကျင့်၊ မေတ္တာပွား၊ လိုရင် သစ္စာကို သုံးရမယ်လို့ ဆိုလိုပါသလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ မေတ္တာနဲ့ပဲ တော်ရုံပြေငြိမ်းပါတယ်လေ။

Dr. အောင်သူ ။ ။ မှတ်သားထားပါ့မယ် ဘုရား။

## ၃။ ကပ္ပိယများ ရံခါ ဘုန်းကြီးရှေ့က ထွက်ရတတ်တယ်

Dr. အောင်သူ ။ ။ ကပ္ပိယက ဘုန်းကြီး ရှေ့က သွားရင် အပြစ် ဖြစ်ပါသလားဘုရား။

ဆရာတော် ။ ။ အပြစ်မရှိတဲ့ အပြင် တချို့နေရာတွေမှာ ကပ္ပိယက ရှေ့က သွားကိုသွားရပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုနေရာများပါ လဲဘုရား။

ဆရာတော် ။ ။ အိမ်တစ်အိမ်ကို ဆွမ်း စားကြွတယ်၊ အိမ်ခန်း ထဲ မာတုဂါမတွေပဲ ရှိနေတယ်ဆိုရင် ကပ္ပိယက ရှေ့ကသွားပြီး အိမ်ခန်းထဲ အရင်ဝင်နှင့်ရတယ်။

Dr. အောင်သူ ။ ။ တစ်မိုးတစ်ရံကို သတိ ပြုရတာ ထင်ပါတယ် ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။

Dr. အောင်သူ ။ ။ နောက် ဘယ်လိုနေရာ တွေမှာ ကပ္ပိယ ရှေ့က ထွက်ရပါသေးသလဲဘုရား။

ဆရာတော် ။ ။ နဝကမ္မ ဝတ္ထုငွေတွေ ဘုန်းကြီးလက်ထဲထည့် ဖို့ အတင်းကြိုးစားနေတဲ့ အချိန်မျိုးမှာ ကပ္ပိယ

အကင်းပါးရပါမယ်၊ ရှေ့ထွက်ရပါတယ်။ ဆွမ်းကပ်တဲ့အချိန် ကပ္ပိယအနားမှာ ဒကာ ဒကာမတို့ သဒ္ဓါလွန်ကဲပြီး ဖြစ်လာလတ္တံ့သော ဝိနည်းအပြစ်တွေ မသင့်ရောက်အောင် ကပ္ပိယ ရှေ့ကထွက်ရပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ များသွားပါလားဘုရား။

ဆရာတော် ။ ။ ကျန်သေးတယ်၊ ရဟန်းတစ်ပါးတည်း သီတင်းသုံးရာကျောင်းခန်းထဲကို မာတုဂါမ တစ်ယောက်တည်း ဝင်သွားတာတွေ့ရင် ကပ္ပိယက တားမြစ်ရမယ်၊ နို့မဟုတ်ရင်လည်း ကပ္ပိယကိုယ်တိုင်က ရှေ့ကထွက်ပြီး ဆရာတော်ရှေ့ ခေါ်သွားရမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရဟန်းတွေ မဘုဉ်းပေးကောင်းတဲ့အရာတွေ ဒကာ၊ ဒကာမတွေက ကပ်လာရင် တားမြစ်နိုင်ရမယ်၊ ရဟန်းမထိကောင်း၊ မကိုင်ကောင်းတဲ့ အရာတွေကို ဒကာ၊ ဒကာမတွေက လာကပ်ရင် ကပ္ပိယ ရှေ့ထွက်ပြီး တားပေးရမယ်။

Dr. အောင်သူ ။ ။ သာသနာမှာ ကပ္ပိယရဲ့ကဏ္ဍက သိစရာ၊ ဆောင်ရွက်စရာ များလှပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ သတိရလို့ နဘူးကျောင်းဆရာတော်

ကြီး ကိုယ်တွေ့ကြုံတော်မူတာကို ပြောပြဦးမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ဝါတွင်းကာလမှာကျောင်းဝင်းတံခါးပိတ်ပြီး သီတင်းသုံးတော်မူလေ့ရှိတယ်။ သံတံခါးမှာ 'မဝင်ရ'လို့ ဆိုင်းဘုတ်လည်း ကပ်ထားတယ်။ အဲဒါ ဒါယကာသုံးယောက်က 'မဝင်ရ'လို့ တားမြစ်ထားတဲ့ ဆိုင်းဘုတ်အောက်က ခေါင်းငုံ့ပြီး ထန်းတပင်တောရကျောင်းဝင်းထဲ ရောက်လာကြတယ်။

Dr. အောင်သူ ။ ။ ဘယ်သွားကြမှာလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ တိုက်ကျောင်းကို ဦးတည်သွားကြတယ်။

Dr. အောင်သူ ။ ။ မေးလျှောက်စရာရှိလို့ပါလားဘုရား။

ဆရာတော် ။ ။ ရှိမယ် မဟုတ်ပါဘူး။ ဆရာတော်ကြီး ပိတ်ထားတဲ့ တံခါးရွက်ကို ကျော်မှီပြီး သုံးယောက်စလုံး တင်ပလ္လင်ခွေ၊ မျက်စိမှိတ်ပြီး တရားထိုင်နေကြလေရဲ့။ အဲဒီအချိန်မှာ ဆရာတော်ကြီးက ကျောင်းထဲမှာ ကျမ်းစာတွေ ရေးနေဟန်တူတယ်။

Dr. အောင်သူ ။ ။ သူတို့က တရားလာထိုင်တာပါလားဘုရား။

ဆရာတော် ။ ။ လောကီဂိုဏ်း ဆရာတွေရဲ့ တိုက်တွန်းချက်ကြောင့်လား၊ ဗေဒင်ယတြာကြောင့်လား မသိဘူး။ ဒါနဲ့ ဆရာတော်ကြီးက အပြင်ထွက်ဖို့ တံခါးကိုတွန်းပါသော်လည်း ပွင့်မလာလို့မို့ နောက်ဖေးဘက်ကနေ ကျောင်းရှေ့ ထွက်လာရတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဘာမိန့်တော်မူသလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ရှေ့ကြွလာတော့ လူသုံးယောက် တံခါးကိုမှီပြီး မျက်စိမှိတ်လျက် မလှုပ်မယှက် ထိုင်နေတာကို ထူးဆန်းစွာ မြင်တော်မူတယ်။ ညနေပိုင်း ဆရာတော်ကြီးဆီ ရောက်တဲ့အခါမှာ "*လူသုံးယောက်က မဝင်ရဆိုတဲ့ ဆိုင်းဘုတ်ကို ကျော်လာခဲ့တယ်၊ ပြီးတော့ ဒီကျောင်းတံခါးရှေ့ မျက်စိမှိတ်ပြီး အူတူတူနဲ့ ထိုင်နေလိုက်တာ နေ့လယ်က တံခါးဖွင့်လို့ မရခဲ့ဘူး*"လို့ မိန့်တော်မူဖူးတယ်။

---

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၁၆)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

## ၄။ လှူတဲ့သူလည်း ဒကာ၊ ခိုးတဲ့သူလည်း ဒကာ

Dr. အောင်သူ ။ ။ ရဟန်းတော်များကို ဘာ့ကြောင့်များ ဒုက္ခပေးချင်ကြတာလဲ မသိဘူးဘုရား။

ဆရာတော် ။ ။ လူမိုက်ပေါတဲ့ လောကကြီးမှာ တောထဲနေပြီး ကိုယ့်တရားကိုယ် အားထုတ်တော်မူတဲ့ ရဟန်းတော်များကို အမျိုးမျိုး အနှောင့်အယှက် ပေးကြတာ မထူးဆန်းပါဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ သာဓကများရှိပါသလား ဘုရား။

ဆရာတော် ။ ။ ရှိပါတယ် ဒကာကြီး၊ တို့များရဲ့ ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး ထန်းတပင်တောရမှာ သီတင်းသုံးတော်မူစဉ်က ကိုယ့်ဆွမ်းကိုယ်ခံစားပြီး၊ ဘယ်သာရေးနာရေးကိုမှ မလိုက်ဘူး။ ဒါကို တချို့သူတွေက *“သူငယ်ချင်းတို့ရေ ဒီတောရကျောင်းက ဘုန်းကြီးတွေ ငါတို့သေလို့မှ သရဏဂုံတင်ဖော်မရ၊ ငါတို့သားသမီးတွေ မင်္ဂလာဆောင်လို့မှ မင်္ဂလာတရား ဟောဖော်မရမှတော့ ဆွမ်းလောင်းနေလဲ အပိုပါပဲကွာ”* ဆိုတဲ့စကား တော်တော်ကြာကြာက ဖြစ်ခဲ့ဖူးတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ အကုသိုလ် များလိုက်တာဘုရား။ နောက်ထပ်သာဓကများ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိပါတယ်။ ဒီဘုန်းကြီးတောရကျောင်း တစ်ခုမှာ သီတင်းသုံးတုန်းက ကျောင်းအနောက်ဘက်က အသံချဲ့စက်က နားမချမ်းသာတဲ့ သီချင်းတွေကို မကြာခဏ သူတို့ဆိုလေ့ရှိတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုသီချင်းပါလဲဘုရား။

ဆရာတော် ။ ။ ဆောင်းတွင်း အလွန်အေးတဲ့ ညဉ့်နက်ပိုင်းမှာ "*အလွန်အေးတဲ့ရာသီ မေတစ်ယောက်တည်းတော့ မနေနိုင်ပြီ*" လို့ အဲဒီမာတုကာမ အသံပြဲကြီးနဲ့ ထပ်ခါထပ်ခါဆိုတယ်။ သူတို့ အော်လန်ကြီးက ဘုန်းကြီးသီတင်းသုံးတဲ့ ကျောင်းဘက်ကို တည့်တည့်လှည့်ပြီး ဆိုတာလေ။

Dr. အောင်သူ ။ ။ အဲဒီလိုလုပ်တာတော့ မကောင်းပါဘူးဘုရား။

ဆရာတော် ။ ။ ဒါနဲ့ဘုန်းကြီးက အဲဒီအသံချဲ့စက် အော်လံကြီး ကျောင်းဘက်ကို မလှည့်ဖို့ မေတ္တာရပ်ခံလိုက်တယ်။

M.Sc ကျောင်းသား ။ ။ ဘုန်းဘုန်း မေတ္တာရပ်ခံတာကို နားထောင်ပါသလားဘုရား။

ဆရာတော် ။ ။ နောက်တစ်ညနေ ညဦးပိုင်းမှာ အဲဒီအော်လံကြီးနဲ့ ဒီဘုန်းကြီးကို ဆဲပါလေရောဗျာ။

Dr. အောင်သူ ။ ။ သီချင်းဆိုဆိုနေတဲ့ မာတုဂါမက ဆဲတာလားဘုရား။

ဆရာတော် ။ ။ မဟုတ်ဘူးထင်တယ်။ ဆဲတဲ့အသံက ဒကာရဲ့အသံ။ တစ်ခါကလည်း မော်ဘီမှာ ဆွမ်းခံသွားတာ ခွေးနဲ့ရှူးတိုက်ခံရသေးတယ်။ ကားလမ်းဘေး ဆွမ်းခံနေတုန်း ကားနဲ့ပွတ်ဆွဲသွားတာမျိုး ကြုံရဖူးသေးတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဗာလလူမိုက်တွေပေါတဲ့ လောကနဲ့ အဆင်ပြေအောင်နေဖို့ တော်တော်ခက်ခဲတာပဲဘုရား။

## ၅။ ဆရာတော်ဦးဗုဓ်နှင့် ပညာရှိဦးပေါ်ဦး

Dr. အောင်သူ ။ ။ ဆရာတော်ဦးဗုဓ် သမာဓိ ကြီးမားတယ်လို့ စာအုပ်ထဲ ဖတ်ဖူးတယ်။ ဘာကိုဆိုလိုတာပါလဲဘုရား။ တရားထိုင်လို့ သမာဓိကောင်းတာလား ဘုရား။

ဆရာတော် ။ ။ တရားထိုင်တာလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ပညာအရာမှာ ကြီးကျယ်တော်မူတာကို တင်စားတာဖြစ်မယ်။ ပြီးတော့ ဝိနည်းလမ်းကြောင်းအရ ဆက်ဆံတော်မူတာလည်း ပါလိမ့်မယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ သာဓကများရှိပါသလားဘုရား။

ဆရာတော် ။ ။ သာဓကဆိုလို့ သတိရတာတစ်ခုကို ပြောပြမယ်နော်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ပညာရှိ အမတ်ကြီး ဦးပေါ်ဦးက ဆရာတော်ဦးဗုဓ်ကျောင်းကို သွားတယ်။ ဆရာတော်က ရေကန်အနီးမှာ တံမြက်စည်းလှည်းနေတဲ့အတွက် ဦးပေါ်ဦးက ဆရာတော်ကို ရှိခိုးကန်တော့တယ်။ ဆရာတော်ကြီးက တံမြက်စည်းကိုပဲ ဆက်ပြီး လှည်းနေပါတယ်။

Dr. အောင်သူ ။ ။ အမတ်ကြီးနဲ့ စကား မပြောဖြစ်ဘူးလား ဘုရား။

ဆရာတော် ။ ။ ပညာရှိများ အကြားမှာ စကားအစ မပေါ်သေး ဘူး ဖြစ်နေဟန် တူပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုများ စလျှောက် ပါသလဲဘုရား။

ဆရာတော် ။ ။ ဦးပေါ်ဦးက စကားမရှိ စကားအစရှာပြီးတော့ *"ရေကန်ကြီးကဖြင့် အလွန်ကောင်းပါပေတယ် ဘုရား"* လို့ လျှောက်လိုက်တယ်။ ဆရာတော်ကြီးက *"အေး - ကောင်းတယ်"* လို့ပဲ ဖြေတော်မူတယ်။ ဆက်မမိန့်ဘူး။

Dr. အောင်သူ ။ ။ စကားက ပြတ်သွားပြန် တာပေါ့ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါနဲ့ ဦး ပေါ်ဦးက *"ရေကလည်း အလွန်ကြည်လင်ပါပေတယ်ဘုရား"* လို့ လျှောက် တယ်၊ ဆရာတော်က *"အေး - ကြည်တယ်"* *"ဒီရေကန်ကြီး ဘယ်လောက်များ နက်သလဲဘုရား"* *"ဘုန်းကြီးမသိဘူး"* *"ဆရာတော်ကြီး သီတင်းသုံး တော်မူတဲ့ ကျောင်းတိုက်အတွင်းဖြစ်လို့ နီးတဲ့ အတွက် သိလိမ့်မယ်ထင်မှတ်ပြီး လျှောက်မိပါ*

*တယ်ဘုရား”* လို့ ဦးပေါ်ဦးက ဖြည့်စွက် လျှောက်လိုက်တယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီးက ဘယ်လို ပြန်မိန့်တော်မူပါသလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်က *“နီးတိုင်းသိရမယ်ဆိုရင် ဒကာကြီးရဲ့ နှုတ်ခမ်းမွေး ဘယ်နှစ်ပင်ရှိသလဲ”* လို့ မေးတော်မူတယ်။ အမတ်ကြီး *“သတိမထားမိလို့ ဘယ်နှစ်ပင်ရှိကြောင်း မသိပါဘုရား” “ဒကာကြီး နှုတ်ခမ်းမွေးကိုမှ ဘယ်နှစ်ပင်ရှိတယ်ဆိုတာ ဒကာကြီးမသိဘဲနဲ့ ရေကန်ရဲ့ အတိမ်အနက်ကိုကော ဘုန်းကြီးသိနိုင်မလား”* လို့ မိန့်တော်မူတယ်။

Dr. အောင်သူ ။ ။ အမတ်ကြီးက ဘာများ ဆက်လျှောက်ပါသေးသလဲဘုရား။

ဆရာတော် ။ ။ မလျှောက်တော့ဘူးလေ။ မြန်မာရာဇဝင်မှာ ဦးပေါ်ဦးဆိုတာ စကားအရာမှာ တစ်ဖက်ကမ်းရောက် ကျွမ်းကျင် တတ်မြောက်လှကြောင်း မှတ်တမ်းရှိပါသော်လည်း ဆရာတော်ကြီးဦးဗုဓ်နဲ့ကျတော့ ရှေ့ဆက် လျှောက်မရတော့လို့ ကန်တော့ပြီး ပြန်ခဲ့ရတော့တယ်။

---

**ကျမ်းညွှန်း** ⁕ ညိုမြ၏ ကုန်းဘောင်ရှာပုံတော် (နှာ-၂၁၈)

## ၆။ ကပ္ပိယတွေ အကင်းပါးပါမှ ဆရာဘုန်းကြီး အာပတ်လွတ်မယ်

M.A ကျောင်းသား ။ ။ ရဟန်းတော်များ ဘတ်စ်ကားစီးရင် အာပတ် သင့်နိုင်ပါသလားဘုရား။

ဆရာတော် ။ ။ ဘတ်စ်ကားစီးရုံနဲ့တော့ အာပတ် သင့်စရာ အကြောင်း မရှိပါဘူး။

M.A ကျောင်းသား ။ ။ အမျိုးသမီးတွေနဲ့ တိုးဝှေ့စီးရတာမျိုး ရှိတတ်လို့ပါဘုရား။

ဆရာတော် ။ ။ ဒါက ကပ္ပိယ လိမ္မာပါးနပ်ရပါမယ်။

M.A ကျောင်းသား ။ ။ ကပ္ပိယ ဘာလုပ်ပေးရပါမလဲ ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးကိုယ်တွေ့ပြောပြမယ်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆေးရုံကိုသွားပြီး ဆရာဝန်ကို တွေ့ဖို့စောင့်ရင်း ခုံတန်းလျားမှာ သားရေနယ်ခင်းပြီး ထိုင်နေတုန်း မာတုဂါမနှစ်ယောက် ရောက်လာပြီး ဘုန်းကြီးအနားမှာထိုင်ဖို့ ပြင်ဆင်ကြတယ်။

M.A ကျောင်းသား ။ ။ ကပ္ပိယ မပါဘူးလား ဘုရား။

ဆရာတော် ။ ။ ကပ္ပိယဒကာကြီးတွေ ပါတယ်။သူတို့က မျက်နှာချင်းဆိုင် ခုံတန်းလျားရှည်မှာ ထိုင်ရာကနေ ချက်ခြင်းထလာပြီး မာတုဂါမတွေကို သူတို့ခုံမှာ ထိုင်ပေးဖို့ မေတ္တာရပ်ခံလိုက်ကြတယ်။

M.A ကျောင်းသား ။ ။ ကပ္ပိယ လိမ္မာတယ်ဆိုတာ ဒီလိုဆောင်ရွက်တတ်တာမျိုးကို ဆိုလိုပါသလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အခုလို ကိစ္စမျိုးကို ကပ္ပိယက အချိန်အခါအားလျော်စွာ မဆုံးဖြတ်တတ်ရင် မလိမ္မာဘူးပြောလို့ရတယ်။

M.A ကျောင်းသား ။ ။ ဘုန်းဘုန်းအနားက ကပ္ပိယက လိမ္မာကျွမ်းကျင်တယ်ဘုရား။ အမျိုးသမီးတွေက လွယ်လွယ်နဲ့ ဖယ်ပေးပါသလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးအနား ထိုင်ဖို့ ပြင်နေတုန်းမှာပဲ ဟိုဘက်ခုံကို ပြောင်းထိုင်ဖို့ ကပ္ပိယတွေက လေးလေးစားစားပြောလိုက်တော့လည်း သူတို့ စိတ်အနှောင့်အယှက်ဖြစ်ပုံ မပေါ်ပါဘူး မောင်ကျောင်းသား။

M.A ကျောင်းသား ॥ ॥ ရဟန်းက အခြောက်တွေနဲ့လည်း တစ်ခုံတည်း မထိုင်ကောင်းဘူးလို့ ကြားဖူးတယ်။ ဟုတ်ပါသလားဘုရား။

ဆရာတော် ॥ ॥ မြတ်စွာဘုရားရှင်က ခုံတန်းလျားရှည်မှာ ပဏ္ဍုတ်နဲ့လည်း မထိုင်ရဘူး၊ မောင်ကျောင်းသား ပြောတဲ့ အခြောက်နဲ့လည်း မထိုင်ရဘူး။

M.A ကျောင်းသား ॥ ॥ အမျိုးသားနဲ့တော့ ထိုင်ကောင်းတယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ရဟန်းနဲ့လည်း ရတယ်၊ ကိုရင်နဲ့လည်း ရတယ်၊ ယောကျ်ားဒကာများနဲ့လည်း ရတယ်၊ အတူထိုင်ကောင်းပါတယ်။

Dr. အောင်သူ ॥ ॥ ကပ္ပိယကောင်း ဖြစ်ဖို့ဆိုရင် ရဟန်းဝိနည်းလည်း အတော်အတန်သိမှပဲ ဖြစ်တော့မယ်ဘုရား။

ဆရာတော် ॥ ॥ မှန်ပါတယ်၊ သိနိုင်လေ ကောင်းလေပါပဲ။ ကပ္ပိယအကင်းလည်းပါးဖို့ လိုသေးတယ် ဒကာကြီး။

**ကျမ်းညွှန်း**

* တတိယ ဘာဏဝါရ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၃၂၀)

## ၇။ သင့်ရဲ့ဘုဥ်းပေးတော်မူကြပါတယ်

ဆရာတော် ။ ။ ဆရာဖြစ်တော်မူတဲ့ ရွှေဥမင်ဆရာတော်ကြီးကို သတိရလို့ ကပ္ပိယအကြောင်း တစ်ခုပြောပြဦးမယ်။

M.A ကျောင်းသား ။ ။ နူနေတဲ့ ကပ္ပိယပဲလား ဘုရား။

ဆရာတော် ။ ။ နူနေတဲ့အကြောင်းတော့ မဟုတ်ပါဘူး။ ဆရာတော်ကြီးက သံဃာတော်များနဲ့အတူ ဆွမ်းဘုဉ်းပေးတော်မူနေတုန်း ဆွမ်းဒကာမတွေက မိမိတို့ကိုယ်စီ၊ ကိုယ်စီ ချက်ပြုတ် စီမံလာကြတဲ့ ဆွမ်းဟင်းတွေကို ညွှန်းပြီးတော့ *"ဆရာတော်ဘုရား ဒီဟင်းလေး ဘုဉ်းပေးတော်မူပါဘုရား၊ ဟိုဟင်းလေးက ပိုမို သင့်မြတ်ပါတယ်ဘုရား"* လို့ လျှောက်ထားကြတယ်။

M.A ကျောင်းသား ။ ။ ဒကာမတွေက သူတို့ချက်တာကောင်းကြောင်း ကြွားတာလည်း ပါမယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်လိမ့်မယ်။ အဲဒီအချိန်မှာ ဆွမ်းဝိုင်းအနားမှာ တိတ်တိတ်ဆိတ်ဆိတ်ကလေးနေပြီး ယပ်ခတ်ပေးနေတဲ့ ဆရာတော်ကြီးရဲ့ ကပ္ပိယမွန်ဒါယကာကြီးက စကားတစ်ခွန်း လျှောက်လိုက်တယ်။

M.A ကျောင်းသား ॥ ॥ ဘယ်လိုလျှောက်တာပါလဲဘုရား။

ဆရာတော် ॥ ॥ *"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား ဒကာမတွေ မြှောက်ပေးတိုင်း မဘုဉ်းပေးပါနဲ့ ဘုရား၊ ဒကာမတွေ မြှောက်ပေးလို့ ဘုဉ်းပေးပြီး ပျံလွန်တော်မူသွားတဲ့ ဆရာတော်တွေကို တပည့်တော်တွေ့ဖူးတာ နှစ်ပါးရှိသွားပြီဘုရား"*တဲ့။ အခုလို ဆရာတော်ကြီးများက မဘုဉ်းပေးရင်လည်း မကောင်း၊ ဘုဉ်းပေးရင်လည်း မသင့်နဲ့ အကျပ်အတည်း ဖြစ်လာပြီဆိုရင် ကပ္ပိယက လိမ္မာပါးနပ်စွာ ကြားဝင်ပြီး အခုလို ဖြေရှင်းပေးနိုင်ဖို့လည်း လိုသေးတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ॥ ॥ မှတ်သားပါ့မယ်ဘုရား။

## ၈။ သဒ္ဓါလွန်ကဲ အသိဉာဏ်မဲ့သူတို့ရဲ့ရှေ့မှာ ကပ္ပိယ ရပ်တည်ပေးတတ်ရမယ်

Dr. အောင်သူ ॥ ॥ သဒ္ဓါလွန်ကဲ ဉာဏ်ပညာမဲ့တဲ့ ဒကာ၊ ဒကာမတွေကြောင့် ဆရာတော်ကြီးများမှာ စိတ်အနှောင့်အယှက်ဖြစ်ရတယ်လို့ မနေ့က ဘုန်းဘုန်းမိန့်တာကို အကျယ်တဝင့် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဒါက သဒ္ဓါလွန်ကဲ၊ ပညာမဲ့တာကို စာနဲ့ မပြောဘဲ နဘူးကျောင်းဆရာတော်ကြီးရဲ့ ကိုယ်တွေ့နဲ့ပြောပြရင် ပိုပြီးနားလည်ဖို့ လွယ်မယ်ထင်တယ်။

Dr. အောင်သူ ။ ။ ကိုယ်တွေ့ဆိုရင် ပိုပြီး မှတ်မိ လွယ်ပါတယ် ဘုရား။

ဆရာတော် ။ ။ ဆွမ်းခံကြွတော်မူပြီး တစ်နေ့ ဆွမ်းတစ်နပ်ကို တစ်ထိုင်တည်း ဘုဉ်းပေးတော်မူတဲ့အတွက် ဆွမ်းဓူတင် ဆောင်တော်မူတယ်ထင်တယ်လို့တော့ ကပ္ပိယက မှတ်သားထားသင့်တယ်။

Dr. အောင်သူ ။ ။ အရိပ်အကဲ ကြည့်ပြီး မှတ်ရတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်ကြီးများကတော့ "ဘုန်းကြီးက ဓူတင်ဘယ်နှစ်ပါးကိုဆောင်တယ်"လို့ ဘယ်သောအခါမှာမှ မိန့်တော်မူမှာ မဟုတ်ပါဘူး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ ဘယ်ဆရာတော်က ဓူတင် ငါးပါး ဆောင်တယ်။ ဘယ်ဆရာတော်က ဓူတင်

ကိုးပါးဆောင်တယ်ဆိုပြီး သတင်းစာ၊ ဂျာနယ်တွေမှာ ဓာတ်ပုံတွေနဲ့ ရေးတာ ဖတ်ရတယ်ဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေတော် ဖြစ်တဲ့ ဝိနည်းကို ဦးထိပ်ပန်ဆင်တော်မူတဲ့ ဆရာတော်ကြီးများက ဘယ်သောအခါမှာမှ မိမိ ဓုတင်ဆောင်ကြောင်း အသိပေးမှာ မဟုတ်ပါဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။အကဲခတ်ပြီး ကြည်ညိုရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ နဘူးကျောင်းဆရာတော်ကြီး ဆွမ်းဘုဉ်းပေးရင် တံခါးမင်းတုပ်ထိုးပြီး ဘုဉ်းပေးတော်မူလေ့ရှိတယ်။ အသည်းရောဂါဖြစ်လို့ ရန်ကုန်ကို ဆေးကုဖို့ရောက်သခိုက် မနက် ဆွမ်းခံတော်မူပြီး ဆွမ်းဘုဉ်းဖို့ တံခါးပိတ်မယ်ဆိုတော့ ကပ္ပိယက “တပည့်တော် တံခါးစောင့်ပါ့မယ်”ဆိုလို့ တံခါးမင်းတုပ်မထိုးဘဲ စေ့ရုံစေ့ထားပြီး ဆွမ်းဘုဉ်းပေးတော်မူနေတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယက တံခါးစောင့်နေတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်လေ ကပ္ပိယက တံခါးနှစ်ချပ် စေ့ထားပြီး တံခါးကို ကျောမှီစောင့်ရင်း၊ စောင့်ရင်း

အိပ်ပျော်သွားသတဲ့။ ဆရာတော်ကြီးက *"ဟော့ ကပ္ပိယလာပါဦး ဘယ်လိုလုပ်တာတုံး"*လို့ အသံကြားမှ သူက နိုးလာတယ်။

Dr. အောင်သူ ။ ။ တံခါးစောင့်နေတဲ့ ကပ္ပိယက ဘာမှားသွားသလဲဘုရား။

ဆရာတော် ။ ။ ကပ္ပိယ ဘယ်လောက် အိပ်ပျော်သွားသလဲဆိုရင် သူကျောမှီမထားမိတဲ့ တံခါးတစ်ချပ်ကို တွန်းဖွင့်ပြီး ဆရာတော် ဆွမ်းဘုဉ်းပေးနေတဲ့ အခန်းထဲ လူတစ်ယောက် ရောက်သွားတယ်။

Dr. အောင်သူ ။ ။ လူတစ်ယောက်ရောက်တာနဲ့ ဓူတင်ပျက်သွားပြီလားဘုရား။

ဆရာတော် ။ ။ မပျက်ပါဘူး။ နားထောင်ဦးလေ။ ဖြစ်ပုံက ဒီလို အခန်းထဲရောက်သွားတဲ့ သဒ္ဓါတရား အားကောင်းလွန်းတဲ့လူက ဆရာတော်ကြီး ဆွမ်းဘုဉ်းလက်စ သပိတ်ထဲကို ဘာမပြောညာမပြောနဲ့ ထမနဲခဲ တစ်တုံး လောင်းထည့်လိုက်တယ်။ ကပ္ပိယကို သူရှင်းပြတာက *"ဆရာတော်ကြီးကို ဆွမ်းလောင်းချင်တာ မမီတော့လို့ ဆွမ်းဘုဉ်းအမီ ပြေးတက်လာတာဗျာ၊ အပေါ်ရောက်တော့ ခင်ဗျား အိပ်ပျော်နေတာနဲ့ အားနာလို့ မနှိုးတော့ဘဲ၊ စေ့ထားတဲ့*

*တံခါးတစ်ချပ် အသာလှပ်ပြီး ဆရာတော့် သပိတ်ထဲကို ထမနဲလောင်းလိုက်တာလေဗျာ"*တဲ့။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဘာမိန့်သေးသလဲဘုရား။

ဆရာတော် ။ ။ တံခါးစောင့်တဲ့ ကပ္ပိယဘက်ကိုလှည့်ပြီး "မင်းနှယ်ကွာ"ဟု တစ်လုံးထဲ မိန့်တော်မူပြီး ဆွမ်းကို ဆက်မဘုဉ်းပေးတော့ဘူးလေ။ မမာမကျန်းဖြစ်နေတော်မူတဲ့ဆရာတော်အဖို့ ဘုဉ်းပေးပြီးသမျှဆွမ်းနဲ့ပဲ တစ်နေကုန် ရောင့်ရဲတော်မူရရှာတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီးများ သီလပြည့်စုံစွာ ကျင့်နိုင်ဖို့ရာ ကပ္ပိယရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်က တော်တော့်ကို အရေးကြီးတယ်ဆိုတာ နားလည်လာပါပြီဘုရား။

ဆရာတော် ။ ။ ဒါကြောင့် သဒ္ဓါလွန်ကဲ ဉာဏ်ပညာမဲ့တဲ့ ဒကာ၊ ဒကာမတွေရဲ့ ဇွတ်တရွတ်လုပ်တတ်တဲ့ အန္တရာယ်က ကြီးတယ်ဒကာကြီး။ သူတို့က ဘယ်ဆရာတော်အိမ် မကြွဘူးလို့ နာမည်ကြီးနေတာ၊ ငါ့အိမ်ပင့်ကို ကြွပေးတယ်ဆိုတာ တစ်မျိုး၊ ဘယ်ဆရာတော်က ဆွမ်းလောင်းရ ခက်တယ်တဲ့၊ ငါတော့ ရအောင်လောင်းခဲ့တယ်ဆိုတာတစ်ဖုံ ကြွားလုံး ထုတ်ကြ

တယ်။ ဒါပေမဲ့ သူတော်ကောင်းတို့ရဲ့ကျင့်စဉ်ကို အများကြီး အနှောင့်အယှက် ဖြစ်သွားတာ သူတို့ ခမြာ ညာဏ်မမီရှာဘူး။

Dr. အောင်သူ ။ ။ အော် ဒါကြောင့် ကပ္ပိယ လိမ္မာပါးနပ်ရမယ်ဆိုတာ ဘုန်းဘုန်းခဏခဏမိန့်တော်မူတာ အခုမှ သဘောပေါက်တော့တယ်။ တပည့်တော် ကပ္ပိယ ကောင်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓုပါ ဒကာကြီး။

## ၉။ ကပ္ပိယဒါယကာများ လိမ္မာပါးနပ်ဖို့ အထူးပင်လိုအပ်တယ်

Dr. အောင်သူ ။ ။ မိမိရဲ့မလိမ္မာမှုကြောင့် သူတော်ကောင်းကြီးတို့မှာ အနှောင့်အယှက်ဖြစ်ရတာသိရလို့စိတ် မကောင်းပါဘူးဘုရား။

ဆရာတော် ။ ။ အနှောင့်အယှက်ဖြစ်ရုံမကဘူး သူတို့ရဲ့ မလိမ္မာမှုကြောင့် အရှက်ရတာလည်း ရှိခဲ့ဖူးတယ်။

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၈၈)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

Dr. အောင်သူ ॥ ॥ နားထောင်ချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ နဘူးကျောင်းဆရာတော်ကြီးက သာရေး၊ နာရေးကိစ္စတွေ သာမက ရှင်ပြု၊ ရဟန်းခံ၊ ကထိန် မကြွဘူး။ တရားလည်း မဟောဘူး၊ ပရိတ်ရွတ်လည်း ကြွတော်မူလေ့ မရှိဘူး။

Dr. အောင်သူ ॥ ॥ သိမ်သမုတ်ကြွတော်မူတာတော့ ရှိတယ် ထင်တယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်၊ သိမ်ကိစ္စဆိုရင်တော့ ခရီးဘယ်လောက်ဝေးဝေး၊ ဘယ်လောက် ပင်ပန်းပါစေ နေမကောင်းရင်လည်း ကြွတော်မူတယ်။ သိမ်သမုတ်ကြွရင်း အိမ်တစ်အိမ်ရှေ့မှာ ခေတ္တခဏ နားတော်မူတယ်။ အိမ်ရှင်က ဆရာတော်ကြီးကို *"ဗောဇ္ဈင်ပရိတ်တရားကို ဘုရားတပည့်တော်မ၏ မိသားစုကို ငဲ့ညှာသနားသောအားဖြင့် ချီးမြှင့်ပေးသနားတော်မူပါဘုရား"* လို့ လျှောက်လာတယ်။

Dr. အောင်သူ ॥ ॥ ဆရာတော်ကြီး ပရိတ်ရွတ်ကြွတာလားဘုရား။

ဆရာတော် ॥ ॥ မဟုတ်ဘူး၊ သိမ်သမုတ်ကြွတော်မူတာလေ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အိမ်ရှင်ကပွဲယ ဒါယကာရဲ့ လျှောက်ထားချက်ကြောင့် ဆရာတော်ကြီးအဖို့ အခက်အခဲ ဖြစ်လာမှာကို ထင်မှတ်ထားဟန် မတူဘူး။ ဒါကြောင့် သူတို့မိသားစုက ဆရာတော်ကြီးရှေ့မှာ ပရိတ်တရားတော်နာယူဖို့ လက်အုပ်ချီပြီး စောင့်နေကြတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုများ အခက်အခဲဖြစ်သွားပါသလဲ ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး မိန့်တော်မူတာကြည့်လေ

"*တောဘုန်းကြီးဆိုပြီး သိပ်တော့ အထင်မကြီးနဲ့ ဒီဘုန်းကြီးက မေတ္တာသုတ် ပရိတ်လောက်ပဲ အလွတ်ရတော့တာ၊ ကျန်တဲ့ပရိတ်တွေ မေ့ကုန်ပြီ၊ ဦးကလျာဏ အရှင်ဘုရားပဲ ရှေ့က ဦးဆောင်ရွတ်ပါဘုရား၊ တပည့်တော် နောက်က အသာလိုက်ရွတ်လို့တော့ ရနိုင်လောက်ပါသေးတယ်*"လို့ ဆရာတော်ကြီးနဲ့အတူ လိုက်ပါလာတဲ့ ဆရာတော် ဦးကလျာဏကို အကူအညီ တောင်းတော်မူရတယ်။

Dr. အောင်သူ ။ ။ အိမ်ရှင်က ပရိတ်ရွတ်ဖို့ တောင်းလိုက်မိတာ၊ ဆရာတော်ကြီးကို အားနာစရာကြီးဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကပ္ပိယဒါယကာတွေ လိမ္မာဖို့ လိုတယ်နော်။ အခုလိုပဲ မလိမ္မာတဲ့ ဒါယကာကြောင့် မစိုးရိမ်ဆရာတော်လောင်းလျာငယ်စဉ်က ဒုက္ခရောက်ခဲ့ရတာ ပြောပြဦးမယ်။

Dr. အောင်သူ ။ ။ မန္တလေး မစိုးရိမ်တိုက်က မူလဆရာတော် ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဆရာတော် ကြုံခဲ့ရတာက "*တို့ပထမကျော်အောင်ပြီးစက မန္တလေးမြို့ထဲက ဒကာကြီးတစ်ယောက် အိမ်မှာဆွမ်းကပ်ပြီးနောက် 'ပရိတ်ကြီး ၁၁ သုတ် ရွတ်ဖတ် ချီးမြှင့်ပါဘုရား' လို့ လျှောက်ထားတယ်၊ တို့ငယ်ငယ်တုန်းကတော့ ပရိတ်ကြီး ၁၁ သုတ် ရပါရဲ့၊ ညက်ညက်ကို ကျေလို့ မေ့လိမ့်မယ်တောင် မထင်မိခဲ့ဘူး၊ ဒါပေမဲ့ မရွတ်တာကြာတော့ မေ့ကုန်တယ်၊ ခက်တာက အဲ့ဒီ လျှောက်ထားတဲ့ ဒကာကြီးက နေ့စဉ် ပရိတ်ကြီး ၁၁ သုတ်ကို ရွတ်ဖတ်နေတဲ့ အဘိုးကြီး၊ သူ့ရှေ့မှာ မရဘဲနဲ့ ရယောင်ကားလုပ်ပြီး ရွတ်ရင်မှားမှန်း သိသွားမယ်၊ ဒီတော့ မရွတ်ရဲဘူး၊ ရှက်ရှက်နဲ့ပဲ ပရိတ်ကြီး ၁၁ သုတ် မေ့ကုန်ပြီ ဒကာကြီးလို့ ဝန်ခံလိုက်ရတယ်*" တဲ့ဗျာ။

Dr. အောင်သူ ။ ။ တချို့ပရိတ်တို့၊ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသတို့ အလွတ် ရတဲ့ ဒကာ ဒကာမတွေက ပညာစမ်းတတ်ကြ တယ်လို့ ကြားဖူးတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်လိမ့်မယ်။ ဒကာကြီး ပြန်လျှောက်တဲ့ စကား ကိုထောက်ဆရင် ဖြစ်နိုင်တယ်။

Dr. အောင်သူ ။ ။ ကပ္ပိယဒကာကြီးက ဘယ်လိုလျှောက်ထား ပါသလဲဘုရား။

ဆရာတော် ။ ။ *'ဦးပဥ္စင်း ပထမကျော် အောင်ပြီး ပရိတ်ကြီး ၁၁ သုတ်မှ မရဘဲကိုး'* လို့ ပြောလိုက်သေးသတဲ့။ ဆရာတော်က *"ငါတော့ အဲဒီတုန်းက ရှက်လိုက် တာကွာ၊ နောက် အဲဒီဒကာကြီးနဲ့ အတွေ့ကို မခံရဲတော့ဘူး"* လို့ မိန့်တော်မူဖူးတယ်။

---

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၄၃)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

## ၁၀။ ပစ္စည်း၊ မာတု ဉာဏ်နှစ်ခု ဘိက္ခုသေမင်း မြားနှစ်စင်း

M.A ကျောင်းသား ။ ။ သာသနာမှာ မာတုဂါမ ကြောင့် ရဟန်းတစ်ပါး သင့်ရောက်နိုင်တဲ့ အာပတ်က ဘယ်လောက်များရှိ ပါသလဲဘုရား။

ဆရာတော် ။ ။ ပါရာဇိကအာပတ်ကနေ ဒုက္ကဋ်အာပတ် အထိ သင့်နိုင်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မကသေး ဘူး။ မာတုဂါမကြောင့် လူထွက်သွားတဲ့ အထိလည်း ဖြစ်တတ်တယ်။

M.A ကျောင်းသား ။ ။ ငွေကြောင့်လည်း လူ ထွက်နိုင်တယ်လို့ မိန့် ဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ငွေကြောင့် လည်း ရဟန်းဘဝက လျှောကျပြီး သေနိုင်တယ်။ မာတုဂါမကြောင့် လည်း ရဟန်းဘဝက လျှောကျပြီး သေနိုင်တယ်။ ဒါကြောင့် ဆရာတော်ကြီးများက *'ပစ္စည်း၊ မာတု ဉာဏ်နှစ်ခု ဘိက္ခုသေမင်း မြားနှစ်စင်း'*လို့ ဆုံးမတော် မူလေ့ရှိပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ မဟာဗောဓိမြိုင် ဆရာတော်ကြီး မိန့်တော်မူထားတဲ့ ဩဝါဒစကားကလည်း မှတ်သားထိုက်ပါတယ်။

M.A ကျောင်းသား ။ ။ မာတုဂါမ အကြောင်းပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်ကြီးက "အရှင်ဘုရားတို့ မြင်မြင်သမျှ မာတုဂါမတွေကို မကြောက်ကြပါနဲ့ ဘုရား၊ ဘဝသံသရာမှာ လင်မယားလုပ်တမ်း မကြာမကြာကစားခဲ့ဖူးတဲ့ မာတုဂါမနဲ့ဆုံရင်တော့ ကြပ်ကြပ် သတိထားတော်မူပါဘုရား၊ မိမိကိုယ်ကိုလည်း အထူးဂရုပြု စောင့်ရှောက်တော်မူပါဘုရား"လို့ ထိထိမိမိ သတိပေး ဆုံးမတော်မူဖူးတယ်။

M.A ကျောင်းသား ။ ။ ဆရာတော်ကြီး မိန့်တော်မူသလို ဒီမာတုဂါမနဲ့ ဘဝဘဝက ဆုံခဲ့၊ ကြုံခဲ့တယ်ဆိုတာ ဘယ်လိုများ သိရပါမလဲဘုရား။

ဆရာတော် ။ ။ ကံသေ၊ ကံမ၊ အပ်ချ၊ မှတ်ချ မသိနိုင်ပါသော်လည်း ဒီမာတုဂါမနဲ့ ဘဝါဘဝတွေမှာသာ အနေနီးခဲ့မယ်ဆိုရင် ဒီဘဝမှာလည်း ဆုံလိုက်တာနဲ့ကို

အနေနီးဖို့သတ္တိက သိသိသာသာကြီး လျှံ့ဆော်လာတတ်ပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မြင်မြင်ချင်း ချစ်မိတယ် ဆိုတာမျိုးများပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပေလိမ့်မယ်။ မောင်ကျောင်းသား။

## ၁၁။ ကပ္ပိယအခန်းကဏ္ဍ နေရာတိုင်းမှာအရေးပါ

Dr. အောင်သူ ။ ။ ကပ္ပိယများနဲ့ တစ်မိုးအောက် ညကျိန်းမိရင် ရဟန်းမှာ အာပတ်သင့်ပါသလားဘုရား။

ဆရာတော် ။ ။ လူဒါယကာတင်မကဘူး၊ ကိုရင်လေးတွေနဲ့လည်း တစ်မိုးတစ်ရံအောက်မှာ အရုဏ်တက်သည့် အထိသုံးညထိပဲ ကျိန်းခွင့်ရှိတယ်။ သုံးညထက်ကျော်လွန်ရင် အဲဒီမှာလည်းပဲ အာပတ်ရှိတယ်လေ။

Dr. အောင်သူ ။ ။ အသေးစိတ်သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ သုံးညကျော်လို့ရှိရင်တော့ အရုဏ်မတက်ခင်

ရဟန်းကဖြစ်ဖြစ်၊ လူကဖြစ်ဖြစ် အိပ်ရာကနေ ထလိုက်ရတယ်။ အရုဏ်တက်ပြီးတဲ့ အချိန်ထိ ခေါင်းချပြီး အိပ်လျက်ရှိနေမှ အာပတ်သင့်တာပါ။ သုံးညအိပ်ပြီး စတုတ္ထည အရုဏ်မတက်ခင် ရဟန်းကဖြစ်ဖြစ်၊ လူကဖြစ်ဖြစ် ထရင်တော့ နောက်ထပ် သုံးည အရုဏ်တက်တဲ့အထိ နေခွင့်ရှိပါတယ်။

Dr. အောင်သူ ။ ။ မာတုဂါမနဲ့ကျတော့ အရုဏ်တက်ချိန် လွန်ရင် အာပတ်သင့်တာပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ဘူး၊ မဟုတ်ဘူး၊ မာတုဂါမတွေနဲ့ တစ်မိုးတစ်ရံအောက်မှာ တစ်ညလေးတောင်မှ ကျိန်းခွင့် မရှိပါဘူး။ ခေါင်းချလိုက်တာနဲ့ တစ်ပြိုင်နက် အာပတ်သင့်တယ်။

Dr. အောင်သူ ။ ။ နှစ်ထပ်အိမ်များဆိုရင်တော့ အပေါ်ထပ် ရဟန်းသီတင်းသုံးပြီး အောက်ထပ်မှာ မာတုဂါမနေရင် အာပတ်လွတ်ပါ့မလားဘုရား။

ဆရာတော် ။ ။ ရဟန်းနဲ့ တစ်မိုးတစ်ရံထဲမှာ မာတုဂါမ မရှိရင်တော့ ပိုပြီး ကောင်းပါတယ်။ ဒါပေမဲ့ နှစ်ထပ်အိမ်ဖြစ်ပြီး လှေကားက အပြင်ဘက်ကနေ တပ်ထားရင် ရဟန်းက အပေါ်မှာ ကျိန်းစက်ပြီး မာတုဂါမက အောက်မှာအိပ်ရင် တစ်မိုးဖြစ်သော်လည်း

ပဲ အကာတစ်ဆက်တည်း မဟုတ်ဘဲ ဥပစာအများ ဖြစ်တဲ့အတွက်ကြောင့် အပြစ်လွတ်ပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ဝိနည်းလေး စားတော်မူကြတဲ့ ဆရာ တော်ကြီးများက ကျောင်းဆောက်ရင် လှေကားကို အပြင်မှာ ထားတော်မူကြတယ်။

## ၁၂။ ရှင်ဘုရင်လာတာ ငါက အာဂန္တုကဝတ် ပြုရဦးမှာလား

Dr. အောင်သူ ။ ။ ဝိနည်းလေးစားတော်မူ တဲ့ ဆရာတော်များက ဒကာ၊ ဒကာမများကို ခရီးဦး မကြိုဆိုရဘူးလို့ ကြားဖူးတာ ကြာပြီဘုရား။ အဲဒါ ဘာရည်ရွယ်ချက် ကြောင့်လဲဆိုတာ ကပ္ပိယတစ်ယောက်အနေနဲ့ သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ ကပ္ပိယ တစ်ယောက်အနေနဲ့ ဒါကို သေသေချာချာ သိသင့်ပါတယ်။

Dr. အောင်သူ ။ ။ တစ်ခါတစ်လေ တပည့် တော်တို့အပေါ် အရှင် ဘုရားထံပါးက ဆက်ဆံတာ ခပ်စိမ်းစိမ်း တစ်မျိုး

ဖြစ်တတ်အဲဒါမျိုးကိုလည်း တပည့်တော် မေးကြည့်ချင်နေတာပါဘုရား။

ဆရာတော် ။ ။ ကောင်းပြီပြောပြပါ့မယ်။

Dr. အောင်သူ ။ ။ တပည့်တော်စိတ်ထဲလည်း ဆရာတော်ဘုရား ဆက်ဆံရေး နည်းနည်းစိမ်းရင် တပည့်တော်များ တစ်ခုခု အမှားလုပ်မိထားသလားလို့တောင် တွေးနေမိတတ်တယ်။ သို့သော် အရှင်ဘုရားနဲ့ တပည့်တော်ရဲ့အကြား ဆက်ဆံရေးက ခဏလေး အတွင်းမှာပဲ နွေးနွေးထွေးထွေး ပြန်ပြန်ဖြစ်သွားပြန်လို့ မမေးဖြစ်သေးတာပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ ရဟန်းတစ်ပါး စောင့်ထိန်းထားရတဲ့ ဝိနည်းစည်းကမ်းတွေက များပြားလှပါတယ် ဒကာကြီး၊ ဒါကြောင့် အခြေအနေတစ်ခုကို ကြည့်ပြီး တစ်မုဟုတ်ချင်း မဆုံးဖြတ်သင့်ဘူး။ မျက်စိတစ်ဆုံး ကြည့်တတ်ဖို့လိုတယ်။

Dr. အောင်သူ ။ ။ ရဟန်းတော်များ လိုက်နာကျင့်သုံးတော်မူနေတဲ့ ဝိနည်းဆိုင်ရာ ဗဟုသုတရှိဖို့ လိုတာလည်း ပါမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ အရေးတကြီးကို လိုအပ်ပါတယ်။ ဘုရားဥပဒေတော်မှာက အာဂန္တုဆရာတော် တစ်ပါးပါး မိမိသီတင်းသုံးရာကျောင်းကို

ကြွလာရင် အာဂါသိကဖြစ်တဲ့ ကျောင်းထိုင်ဆရာတော်က ခရီးဦး ကြိုဆိုရမယ်၊ သပိတ်သင်္ကန်းကို လှမ်းယူရမယ်၊ နေရာခင်းပေးရမယ်၊ ခြေဆေးရေတွေ၊ ချိုးရေတွေ၊ သောက်ရေတွေ တည်ပေးရမယ်၊ ဆွမ်းချိန်ဆွမ်း၊ ဖျော်ရည်အချိန် ဖျော်ရည် ဆက်ကပ်ရမယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ရဟန်းတော်များ အပေါ် ဝါကြီးကြီး ငယ်ငယ် ညွှတ်ဝတ်ကျေရမယ်လို့ နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ သို့သော် ရာထူးကြီးတဲ့ လူဒါယကာ၊ ဒါယိကာမတို့ ကျောင်းကိုလာရင် ခရီးဦးကြိုဆိုတာတို့၊ မိမိကိုယ်ကို နှိမ့်ချ ပြောဆိုတာမျိုးကို ဝိနည်းအရ ခွင့်မပြုပါဘူး။

Dr. အောင်သူ ။ ။ တော်တော်သတိပြုစရာ ကောင်းတဲ့ သိက္ခာပုဒ် ပါပဲဘုရား။

ဆရာတော် ။ ။ ဘကြီးတော်မင်းတရား လက်ထက်တော် ဆရာတော်ဦးဗုဓ်အကြောင်း သတိရလို့ ပြောပြဦးမယ်၊

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မင်းကြီးက ဆရာတော်ကို အလွန် ကြည်ညိုတဲ့အတွက် ဆရာတော်ကိုဖူးမြင်ဖို့ ကျောင်းတော်ကို မကြာခဏ သွားလေ့ရှိတယ်။

Dr. အောင်သူ ။ ။ ဘုရင်တစ်ပါးတည်း ကြွတာလားဘုရား။

ဆရာတော် ။ ။ ဘုရင်ကြွလာမှ တော့ မှူးကြီးမတ်ရာ ဝန်ကြီး အပါအဝင် ရှေ့တော်ပြေးတွေလည်းပါတာပေါ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုရင့်ရှေ့တော်ပြေးတွေက ဆရာတော်သီတင်းသုံးတော်မူရာကျောင်းကို အလျင်အမြန် သွားကြတယ်၊ ဆရာတော်ဦးဗုဓ်က ကျောင်းတလင်းပြင် တံမြက်လှည်း နေတော်မူတယ်။ မင်းချင်းယောကျ်ားတွေက *"ဆရာတော်ဘုရား မင်းတရားကြီးကြွလာနေပါပြီဘုရား"*လို့ လျှောက်ထားကြတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီးက ဘုရင်ကို ဧည့်ဝတ်ပြုရမှာလားဘုရား။

ဆရာတော် ။ ။ မပြုရဘူးလေ။ ဆရာတော်က *"နင်တို့ ရှင်ဘုရင်လာတာ ငါက အာဂန္တုကဝတ် ပြုရဦးမှာလား"* လို့ တံမြက်စည်းကိုင်ထားလျက် အသံပြတ်ပြတ် မိန့်တော်မူလိုက်တယ်။

Dr. အောင်သူ ။ ။ မင်းတရားကြီးက ဆရာတော်ဖူးဖို့ ရောက်လာပါသလားဘုရား။

ဆရာတော် ။ ။ ဘုရင်က ခပ်လှမ်းလှမ်းက အကဲခတ်တာအခြေအနေဟန်ပုံမရလို့ ခပ်ဝေးဝေးကပဲ ဦးချကန်တော့ပြီး ပြန်ခဲ့သတဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ ရှေးအခါ ကာလက ဆရာဒကာ ဆက်ဆံရေးက သိပ်ကြည်ညိုလေးစားစရာ ကောင်းလှပါတယ်ဘုရား။

ဆရာတော် ။ ။ ဒါပေမဲ့ ကျောင်းကို ဒုက္ခပေးဖို့လာတဲ့ လူဆိုး၊ သူခိုး၊ ဓားပြ၊ ဥပဒေမဲ့ပြုနိုင်တဲ့ လက်နက်ကိုင်ထားတဲ့သူတွေကိုတော့ အန္တရာယ်မပြုနိုင်အောင်လို့ ပေးကမ်း ကျွေးမွေးခွင့်ရှိတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ လူဒကာ၊ ဒကာမများကိုကျွေးခွင့်တော့ မရှိတာပါလားဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေတော်မှာက မိမိကို ကြည်ညိုစေချင်လို့၊ လျှုဒါန်းစေချင်လို့ဆိုတဲ့ မျှော်လင့်ချက်နဲ့တော့ လူဒကာ ဒကာမတွေကို လောကွတ်ပျူငှာ မလုပ်ကောင်းဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ တပည့်တော်တို့ ကပ္ပိယဒကာတွေ အနေနဲ့က ခရီးဦးကြိုတာ၊ စားစရာတွေ ဘာတွေနဲ့ ဧည့်ခံတာ၊

လောကဝတ်တွေလုပ်ရင် အာပတ်သင့်မှာလား ဘုရား။

ဆရာတော် ။ ။ ကပ္ပိယမှာ ဘာအာပတ်မှ မသင့်ပါဘူး။ လုပ်သင့်တာလုပ်နိုင်ပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ နားလည်ပါပြီဘုရား၊ ကပ္ပိယလိမ္မာဖို့၊ ကပ္ပိယအကင်းပါးဖို့ လိုအပ်ကြောင်း သဘောပေါက်ပါပြီဘုရား။

## ၁၃။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၁

M.A ကျောင်းသား ။ ။ တပည့်တော်တို့ နိုင်ငံကို သာသနာတော်ရောက်ရှိလာတာ အနော်ရထာမင်း လက်ထက်မှာလို့ ပြောတာကြားဖူးတယ်၊ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ ဒါပေမဲ့ မပြည့်စုံသေးပါဘူး။

M.A ကျောင်းသား ။ ။ ပြည့်ပြည့်စုံစုံ သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မင်းအနော်ရထာ မတိုင်ခင် တတိယသင်္ဂါယနာ

နောက်ပိုင်း သီရိဓမ္မာသောကမင်းကြီး စေလွှတ်ခဲ့တဲ့ သာသနာပြုအဖွဲ့ မြန်မာနိုင်ငံသုဝဏ္ဏဘူမိကို ရောက်တဲ့သာခေတ်ရှိပါသေးတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဒါကြောင့် သထုံက ပုဂံ ထက်စောပြီးသာသနာ တည်ထွန်းနေတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်၊ ပုဂံပြည်ကို သထုံကနေ ပိဋကတ်တော်များကို မင်းအနော်ရထာက ပင့်ဆောင်ခဲ့တာပါ။

M.A ကျောင်းသား ။ ။ ပုဂံပြည်ကို သာသနာ ရောက်တာ အခုဆိုရင် နှစ်ပေါင်း ဘယ်လာက်ကြာပြီလဲဘုရား။

ဆရာတော် ။ ။ မင်းနော်ရထာရဲ့ နန်းစံသက်က (AD ၁၀၄၄ - ၁၀၇၇) ဖြစ်တဲ့အတွက် ဒီကနေ့ နှစ်ပေါင်း တစ်ထောင် ပြည့်လုနီးနေပါပြီ။

M.A ကျောင်းသား ။ ။ ဒါကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးလို့ခေါ်တာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ သာသနာသက်တမ်း ကြာတာနဲ့အမျှ မြန်မာယဉ်ကျေးမှုနှင့် ဗုဒ္ဓယဉ်ကျေးမှုကို ခွဲခြားလို့

မရတော့ပါဘူး။ ဒါကြောင့် ကိုးကွယ်တဲ့ဘာသာနှင့် လူမျိုးကို ပေါင်းစပ်ပြီး ဂုဏ်ယူဖွယ် ဗုဒ္ဓဘာသာ မြန်မာလူမျိုးလို့ ခေါ်ဝေါ်ကြသလို မြန်မာဘာသာစကားထဲမှာလည်း ပါဠိဝေါဟာရစကားလုံး လေးထောင်နီးပါးက နည်းအမျိုးမျိုးနဲ့ ပါဝင်နေကြောင်းကို အဘိဓာန် ကျမ်းပြုပညာရှင်များက ထောက်ပြကြပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒါကြောင့် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားတဲ့ အတွက်သာသနာတော်ဆိုင်ရာ အသုံးအနှုန်းတောင်မှ သီးခြား တစ်ခန်းတစ်ကဏ္ဍကို ရှိနေပါတယ်။

M.A ကျောင်းသား ။ ။ ဘယ်လိုအသုံးအနှုန်းများပါလဲဘုရား။

ဆရာတော် ။ ။ သံဃာတော်များ ထံပါးပေးလှူရင် 'ဆက်ကပ်တယ်'၊ စားတာကို 'ဘုဉ်းပေးတယ်'၊ သွားတာကို 'ကြွတယ်' ပြောတာကို 'မိန့်တယ်' စသည်အားဖြင့် အကျယ်တဝင့် ရှိပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါ၊ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် သံဃာတော်များနဲ့ ဆက်ဆံရာမှာ

မြန်မာ့ယဉ်ကျေးမှုနဲ့ မသွေဖည်ရဘူးလို့ သီးခြား ဥပဒေသ မရှိသော်လည်း ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျင့်သုံးလာခဲ့ကြတဲ့ သာသနာတော်ဆိုင်ရာ မြတ်နိုးဖွယ်ရာယဉ်ကျေးမှု အသုံးအနှုန်းတွေ ဖြစ်ပါတယ်။ တစ်ဖက်က ပြော ရရင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ရဲ့ ဂုဏ်ယူ ဖွယ်ရာ ကိုယ်ပိုင်ဘာသာစကားနှင့် ကိုယ်ပိုင် ယဉ်ကျေးမှုဓလေ့တွေ ဖြစ်ပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ တပည့်တော်တို့ရဲ့ နေ့စဉ် အမှတ်မထင် သုံးနှုန်းပြောဆိုနေတာတွေကကို တပည့်တော်တို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေတာပါလားဆိုတာ အခုမှပဲ သိလာရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ သာသနာတော် ဆိုင်ရာ အသုံးအနှုန်းကို အခုထက်ပိုပြီး ကျယ် ကျယ်ပြန့်ပြန့် သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ သာသနာတော်ဆိုင်ရာ အပြော အဆိုအပိုင်းကတစ်ခု၊ အပြုအမူအပိုင်းက တစ်ခု၊ အနေအထိုင်၊ အမူအရာအပိုင်းကတစ်ခု၊ ဝတ်စား ဆင်ယင်မှုအပိုင်းက တစ်ခုဆိုပြီး ရှိပါတယ်။

M.A ကျောင်းသား ။ ။ အပိုင်းလေးပိုင်းပါလား ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်၊ ဒါပေမဲ့ အခုခေတ်အတွက်
တယ်လီဖုန်းဆိုင်ရာ ယဉ်ကျေးမှုအပိုင်းလည်း တစ်ခုပါလိမ့်ဦးမယ် မောင်ကျောင်းသား။
M.A ကျောင်းသား ॥ ॥ တယ်လီဖုန်းဆိုင်ရာနှင့် ဝတ်စားဆင်ယဉ်မှုက
တပည့်တော်တို့ ခေတ်လူငယ်၊ လူရွယ်တွေနဲ့ ပိုဆိုင်မယ်လို့ ထင်ပါတယ်ဘုရား။
ဆရာတော် ॥ ॥ ဟုတ်တယ်၊ ဟုတ်တယ်။

## ၁၄။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၂

M.A ကျောင်းသား ॥ ॥ သာသနာ့ယဉ်ကျေးမှုထဲက အပြောအဆို
အပိုင်းကို ရှေးဦးစွာ သိချင်ပါတယ်ဘုရား။
ဆရာတော် ॥ ॥ အပြောအဆိုအပိုင်းတင် မကပါဘူး။ အားလုံး
အရေးကြီးပါတယ်။ သို့သော် မောင်ကျောင်းသား လျှောက်ထားသလို အပြောအဆိုအပိုင်းကို ရှေးဦးစွာ ပြောပြမယ်နော်။
M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ။ ။ အခု ‘မှန်ပါဘုရား’ က
လည်း သာသနာ့ယဉ်
ကျေးမှု အပြောအဆိုအပိုင်းပါပဲ။

M.A ကျောင်းသား ။ ။ အမှတ်မထင် တပည့်
တော်တို့ရဲ့နေ့စဉ် ဘဝ
က သာသနာ့ယဉ်ကျေးမှုနှင့် အသားကျနေသလို
ပါပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဒါကြောင့်
မြန်မာ့ယဉ်ကျေးမှုနှင့်
ဗုဒ္ဓယဉ်ကျေးမှုကို ခွဲခြားလို့မရကောင်းဘူးလို့
ပြောတာပါ။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အသုံးအနှုန်းတွေ ပြော
ပြဦးမယ်နော်။ ရဟန်း
သံဃာတော်များကို ဖိတ်ကြားလိုရင် *“ပင့်လျှောက်
ပါတယ်ဘုရား”* ရဟန်းသံဃာတော်များကို ခေတ္တ
ရပ်စေလိုရင် *“ရပ်တော်မူပါဘုရား”*။

M.A ကျောင်းသား ။ ။ တပည့်တော် သတိရပြီ၊
ဒီနေ့မနက်ကပဲ မေမေ
က ဆွမ်းထွက်လောင်းတာ နောက်ကျတယ် ထင်
တယ်။ ဒါကြောင့် *“ရပ်တော်မူပါဘုရား”*လို့
ခပ်ကျယ်ကျယ် အော်လျှောက်တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ မောင်ကျောင်း
သား။ ဆက်ပြောမယ်

နော် သံဃာတော်များကို စကားပြောဆိုစေလိုရင် *"အမိန့်ရှိတော်မူပါဘုရား"*၊ မိမိကိုယ်မိမိ ရည်ညွှန်းလိုရင် *"တပည့်တော်၊ တပည့်တော်မ"*လို့ လျှောက်ရပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ တပည့်တော်တို့ရဲ့ နေ့စဉ်အသုံးအနှုန်းတွေပါပဲဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ ဆက်ပြောပြမယ်နော်၊ သံဃာတော်များအား ပြန်ဖြေကြားရင် *"တင်ပ့ါဘုရား"* လို့ လျှောက်ထားရပြီး၊ ဟုတ်မှန်ကြောင်း ဝန်ခံရင် *"မှန်ပ့ါအရှင်ဘုရား"*၊ *"တင်ပ့ါအရှင်ဘုရား"*လို့ လျှောက်ရပါတယ်။ မဟုတ်မှန်ကြောင်း လျှောက်ထားရင်လည်း *"မဟုတ်ပါ အရှင်ဘုရား"*၊ *"မမှန်ပါ အရှင်ဘုရား"*လို့ သုံးနှုန်းရပါတယ်။ သံဃာတော်များက ပြောတာကိုတော့ *"မိန့်တော်မူတယ်"*လို့ သုံးနှုန်းရပါတယ်။

M.A ကျောင်းသား ။ ။ သူငယ်ချင်းရဲ့ အဘွားဆုံးလို့မနက်ဖြန် သင်္ဂြိုဟ်မှာပါဘုရား။ ဒီနေ့ညနေ ဘုန်းကြီးသွားပင့်ရင် တပည့်တော်က အဖော်လိုက်ပေးရမှာပါဘုရား။ အခုလို လူသေလို့သင်္ဂြိုဟ်မှာကို ဘယ်လိုများ မှန်မှန်ကန်ကန် ပင့်လျှောက်ရပါမလဲဘုရား။

ဆရာတော် ။ ။ သံဃာတော်များကို *"သင်္ချိုင်းကုန်းကို ကြွပါဘုရား"*၊ *"မသာပို့ကြွပါဘုရား"* *"မသာအိမ်ကို ကြွပါဘုရား"* လို့ မလျှောက်ရပါဘူး။ *"အသုဘရှုကြွတော်မူပါဘုရား"*၊ *"မြေချတရားတော် ချီးမြှင့်ပေးရန် ကြွတော်မူပါဘုရား"*လို့ လျှောက်ရပါမယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဒီနေ့ပဲ မှတ်သား လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ သံဃာတော်များ ဆွမ်းခံလာတာကို *"ဆွမ်းခံကြွလာတယ်"* လို့ သုံးနှုန်း ရပါတယ်။ လှူဒါန်းဖို့ အဆင်သင့်မဖြစ်ရင် *"ကန်တော့ ဆွမ်းပါဘုရား"*လို့ လျှောက်ရပါတယ်။

M.A ကျောင်းသား ။ ။ ဆွမ်းအဆင်သင့်မဖြစ်လို့ ငွေစက္ကူကပ်ရင် သင့်ပါ့မလားဘုရား။ အိမ်မှာ ဒကာမကြီးက တစ်ခါတစ်ရံ အဲသလို ငွေလှူလေ့ရှိပါတယ်ဘုရား။

ဆရာတော် ။ ။ သံဃာတော်များကို ရွှေတွေ၊ ငွေတွေ လက်ထဲ မကပ်လှူရပါဘူး၊ ကပ်လှူလိုရင်လည်း ဝိနည်းတော်နဲ့ညီအောင် ကပ္ပိယကာရကမှတစ်ဆင့် လှူဒါန်းရပါမယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ကပ္ပိယကာရကထံ လှူဒါန်းရင် လျှောက်ထားရဦးမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်၊ သံဃာတော်များထံပါး နဝကမ္မအတွက် ဝတ္ထုငွေလှူဒါန်းလိုရင် "*တပည့်တော်သည် အရှင်ဘုရားလိုအပ်ရာရာ အသုံးပြုနိုင်ရန် ငွေတစ်ထောင်ကျပ်တန် ပစ္စည်းလေးပါးကို လှူဒါန်းလိုပါတယ်။ ကပ္ပိယညွှန်းတော်မူပါဘုရား၊ လုံခြုံရာအရပ်ကို ညွှန်းတော်မူပါဘုရား*"လို့ လျှောက်ထားရမယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရဟန်းတော်ကညွှန်းတဲ့ ကပ္ပိယလက်ထဲကို နဝကမ္မဝတ္ထုငွေ ပေးအပ်ရပါမယ်။ အဲဒီကပ္ပိယက ရဟန်းထံပါး ဝိနည်းတော်နဲ့အညီ လျှောက်ထားပြီးရင် ရဟန်းတော်များအဖို့ မိမိလိုအပ်ရာရာ အပ်စပ်တဲ့ပစ္စည်းကို ကပ္ပိယထံက အလှူခံနိုင်မှာ ဖြစ်ပါတယ်။

M.A ကျောင်းသား ။ ။ ငွေနဲ့စပ်လျဉ်းတဲ့ သာသနာ့ယဉ်ကျေးမှုက သိပ်ကို အဆင့်အတန်းမြင့်တဲ့ ယဉ်ကျေးမှုပါပဲဘုရား။ ဘာကြောင့်လဲဆိုရင် ရဟန်းက ငွေမကိုင်ရဘဲနဲ့ လိုအပ်တဲ့ ပစ္စည်းလေးပါးကို လိုအပ်တဲ့

အချိန် ကပ္ပိယထံကနေ အလျှုခံနိုင်လို့ပါဘုရား။ သို့ပါသော်လည်း ဒီနေ့ခေတ်မှာ ငွေနဲ့ဆိုင်တဲ့ သာသနာ့ယဉ်ကျေးမှုတစ်ခုကို လိုက်နာကျင့်သုံးသူ နည်းလာတယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒီသာသနာ့ယဉ်ကျေးမှုတစ်ခု ပျောက်ကွယ်မသွားအောင် မောင်ကျောင်းသားတို့မှာလည်း ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်။

M.A ကျောင်းသား ॥ ॥ ကြိုးစားပါ့မယ်ဘုရား။

## ၁၅။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၃

M.A ကျောင်းသား ॥ ॥ သာသနာတော်ဆိုင်ရာ အပြောအဆိုအပိုင်း ယဉ်ကျေးမှု တော်တော်စုံစုံလင်လင် သိရပါပြီဘုရား။

ဆရာတော် ॥ ॥ မစုံလင်သေးပါဘူး မောင်ကျောင်းသား၊ ဆွမ်းဆိုင်ရာ အသုံးအနှုန်း ကျန်နေသေးတယ်။ အခေါ်အဝေါ်ဆိုင်ရာ အသုံးအနှုန်းတွေကလည်း ကျန်နေပါသေးတယ်။

M.A ကျောင်းသား ။ ။ မှန်ပါ ပြည့်ပြည့်စုံစုံ သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ ထမင်းကို 'ဆွမ်း'၊ ဟင်းကို 'ဆွမ်းဟင်း' လို့ သုံးနှုန်းရပါတယ်၊ ဆွမ်းမှတစ်ပါး အခြားစားသောက်ဖွယ်ရာတွေကိုတော့'ခဲဖွယ်'လို့ သုံးနှုန်းရပါတယ်။

M.A ကျောင်းသား ။ ။ ဒါကြောင့် ဆွမ်းစား ကြွပါလို့ လျှောက်ရတာထင်တယ်။

ဆရာတော် ။ ။ မှန်ပါတယ်၊ အိမ်ကို ဆွမ်းပင့် ဖိတ်ချင်ရင် ဆွမ်း၊ မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း စတဲ့ သာသနာ့ဝေါဟာရနဲ့အညီ လျှောက်ရပါတယ်။ ထမင်းစားကြွပါ၊ ခေါက်ဆွဲစားကြွပါလို့ မလျှောက်ရဘူး။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆွမ်းဖြစ်စေ၊ လှူဖွယ်ပစ္စည်း ဖြစ်စေဆက်ကပ်ရင် ပေးလှူတဲ့ သူဟာသံဃာတော်နဲ့ 'နှစ်တောင့်တစ်ထွာအတွင်း' ကနေ ကပ်လှူရမယ်။

M.A ကျောင်းသား ။ ။ နှစ်တောင့်တစ်ထွာကို တော့မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ ရဟန်းသံဃာတော်များ ဆွမ်းဘုဉ်းပေးနေရင် နှစ်တောင့်တစ်ထွာ အကွာအဝေးလောက်က နေပြီးဆွမ်းအုပ်စသည်ကိုမ,ပြီးတော့ "*ဆွမ်းထည့်တော်မူပါဘုရား*"လို့ လျှောက်ထားရပါမယ်။

M.A ကျောင်းသား ။ ။ လျှောက်ထားရတာက နှစ်တောင့် တစ်ထွာရဲ့ အပြင်ကပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ကပ်လှူမှ ပဲ နှစ်တောင့် တစ်ထွာ အတွင်း ဝင်ရမယ်။ မလျှောက်ထားဘဲ ဆွမ်းဖြည့်တာမျိုးကိုတော့ မလုပ်သင့်ပါဘူး။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သံဃာတော်က "*ပြည့်စုံပါပြီ*" လို့ မိန့်ရင် အတင်းတိုးပြီး မကပ်သင့်ဘူး၊ ရဟန်းတော်တို့မှာ သိမ်မွေ့တဲ့အာပတ်တွေ သင့်တတ်လို့ပါ။

M.A ကျောင်းသား ။ ။ မှတ်သားလိုက်နာပါ့မယ် ဘုရား။

ဆရာတော် ။ ။ အပင်ပေါက်စေနိုင်တဲ့ အသီး၊ အရွက်တွေကို ဆွမ်းပွဲမှာပါရင် ကပ္ပိရမယ်။ သံဃာတော်က "*ကပ္ပိယံ ကရောဟိ*" လို့မိန့်ရင် ဒကာက "*ကပ္ပိယံ ဘန္တေ*"လို့ဆိုပြီး အဲဒီအရာကို ခက်ရင်းခွနဲ့ဖြစ်စေ၊

မသုံးရသေးတဲ့ သွားကြားထိုးတံနဲ့ဖြစ်စေ၊ လက်သည်းနဲ့ဖြစ်စေ၊ ဓားချွန်နဲ့ဖြစ်စေ ဆိုဆို ထိုးထိုးရပါမယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ *"ကပ္ပိယံ ကရောဟိ" "ကပ္ပိယံ ဘန္တေ"*ကိုတော့ တောရဆရာတော်တစ်ပါးအိမ်မှာ ဆွမ်းကပ်တုန်းက တစ်ကြိမ် လက်တွေ့ကျင့်သုံးပြီးပါပြီဘုရား။

## ၁၆။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၄

M.A ကျောင်းသား ။ ။ အခေါ်အဝေါ် ဆိုင်ရာ အသုံးအနှုန်းက ပြည့်စုံပြီလားဘုရား။

ဆရာတော် ။ ။ မပြည့်စုံသေးဘူး၊ နည်းနည်းကျန်သေးတယ်။

M.A ကျောင်းသား ။ ။ သိပါရစေဘုရား။

ဆရာတော် ။ ။ သက်တော်၊ ဝါတော်၊ ဂုဏ်သိက္ခာကြီးရင့်တဲ့ ဆရာတော်ကြီးတို့ရဲ့ ဘွဲ့အမည်ကို တိုက်ရိုက် မခေါ်ရဘူး။ ဒါအရေးကြီးတဲ့ သာသနာ့ယဉ်ကျေးမှုဖြစ်တယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဦးကုသလကို ဆရာတော် ဦးကုသလလို့ မသုံးနှုန်းရဘူးလားဘုရား။

ဆရာတော် ။ ။ ယဉ်ကျေးတဲ့သူများက အခုလိုမသုံးနှုန်းကြဘူး။

M.A ကျောင်းသား ။ ။ ဘယ်လိုများ သုံးနှုန်းကြပါသလဲဘုရား။

ဆရာတော် ။ ။ ထင်ရှားတဲ့ဝိသေသဖြင့် သုံးနှုန်းရပါတယ်။ဥပမာပြရရင် *'မဟာစည်ဆရာတော်' 'ရွှေဥမင်ဆရာတော်' 'လယ်တီဆရာတော်' 'ညောင်လေးပင်ဆရာတော်'*လို့ သုံးနှုန်းတာက ယဉ်ကျေးတယ်။

M.A ကျောင်းသား ။ ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော်။ ။ ဒီ့ါအပြင်ထေရ်ဝါကြီးတဲ့ သံဃာတော်များကို *'ဆရာတော်ဘုရား'*၊ ထေရ်ဝါငယ်ရင် *'ဦးပဥ္စင်းဘုရား'*လို့ သုံးနှုန်းရတယ်။

M.A ကျောင်းသား ။ ။ သိပ်ကိုတိကျတဲ့ ယဉ်ကျေးမှု အသုံးအနှုန်းပါပဲဘုရား။ ဘုန်းကြီးရဲ့ မိဘဆွေမျိုးတွေကို ခေါ်တဲ့ အခေါ်အဝေါ်များ သီးခြား ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်၊ ရှိတယ် မောင်ကျောင်းသား၊ မိခင်

ဖခင်တို့ကို *'မယ်တော်'* *'ခမည်းတော်'*လို့ သုံးပြီး၊ ဆွေမျိုးတွေကိုတော့ *'ဆွေတော်၊ မျိုးတော်'*လို့ သုံးနှုန်းလေ့ ရှိပါတယ်။

M.A ကျောင်းသား ။ ။ *'ကြွတယ်'* တို့၊ *'ကျိန်းတယ်'* တို့၊ *'ကုဋီ'* တို့ ဝေါဟာရလည်း ကြားဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ သာသနာတော်ဆိုင်ရာ သီးခြားဝေါဟာရတွေ ဖြစ်ပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ အဲသလို သာသနာ့အသုံးအနှုန်းကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ သံဃာတော်များ နေထိုင်တာကို *'သီတင်းသုံးတယ်'*လို့ သုံးနှုန်းရပါတယ်။ ရဟန်းသံဃာများ စာကျက်တာကို *'စာအံတယ်လို့'* သုံးနှုန်းတယ်။ လမ်းလျှောက်တာကို *'စင်္ကြံလျှောက်တယ်'* သွားတာကို *'ကြွတယ်'* ရဟန်းသံဃာများအိပ်တာကို *'ကျိန်းတယ်'* သံဃာသုံးအိမ်သာကို *'ကုဋီ'*လို့ သာသနာတော်နဲ့အညီ သုံးနှုန်းရပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ ဘုရားရှင်ပုံတော်၊ ရုပ်ပွားတော်ကို လှူပတယ်လို့ မပြောဘဲ၊ သပွာယ်တယ်၊ ကြည်

ညိုဖွယ်ကောင်းတယ်လို့ ပြောရတာသတိပြုမိပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ ဟုတ်ပြီ သတိရတာလေးတစ်ခုက သံဃာတော်များအနိစ္စရောက်ရင် *'ပျံလွန်တော်မူတယ်'*လို့ သုံးနှုန်းတယ်နော်။ အသုဘပွဲကိုတော့ *'ဈာပနပွဲ'၊ 'ဘုန်းကြီးပျံပွဲ'*လို့ သုံးရပါတယ်။

M.A ကျောင်းသား ။ ။ မြန်မာလူမျိုးများရဲ့ သာသနာ့အသုံးအနှုန်းကသိပ်ပြီး အဆင့်အတန်း မြင့်ပါတယ်ဘုရား။

## ၁၇။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၅

M.A ကျောင်းသား ။ ။ မိန်းကလေးငယ်တွေက သာသနာ့ယဉ်ကျေးမှုပိုလို့သိဖို့ လိုမယ်ထင်ပါတယ်ဘုရား။ သူတို့ကြောင့် ရဟန်းတွေ လူထွက်ကြရတာရှိနိုင်မယ်ထင်လို့ပါဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ ဒါကြောင့် ရဟန်းသံဃာတော်များနဲ့ မာတုဂါမများရဲ့ ကိုယ်၊ လက်၊ အင်္ဂါတစ်စုံတစ်ရာနဲ့ မထိတွေ့မိဖို့ အထူး သတိထားရပါမယ်။

M.A ကျောင်းသား။ ။ သူတို့ကပဲ ဆွမ်းလောင်း ကြတာပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်၊ ဆွမ်း လောင်းလှူရင်လည်း မထိမိအောင် ပိုလို့တောင် သတိထားရပါမယ်။ နို့မဟုတ်ရင် မိမိကြောင့် သံဃာတော်များမှာ ကြီးလေးတဲ့အပြစ် အာပတ်လည်း သင့်သွား နိုင်သလို လူထွက်တဲ့အထိလည်း ဖြစ်သွားတတ် ပါတယ်။

M.A ကျောင်းသား။ ။ အမျိုးသမီးရဲ့ ခန္ဓာ ကိုယ်ကို ရဟန်းကထိမိ၊ ကိုင်မိရင် အာပတ်သင့်နိုင်တယ်ဆိုတာကို မှတ် သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ အမျိုးသမီးရဲ့ ခြေ၊ လက်၊ ကိုယ်အင်္ဂါတင် မကဘူး သံဃာတော်များအနေနဲ့ အမျိုးသမီး တွေရဲ့ အသုံးအဆောင်ပစ္စည်းတွေကို ကိုင်တွယ် ရင်တောင် အာပတ်သင့်ပါတယ်။

M.Sc ကျောင်းသား ။ ။ ဒါဆိုရင် ဒါယိကာမ တွေက ဆရာတော်ကြီး များရဲ့ ခြေထောက်ကို သူတို့ရဲ့လက်ဖဝါးနဲ့ ထိ ကိုင်ပြီး ကန်တော့ခွင့်မရှိဘူး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မသင့်တော်ပါဘူး၊ မောင် ကျောင်းသား၊ ဘယ်

လောက်အထိ မသင့်တာလဲဆိုရင် ဆရာတော်ကြီးများ ကြွရာလမ်းကို မာတုဂါမများ သူ့တို့ဦးခေါင်းပေါ်က ဆံပင်ဖြန့်ခင်းပြီးတော့ ပူဇော်တာတောင် မလုပ်သင့်ဘူးလို့ ဝိနည်းလေးစားတော်မူကြတဲ့ ဆရာတော်များက မိန့်တော်မူကြပါတယ်။

M.A ကျောင်းသား။ ။ ဆရာတော်ကြီး ကြွလာဖို့ကော်ဇောခင်းထားတဲ့ မင်းလမ်းအပေါ်မှာ အဘွားက သူ့ခေါင်းက ဆံပင်ကို ဖြန့်ခင်းထားတာကို တပည့်တော်တို့ငယ်ငယ်တုန်းက မြင်ဖူးတယ်။ ဆရာတော်ကြီးများက နင်းမနင်းတော့ တပည့်တော် မမှတ်မိတော့ပါဘုရား။

ဆရာတော် ။ ။ မာတုဂါမနဲ့ စပ်လျဉ်းပြီး ဥပမာပြုထားတာတစ်ခုရှိသေးတယ်၊ ရဟန်းက သူ့ရဲ့မွေးမိခင်ကို အမိဆိုတဲ့ ချစ်ခြင်းနဲ့ ကိုင်မယ်ဆိုရင်တောင် အာပတ်သင့်တယ်။

M.A ကျောင်းသား။ ။ ပါရာဇိကလို အာပတ်များလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး၊ မဟုတ်ရပါဘူး၊ ပါရာဇိကအောက် သံဃာဒိသိသ်လည်း မဟုတ်ပါဘူး၊ ဒုက္ကဋ်အာပတ်သင့်တာပါ။

M.A ကျောင်းသား။ ။ ဒါဆိုရင် မိခင်က သား ရဟန်းကို ချစ်ခြင်းကြောင့် ကိုင်မယ်၊ ထိမယ်ဆိုရင်လည်း ရဟန်းမှာ အာပတ် သင့်တာပဲလားဘုရား။

ဆရာတော် ။ ။ အဲသလိုမျိုး ကြုံလာခဲ့မယ်ဆိုရင် မလှုပ်မယှက် ငြိမ်ငြိမ်နေရမယ်လို့ စာမှာ ပြပါတယ် မောင်ကျောင်းသား။

## ၁၈။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၆

M.A ကျောင်းသား ။ ။ ဆရာတော်များကို လမ်းမှာဖူးတွေ့ရတဲ့ အခါ လမ်းပေါ်မှာထိုင်ပြီး ရှိခိုးဦးချဖို့ အခက်အခဲရှိ ပါတယ်ဘုရား၊ အဲသလိုအချိန်မှာ ဘယ်လိုပြုသင့် ပါသလဲဘုရား။

ဆရာတော် ။ ။ ခြေစုံရပ်ပြီး လက်အုပ်ချီရပါမယ်၊ ခြေလျင်သွားတဲ့လမ်းဆိုရင် လမ်းဖယ်ပေးရပါမယ်။ အတင်းတိုးဝှေ့ပြီးတော့ ကျော်တက်သွားတာမျိုး မလုပ်သင့်ပါဘူး။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ ကျောင်းမှာဆိုရင်တော့ ထိုင်ပြီး ဦးချပါတယ်ဘုရား။

ဆရာတော် ။ ။ ရှိခိုးဦးချရင် အမျိုးသား ဒါယကာများက ဆောင့်ကြောင့်ထိုင် ဦးချရတယ်၊ အမျိုးသမီး ဒါယိကာမများက ကျုံ့ကျုံ့ထိုင်ရင် ဦးချတာ ပိုပြီး သင့်တော်ပါတယ်။

M.A ကျောင်းသား ။ ။ တရားနာရင် ခေါင်းပေါင်းချွတ်ရမယ်ဆိုတာ ဟုတ်ပါသလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အခုခေတ်တော့ တရားနာရင် ဦးထုပ်ချွတ်ပြီး နာရပါမယ်။ တိတ်ခွေနဲ့ တရားနာရင်လည်း စက်ကို အမြင့်မှာထားပြီး ရိုရို သေသေနာတာ ကောင်းပါတယ်။

M.A ကျောင်းသား ။ ။ တင်ပါဘုရား၊

ဆရာတော် ။ ။ သံဃာတော်အနားက ပြန်ထွက်ခွာတဲ့အခါမှာလည်း လက်အုပ်ချီလျက် ကိုယ်ကို ကိုင်းညွတ်ပြီးတော့ လေး၊ ငါးလှမ်းလောက် နောက်ဆုတ်ပြီးမှ လိုရာကို သွားတာကလည်း ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာရမဲ့ သာသာနာ့ယဉ်ကျေးမှုပါ။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ ထပြီးတော့ ချက်ချင်း နောက်ကျော ပေးမသွားရတာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ ပြီးတော့ သတိရတာ လေးတစ်ခုက ရဟန်းသံဃာတော်များ သီတင်း သုံးထိုင်နေတော်မူတဲ့ ခုံတန်းလျား တစ်ဆက် တည်းမှာ အမျိုးသမီး ဒါယိကာမများ သွားမထိုင် သင့်ပါဘူး။ ဆင်ခြင်ရပါမယ်။

M.A ကျောင်းသား ။ ။ ဒါဆိုရင် အမျိုးသမီး ဒါယိကာမ မောင်းတဲ့ ကားကို ရဟန်းက စီးကောင်းပါသလားဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ အရေးတကြီး သတိပြုရမှာက ကပ္ပိယ အပိုင်းပါပဲ၊ ကပ္ပိယမပါဘဲ အမျိုးသမီးမောင်းတဲ့ မော်တော်ကားကို ရဟန်းတစ်ပါးတည်းက မစီး ကောင်းပါဘူး၊ ကပ္ပိယပါရပါမယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ယာဉ်ရထားပေါ်၊ ကား တွေပေါ်မှာ ရဟန်း သံဃာတော်များနဲ့ဆုံရင် နေရာပေးလှူရမယ်နော်။

M.A ကျောင်းသား ။ ။ သင့်ရာအရပ်မှာ ထိုင်ရ မယ်ဆိုတာ ဘယ်လို အရပ်က သင့်ရာပါလဲဘုရား။

*ဆရာတော် ။* ။ *"ဝေး၊ နီး၊ လွန်းရာ၊ မြင့်လေညာနှင့် ရှေ့နောက်တည့်တည့်အရပ်"*ကို ရှောင်ရမယ်တဲ့ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ အကျယ်လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်နဲ့ ဝေးလွန်းတဲ့နေရာ၊ နီးလွန်းတဲ့နေရာ၊ မြင့်တဲ့နေရာ၊ လေအထက်ကနေရာ၊ ရှေ့တည့်နေရာ၊ နောက်တည့်တည့် နေရာတွေကို ရှောင်ရမယ်တဲ့ မောင်ကျောင်းသား။ ဒါတင်မက သေးဘူး ရှောင်ရမဲ့နေရာကို ရှောင်ပြီးတော့ သင့်လျော်ရာမှာလည်း မျက်လွှာချပြီးတော့ ထိုင်ရပါမယ်။

M.A ကျောင်းသား ။ ။ သံဃာတော်များကို ကပ်လှူရာမှာ လိုက်နာဖွယ်တွေကိုသိရပါပြီဘုရား။ အခုသိချင်တာက ဆရာတော်များက ပေးစွန့်တာမျိုးကြုံရင် တပည့်တော်တို့က ဘယ်လိုခံယူရမလဲဆိုတာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ အထူးမရှိပါဘူး၊ လက်နှစ်ဖက်နဲ့ ခံယူရပါမယ် မောင်ကျောင်းသား။

## ၁၉။ ဥပါသကာတို့အတွက် ဝိနည်းသင်ပုန်းကြီးဖတ်စာ – ၇

M.A ကျောင်းသား ။ ။ဒီကနေ့ခေတ် မိန်းကလေးတွေရဲ့ဝတ်စားဆင်ယင်မှုကြောင့် ရဟန်းတော်များအတွက် စိတ် အနှောင့်အယှက် ဖြစ်စရာတွေ များလာတော့မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်းတွေ၊ ကိုရင်တွေ စိတ်အနှောင့်အယှက်ဖြစ်ပြီး လူထွက်တဲ့အထိကို ဖြစ်ကြတာ အများကြီး ရှိနေပါတယ်။

M.A ကျောင်းသား ။ ။ ဒါဆိုရင်တော့ မိန်းကလေးတွေက လည်ဟိုက်အင်္ကျီတွေ၊ အင်္ကျီပါးပါးလက်တိုတိုတွေ၊ စကပ်အကွဲ၊ ထဘီအကွဲ၊ ဘောင်းဘီတိုတွေကို မလုံမခြုံဝတ်ပြီး ရဟန်းသံဃာတော်များ ရှိရာဌာနကို မသွားသင့်တော့ဘူး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အဲသလို အဝတ်အစားနဲ့ ကျောင်းကို လုံးဝ မသွားသင့်ပါဘူး။

M.A ကျောင်းသား ။ ။ မိန်းကလေးတွေ အခုလိုဝတ်ပြီး ဘုန်းကြီး

တွေရှေ့ကို သွားနေတာက ဦးဇင်းတွေ လူထွက်ဖို့ အားပေးသလို ဖြစ်သွားမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ အမျိုးသမီးတွေရဲ့ ဒီ အပြုအမူတွေဟာ မိမိ သာသနာတော်ကို မိမိတို့ကိုယ်တိုင် စော်ကားသလို ဖြစ်သွားမယ်လို့ပြောရင် မလွန်လောက်ဘူး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မလွန်ဘူး၊ မလွန်ပါဘူး။ မြန်မာ့သမိုင်းမှာ နရသူဆိုတဲ့ ရှင်ဘုရင်က အဲသလိုလုပ်ပြီး သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေကို လူထွက်စေခဲ့တဲ့ သာဓက ရှိပါတယ်။

M.A ကျောင်းသား ။ ။ အဲဒီသာဓကကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ မိန်းကလေး အငယ်တွေကို မလုံ့တလုံဝတ်စေပြီးတော့ ဘုရင့်အမိန့်နဲ့ ဘုန်းတော်ကြီးကျောင်းတိုက်တွေမှာ ကပွဲသဘင် ကျင်းပစေတယ်။

M.A ကျောင်းသား ။ ။ ဒီဘုရင်က သံဃာတွေကို လူထွက်စေဖို့ရာ တမင်တကာကို ရည်ရွယ်ပြီးတော့ လုပ်တဲ့ပွဲပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဒါကြောင့် မာတုဂါမတွေအနေနဲ့ ဘုန်းကြီးကျောင်းကိုလာရင် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် မြန်မာဆန်ဆန် ဝတ်ဆင်ရပါမယ်။

M.A ကျောင်းသား ။ ။ လုံလုံခြုံခြုံလည်း ဝတ်ခိုင်းရပါဦးမယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ် မောင်ကျောင်းသား။

## ၂၀။ သိမ်ထဲရဟန်းဖြစ်ဖို့ လူ့ပရိသတ်မလို့ပါ

M.A ကျောင်းသား ။ ။ တပည့်တော် တက္ကသိုလ်ကျောင်းပိတ်ရင် ဒီနှစ်တော့ ရဟန်းခံဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ တပည့်တော်က ခဏလောက်ပဲ ဝတ်ဖြစ်မယ်နဲ့ တူပါတယ်ဘုရား။

ဆရာတော် ။ ။ ခဏပဲဖြစ်ဖြစ်၊ ကြာကြာပဲဖြစ်ဖြစ် ဘုရားရှင်ပညတ်တော်မူထားတဲ့ ဥပဒေတော်နဲ့ ညီမှပဲ ရဟန်း ဖြစ်နိုင်ပါတယ်။

M.A ကျောင်းသား ။ ။ အဲဒီမှာ ဘုရားဥပဒေတော်အရ ဘယ်လိုဖြစ်မှ ရဟန်းဖြစ်ခွင့် ရှိတာပါလဲဘုရား။

ဆရာတော် ။ ။ အင်္ဂါငါးပါးပြည့်စုံမှသာ ရဟန်းဖြစ်ပါတယ်။

M.A ကျောင်းသား။ ။ အဲဒီငါးပါးကိုတော့ တပည့်တော် ပြည့်ပြည့်စုံစုံလေး သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ နံပါတ်တစ်က ရဟန်းလောင်းရဲ့ ပြည့်စုံမှုတဲ့၊ နံပါတ်နှစ်က ဉ တ်ရဲ့ ပြည့်စုံမှုတဲ့၊ နံပါတ်သုံးက ကမ္မဝါစာရဲ့ ပြည့်စုံမှုဖြစ်ပါတယ်။ နံပါတ်လေးက သိမ်ရဲ့ပြည့်စုံမှုနဲ့ နောက်ဆုံးနံပါတ်ငါးက ရဟန်းခံပေးမဲ့ သံဃာ့ပရိသတ်ရဲ့ ပြည့်စုံမှုတို့ပါပဲ။

M.A ကျောင်းသား ။ ။ ဘယ်လိုဖြစ်တာကို ပြည့်စုံတယ်လို့ ခေါ်ပါသလဲဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ ပြည့်ပြည့်စုံစုံ ပြောပြမယ်နော်။

ရဟန်းခံမှု ကိစ္စရပ်အားလုံးက ရဟန်းလောင်းအပေါ် မူတည်နေတာမို့ ပထမဦးဆုံးရဟန်းလောင်းရဲ့ ပြည့်စုံမှုကို ပြောပြမယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ရဟန်းလောင်း ပြည့်စုံရမဲ့ အရည်အချင်းတွေထဲမှာ ပထမဦးဆုံးအသက် (၂၀)ပြည့်ပြီးသူ ဖြစ်ရပါမယ်၊ ဒုတိယက ပါရာဇိကကျပြီးသူ မဖြစ်ရဘူး၊ တတိယက ပဏ္ဍုက်စတဲ့ ရှင်ရဟန်း မဖြစ်ထိုက်တဲ့သူ (၁၁)ယောက်ထဲမပါရဘူးတဲ့ ဒီအင်္ဂါရပ်တွေနဲ့ ကျကျနန၊ တင်းတင်းရင်းရင်းကြီး ပြည့်စုံတာကိုပဲ အရည်အချင်းပြည့်တဲ့ ရဟန်းလောင်းလို့ ခေါ်ပါတယ်။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား၊ တပည့်တော် အခု အရည်အချင်းအားလုံး ပြည့်စုံနေပါတယ်ဘုရား။ ကျန်တဲ့အချက်များကိုလည်း သိပါရစေဘုရား။

ဆရာတော် ॥ ॥ နံပါတ်နှစ်က ဉတ်ကမ္မဝါစာရဲ့ ပြည့်စုံမှုပါ။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဉတ်နှင့် ကမ္မဝါစာမှာလာတဲ့ ပါဠိတော်ကို စနစ်တကျ မှန်မှန်ကန်ကန်၊ ပြည့်ပြည့်စုံစုံ၊ ပီပီသသရွတ်ဆိုရင် ဉတ်နှင့်ကမ္မဝါစာ ပြည့်စုံပြီလို့ မှတ်ရပါမယ် မောင်ကျောင်းသား။

M.A ကျောင်းသား ॥ ॥ ဒါက တပည့်တော်ရဲ့ အပိုင်းမဟုတ်ဘဲ ဆရာဘုန်းတော်ကြီးများအပိုင်း ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ နောက်တစ်ခုက သိမ်ရဲ့ပြည့်စုံမှု ဖြစ်ပါတယ်။

M.A ကျောင်းသား ။ ။ ဒါကလည်း ဆရာဘုန်းတော်ကြီးများအပိုင်းပဲ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်၊ ရဟန်းတော်များက ကမ္မဝါစာနှင့် သမုတ်ထားတဲ့သိမ်ဖြစ်စေ၊ ကမ္မဝါစာနှင့် မသမုတ်ရဘဲ ပင်ကိုယ်ကကို ဖြစ်နေတဲ့သိမ်ဖြစ်စေ သိမ်အင်္ဂါလက္ခဏာနဲ့ ညီညွတ်ရင် ပြည့်စုံပါပြီ။ နောက်တစ်ခုက ပရိသတ်ရဲ့ပြည့်စုံမှုပါ။

M.A ကျောင်းသား ။ ။ လူပရိသတ် ဘယ်လောက်လာမှ ရဟန်းခံတာ အောင်မြင်မလဲဘုရား။

ဆရာတော် ။ ။ ဒီမှာက ရဟန်းပရိသတ်ကို ဆိုလိုပါတယ်၊ လူပရိသတ်ဘယ်လောက်လာမှ ရဟန်းခံတာ အောင်မြင်မယ်ဆိုတာ မရှိပါဘူး။

M.A ကျောင်းသား ။ ။ ဒါဆိုရင် ရဟန်းခံတဲ့အချိန်မှာ ကျောင်းကို လူပရိသတ်တစ်ယောက်မှ မလာရင်လည်း ရဟန်းခံ အောင်မြင်ပါသလားဘုရား။

ဆရာတော် ။ ။ လူပရိသတ်လာတာ၊ မလာတာနဲ့ ရဟန်း ဖြစ်တာက ဘာမှမဆိုင်ဘူး မောင်ကျောင်းသား၊ စောစောကပြောပြတဲ့ အင်္ဂါငါးပါးပြည့်စုံရင် ရဟန်းဖြစ်ပါတယ်။

M.A ကျောင်းသား ။ ။ လူပရိသတ်မလာလည်း ရဟန်းဖြစ်တာကိုတော့ နားလည်ပါပြီဘုရား၊ ရဟန်းပရိသတ်က ဘယ်လောက်ကြွလာရပါသလဲဘုရား။

ဆရာတော် ။ ။ သံဃာအများဆုံးကို မပြောတော့ဘူးနော်၊ သံဃာအနည်းဆုံး ၅ ပါး ပါဝင်တက်ရောက်မှသာ ရဟန်းခံတဲ့လုပ်ငန်းစဉ် အောင်မြင် ပြီးမြောက်နိုင်ပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ ဒါဆိုရင် မဏ္ဍပ်အကြီးကြီးထိုးတာ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲငှားတာနဲ့လည်း ရဟန်းဖြစ်တာနဲ့ မပတ်သက်ဘူးလို့ နားလည်လာပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အဆောင် အယောင်တွေ ဘယ်လောက်ပင် ကြီးကျယ် ခမ်းနားပါစေဦးတော့ အင်္ဂါ ၅ ရပ် မပြည့်စုံရင် ရဟန်းမဖြစ်တော့ဘူး လို့သာ မှတ်ပါလေ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဒါဆိုရင် တပည့်တော် ကျောင်းပိတ်လို့ ရဟန်း ခံရင် မြို့လယ်ကျောင်းက ဗိမာန်ကြီးအပြည့် လူတွေဖိတ်မယ်တဲ့၊ ပြီးတော့ အငြိမ့်ပွဲလည်း ငှားဦး မယ်ပြောထားလို့ တပည့်တော်မေမေကို အချိန်မီ ပြောပြရဦးမယ်ဘုရား။

## ၂၁။ သိမ်ထဲက အဆင့်အတန်းမြင့်မားတဲ့ သံဃာ့အစည်းအဝေး

M.A ကျောင်းသား ။ ။ ရဟန်းခံတာက သိမ်ထဲမှာ 'စည်းဝေးတယ်'လို့ လည်း ပြောကြတယ်၊ 'သိမ်ဝင်တယ်'လည်း ပြောကြတယ်၊ သိမ်ထဲ ဘယ်လိုများစည်းဝေးတာ ပါလဲဘုရား။

ဆရာတော် ။ ။ ဒါက ဥပမာနဲ့ ပြောမှ ပိုနားလည်မယ်။

M.A ကျောင်းသား ။ ။ ဥပမာနဲ့ဆိုရင် ပိုပြီး မှတ်မိလွယ်ပါတယ်။

ဆရာတော် ။ ။ ဥပမာ ရဟန်းခံတဲ့အစီ အမံဆိုင်ရာ အစည်း အဝေးကို အရင်ဦးဆုံး ပြောပြမယ်နော်။

M.A ကျောင်းသား ။ ။ တပည့်တော် ရဟန်းခံဖို့ ရှိနေတော့ သိချင်နေ တာပါဘုရား။

ဆရာတော် ။ ။ ရဟန်းခံကိစ္စကိုဦးဆောင် တော်မူမဲ့ ဆရာတော် က ပထမဦးဆုံး ရဟန်းခံမဲ့ပုဂ္ဂိုလ်ရဲ့ အရည်အချင်း ပြည့်၊ မပြည့် ကြိုတင် ဆန်းစစ်ထားရမယ်။ ဒုတိယ အနေအားဖြင့် ဥပဇ္ဈာယ်ဆရာရဲ့ အရည်အချင်း ပြည့်၊ မပြည့် ကြိုတင်ဆန်းစစ်ထားပြီး ဖြစ်ရမယ်။ တတိယအနေနဲ့ ကမ္မဝါစာ ဆရာများရဲ့ အရည် အချင်း ပြည့်မပြည့်ကိုလည်း ကြိုတင် ဆန်းစစ် ထားပြီး ဖြစ်ရမယ်။ နောက်ဆုံးအနေနဲ့ ရဟန်းခံ ကိစ္စအတွက် လိုအပ်တဲ့ ကာရကသံဃာ အရေ အတွက် ပြည့်စုံအောင် ကြိုတင်စီမံထားရပါမယ်။

M.A ကျောင်းသား။ ။ ရဟန်းခံဖို့ သိမ်ထဲမှာ အစည်းအဝေးမတိုင်ခင် သဘာပတိဆရာတော်က ဆောင်ရွက်ဖွယ်များကို ကြိုတင်ဆောင်ရွက်တဲ့ သဘောမျိုးဆိုနိုင်ပါ သလားဘုရား။

ဆရာတော် ။ ။ သဘာပတိဆရာတော် လို့ သုံးနှုန်းတာထက် အစည်းအဝေး တာဝန်ခံဆရာတော်လို့ သုံးနှုန်းရင် ပိုသင့်မြတ်မယ်ထင်တယ်။ တာဝန်ခံ ဆရာတော် က သိမ်ကို စိစစ်ရွေးချယ်တာ၊ ဥပဇ္ဈာယ်ဆရာ

အဖြစ် ဆောင်ရွက်ပေးဖို့ လျှောက်ထားတာ၊ ကမ္မဝါဆရာအဖြစ် ရွေးချယ် တာဝန်ပေးအပ်တာ၊ ရဟန်းလောင်းဆုံးမမဲ့ ဆရာရဟန်းကို ရွေးချယ် တာဝန်ပေးအပ်တာ၊ သပိတ် သင်္ကန်း စတဲ့ ပရိက္ခရာ ရှစ်ပါး ဝိနည်းတော်နဲ့ အညီဖြစ်အောင် လမ်းညွှန် တာတွေကိုလည်း သိမ်ထဲ အစည်းအဝေးမတိုင်ခင် ကြိုတင်ပြီးတော့ ပြည့်ပြည့်စုံစုံဖြစ်အောင် ဆောင် ရွက်ရပါသေးတယ်။

M.A ကျောင်းသား ။ ။ အစည်းအဝေး တာဝန်ခံဆရာတော်နဲ့ ဥပဇ္ဈာယ်ဆရာတော်က တစ်ပါးတည်းပဲ မဖြစ်တတ်ဘူးလား ဘုရား။

ဆရာတော် ။ ။ ဖြစ်တာလည်း ရှိနိုင်တယ်၊ မဖြစ်တာလည်း ရှိနိုင်ပါတယ်။

M.A ကျောင်းသား ။ ။ ဘယ်လိုအချိန်တွေမှာ ကွဲပြားတတ်ပါသလဲ ဘုရား။

ဆရာတော် ။ ။ အခြေအနေပေါ်မူတည်ပါလိမ့်မယ်။ ဥပမာ အားဖြင့် တာဝန်ခံဆရာတော်ထက် ကြီးကဲတဲ့ ဆရာတော်တစ်ပါးမှ မရှိရင်ဖြစ်စေ၊ ဒါမှမဟုတ်ရင်လည်း မထေရ်ကြီးရှိသော်လည်း အခြေအနေ အရပ်ရပ်ကြောင့် တာဝန်ခံဆရာတော်ကပဲ ဥပဇ္ဈာယ်

ဆရာတော်နေရာ တာဝန်ယူပေးဖို့ ဆန္ဒပြုတော်မူကြရင်လည်း တာဝန်နှစ်ရပ် တူညီတာမျိုး ဖြစ်နိုင်ပါတယ်။

M.A ကျောင်းသား ။ ။ သိမ်ထဲမှာ ရဟန်းခံမဲ့ အစည်းအဝေး တစ်ရပ်အောင်မြင်ဖို့အတွက် တာဝန်ခံဆရာတော်ရဲ့ အခန်းကဏ္ဍ ကျယ်ဝန်းလှပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ ရဟန်းခံနေတဲ့ အစီစဉ် စတင်ဆောင်ရွက်လို့ မပြီးမချင်း တစ်စုံတစ်ရာ အမှားအယွင်း၊ ချွတ်ယွင်းချက် မရှိစေဖို့လည်း ကြပ်မတ်ပေးရပါတယ်။ ဥပမာအားဖြင့် ကြိုတင်ပြုဖွယ်တွေ အစစပြည့်စုံရင် ရဟန်းလောင်းကို ဥပဇ္ဈာယ်ယူဖို့ တိုက်တွန်းပေးရမယ်၊ ပြီးတော့ရဟန်းလောင်းကို သူပိုင် သပိတ်၊ သင်္ကန်းတွေဖြစ်ကြောင်း အသိပေးပြောကြားစေရမယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ ရဟန်းလောင်းကို ဆုံးမတယ်ဆိုတာလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရဟန်းလောင်းကို ဆုံးမဖို့အတွက် ဆရာတော်တစ်ပါးကို တာဝန်ပေးရပါမယ်။ အဲဒီဆရာတော်က ရဟန်းလောင်းကို သံဃာတော်များ စုဝေးထိုင်နေတာရဲ့အပြင်ဖက်ကို ခေါ်ထုတ်ပြီးနောက်

စည်းဝေးတက်ရောက်တော်မူနေကြတဲ့ သံဃာတော်တို့ကို တပည့်တော်အား ရဟန်းလောင်းဆုံးမခွင့်ပြုတော်မူပါရန် ခွင့်တောင်းရပါသေးတယ်။

M.A ကျောင်းသား ။ ။ ရဟန်းလောင်းကို ခေါ်ထုတ်ပြီး ဘာလုပ်ရတာပါလဲဘုရား။

ဆရာတော် ။ ။ အရှင်ဘုရားကို သံဃပရိသတ်ရှေ့ အခုလို မေးခွန်းတွေ မေးမြန်းပါလိမ့်မယ်၊ ဒါကို မှန်မှန်ကန်ကန်ဖြေကြားဖို့ လိုအပ်ပါမယ်လို့ ပြောပြီး မေးခွန်းတစ်ပုဒ်ချင်းကို ပြောပြရပါတယ်။

M.A ကျောင်းသား ။ ။ ဘယ်လိုမေးခွန်းများပါလဲဘုရား။

ဆရာတော် ။ ။ စစ်ဆေးမေးမြန်းရမယ့် အချက် ၁၅-ချက်ရှိပါတယ်။

M.A ကျောင်းသား ။ ။ အဲဒါကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊

၁။ သင့်မှာ နူနာ ရှိသလောတဲ့၊

၂။ ထွထ်မြင်းအနာ အိုင်းအမာ ရှိသလောတဲ့၊

၃။ ခရုသင်းအနာ ရှိသလောတဲ့၊

၄။ ပန်းနာ အဆုတ်နာ ရှိသလောတဲ့၊
၅။ ဝက်ရူးပြန်လိုမျိုးရောဂါ ရှိသလောတဲ့၊
၆။ လူသားဧကန် ဟုတ်မှန်ပါ၏လောတဲ့၊
၇။ ယောကျ်ားစစ်စစ် ဟုတ်မှန်ပါ၏လောတဲ့၊
၈။ သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ ဟုတ်မှန်ပါ၏လောတဲ့၊
၉။ ကြွေးမြီမတင် သန့်ရှင်းစင်ကြယ်သောသူ ဟုတ်မှန်ပါ၏လောတဲ့၊
၁၀။ မင်းအခစားယောကျ်ား မဟုတ်သူ ဖြစ်ပါသလောတဲ့၊
၁၁။ မိဘတို့က ကျေကျေနပ်နပ် ခွင့်ပြုအပ်သူ ဖြစ်ပါသလောတဲ့၊
၁၂။ အသက် (၂၀) ပြည့်ပြီးသူ ဟုတ်မှန်ပါသလောတဲ့၊
၁၃။ သင့်မှာ သပိတ် သင်္ကန်း ပြည့်စုံပါပြီလောတဲ့၊
၁၄။ သင်သည် အဘယ်အမည်ရှိသနည်းတဲ့၊
၁၅။ သင်ရဲ့ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်းတဲ့၊

M.A ကျောင်းသား ။ ။ ရဟန်းခံအခမ်းအနား အစီစဉ်တွေက သိပ်ကို

တိကျတာပါပဲဘုရား။ ဘုရားရှင်ရဲ့ သာသနာတော်တွင်းကို ဝင်လာမယ့် ရဟန်းလောင်းတစ်ပါးမှာ

မဖြစ်မနေ ရှိကိုရှိရမယ့် ဂုဏ်ရည်တွေ သတ်မှတ်ထားတာ ကောင်းမွန် ပြည့်စုံလှပါတယ်ဘုရား။

ဆရာတော် ။ ။ အေးလေ၊ ဒါက ရှင်တော်ဘုရားရဲ့အစီအမံတွေလေ။

M.A ကျောင်းသား ။ ။ အစည်းအဝေး ရောက်ရှိတော်မူနေကြတဲ့ သံဃာ့ပရိသတ်ရှေ့မှာ ရဟန်းလောင်းက အခုလို မေးခွန်းရဲ့ အဖြေကို မှန်မှန်ကန်ကန်ဖြေကြားစေတဲ့ အခမ်းအနားအစီအစဉ်ကလည်း လူ့လောက လုပ်ထုံးလုပ်နည်းအရ လျှောက်ထားရရင် intreview တစ်ခုလိုပါပဲဘုရား။ အခုလို မေးမြန်းစုံစမ်းပြီးရင် ရဟန်းဖြစ်ပြီလားဘုရား။

ဆရာတော် ။ ။ မဖြစ်သေးဘူး၊ သိမ်အတွင်း အစည်းအဝေး ကြွရောက်တော်မူနေကြတဲ့ သံဃာတော်များထဲက တာဝန်ပေးအပ်ခံထားရတဲ့ သံဃာတော်များက ဉ တ်ကမ္မဝါစာကို ဖတ်ကြားရပါတယ်။

M.A ကျောင်းသား ။ ။ ကမ္မဝါစာဖတ်ပြီးရင်တော့ ရဟန်းဖြစ်ပြီလားဘုရား။

ဆရာတော် ။ ။ တာဝန်ပေးအပ်ခံထားရတဲ့ ဆရာတော်များရဲ့ ဉတ်ကမ္မဝါစာအဆုံးမှာ ရဟန်းဖြစ်ပါတယ်။

M.A ကျောင်းသား ॥ ॥ ကမ္မဝါစာဖတ်ပြီးလို့ ရဟန်းဖြစ်ပြီးရင် ပြီး ပြီလားဘုရား။

ဆရာတော် ॥ ॥ ဘယ်ပြီးမလဲ၊ အခုမှ ရဟန်းဘဝအစပဲ ရှိသေးတယ်။

M.A ကျောင်းသား ॥ ॥ ဘာများဆောင်ရွက်ဖို့ရှိပါသေးသလဲဘုရား။

ဆရာတော် ॥ ॥ ဥပဇ္ဈာယ်ဆရာထံပါးက ရဟန်းဘဝမှာ အခြေခံလိုအပ်မယ့် စား၊ ဝတ်၊ နေရေးနှင့် မကျန်းမာရင် ဆေးကုသရေးဆိုင်ရာ ဩဝါဒလမ်းညွှန်မှုနှင့် အတူ အကူအညီတွေ အများကြီး လိုအပ်ပါသေးတယ်။

M.A ကျောင်းသား ॥ ॥ ဘယ်လိုတွေများ ပါပါသလဲဘုရား။

ဆရာတော် ॥ ॥ ဥပဇ္ဈာယ်ဆရာက မိမိတပည့်ကို သားရင်းပမာ ဝတ်ပုံ စားပုံ နေထိုင် သွားလာ ပြောဆိုပုံကအစ အစစအရာရာ တာဝန်ယူရတယ်။ ပြီးတော့ ဘုရားဥပဒေတော်နှင့်အညီ ကြည်ညိုစဖွယ် နေထိုင်ပြုမူ ပြောဆိုတတ်ဖို့ စနစ်တကျ ညွှန်ပြပေးရပါတယ်။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။ နောက်ဆုံးတစ်ခု သိချင်သေး

တာက ကမ္မဝါက ဘာကိုဆိုလိုတာပါလဲဘုရား။

ဆရာတော် ။ ။ ဥတ်နှင့် ကမ္မဝါစာဆိုပြီး နှစ်ပိုင်းရှိပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဥတ်ဆိုတာက အစည်းအဝေး တက်ရောက်တော်မူနေကြတဲ့ သံဃာတော်များကို အသိပေးလျှောက် ကြားတာပါ၊ ဘယ်လိုလုပ်ရသလဲဆိုရင် တာဝန်ပေးခံထားရတဲ့ သံဃာတော်များက အစည်းအဝေးကို ရောက်ရှိနေတော်မူတဲ့ သံဃာတော်များအား "ဤရဟန်းလောင်းသည် ဤမည်သော ဥပဇ္ဈာယ်ဆရာ၏တပည့် ဖြစ်ပါသည်၊ အန္တရာယ်ကင်းသူလည်း ဖြစ်ပါသည်၊ သူ့မှာ သပိတ် သင်္ကန်းလည်း ပြည့်စုံနေပါပြီ၊ ဖြစ်နိုင်မည်ဆိုလျှင် သံဃာတော်တို့က ဤရဟန်းလောင်းကို ရဟန်းပြုပေးဖို့ရာ ကြိုတင် အသိပေးခြင်း ဖြစ်ပါသည်"လို့ အဓိပ္ပာယ်ပြန်ဆိုလို့ရပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါ ဥတ်နှင့် သံဃာတော်များကို အသိပေးလျှောက်ကြားတာကို နားလည်ပါပြီဘုရား။ ကမ္မဝါစာဆိုတာကို အင်္ဂလိပ်လို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကမ္မဝါစာကို The text of official act လို့ အင်္ဂလိပ်ဘာသာပြန်ကြပါတယ်။ တာဝန်ပေးခံထားရတဲ့ သံဃာတော်များက ရဟန်းခံအစည်း အဝေးကို ရောက်ရှိနေတော်မူတဲ့ သံဃာတော်များအား "ရဟန်းလောင်းကို သံဃာ့အဖွဲ့က ရဟန်းပြုပေးပါသည်၊ ဤသို့ ရဟန်းပြုပေးခြင်းကို သဘောတူလျှင် ဆိတ်ဆိတ်နေတော်မူပါ၊ သဘောမတူသူရှိလျှင်လည်း ကန့်ကွက်ပြောဆိုပါ"လို့ သုံးကြိမ်သုံးခါ အဆိုတင်ရပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။အံ့ဩစရာပါပဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်၊ ဆက်ပြီးတော့ တာဝန်ပေးခံထားရတဲ့ သံဃာတော်များက ရဟန်းခံအစည်း အဝေးကို ရောက်ရှိနေတော်မူတဲ့ သံဃာတော်များအား "သံဃာ့အဖွဲ့က ဤရဟန်းလောင်းကို ရဟန်းပြုပေးပြီးပါပြီ၊ သံဃာ့အဖွဲ့က သဘောတူခြင်းကြောင့် ဆိတ်ဆိတ်နေခြင်း ဖြစ်ပါသည်" လို့ အတည်ပြုချက်ကို နိဂုံးအနေအားဖြင့် ထုတ်ဖော်ကြေငြာလိုက်ပါတယ်။

M.A ကျောင်းသား ။ ။ တကယ်ကို အံ့ဩစရာပါပဲဘုရား၊ လွန်ခဲ့တဲ့ ၂၅၀၀-ကျော်ကာလက အခုလို အဆင့်အတန်းမြင့်ပြီး ကန့်ကွက်ပိုင်ခွင့်၊ ထောက်ခံပိုင်ခွင့်ရှိပြီး

ဒီမိုကရေစီနည်းစနစ်ကျတဲ့ သံဃာတော်များရဲ့ အစည်းအဝေး လုပ်ထုံးလုပ်နည်းမျိုး ဘုရားတပည့်တော်တို့ရဲ့ သာသနာတော်မှာ ရှိတာကို သိရလို့ ဂုဏ်ယူမဆုံး ဖြစ်ရပါတယ်ဘုရား။

## ဆရာတော်၏ ကပ္ပိယများ

### ၁။ ကပ္ပိယကြီးတွေ စားချင်လို့မှာတာကိုး

ဆရာတော် မအားလပ်သည့်နေ့များတွင် ဆရာတော့်အနားမှ ကပ္ပိယအတွေ့အကြုံများသည့် ဘကြီးတို့နှင့်လည်း Dr.အောင်သူနှင့် သူ၏သား M.A ကျောင်းသားတို့သည် ရံခါ စကားလက်ဆုံကျတတ်ပါသည်။

ကပ္ပိယဘကြီး ။ ။ ဆရာတော်ကြီးအနားကပ္ပိယအဖြစ် နေရတာကုသိုလ်လည်းရတယ်၊ ဗဟုသုတလည်း ရတယ်၊ တစ်ခါတလေတော့ ဆရာတော့် ဒကာ၊ ဒကာမတွေရဲ့ အမြင်စောင်းတာမျိုးလည်း ကြုံရတတ်တယ်။

Dr. အောင်သူ ။ ။ ဘကြီး ဘယ်လိုကြုံခဲ့တာလဲဗျာ။

ကပ္ပိယဘကြီး ။ ။ ဘကြီးကြုံတာလည်း ရှိပါတယ်။ အခုတော့

ရန်ကုန်က ကပ္ပိယတင်ထွန်း အဘတို့တူတူ နေတုန်းကအတွေ့အကြုံကို ပြောပြမယ်လေ။

Dr. အောင်သူ ။ ။ ဟုတ်ကဲ့ဘကြီး။

ကပ္ပိယဘကြီး ။ ။ တင်ထွန်းက စိတ်ထား ကောင်းတယ်၊ ဆရာ တော့်အပေါ် ချစ်ခင်ကြည်ညိုတာလည်း ဘဝ ဘဝက ရေစက်ထင်တာပဲ။ သိပ်ဂရုစိုက်တာ၊ ရန်ကင်းသာသနာက သူ့ဘဝလို့ ခံယူထားတဲ့သူပါ။ အရပ်ကရှည်ရှည်၊ ကတုံးနှင့် ပင်နီတိုက်ပုံအင်္ကျီ ကိုလည်း မချွတ်ဘူး၊ ဘေးလွယ်အိတ် တစ်လုံးက လည်း အမြဲပါတယ်။ သူ့ကြည့်လိုက်ရင် ကပ္ပိယ ပုံစံကို ပေါက်နေတာ။ သူက ရွှေကျောင်းကုန်း ဆရာတော်၊ ရွှေဥမင်ဆရာတော်တို့လို ထင်ရှားတဲ့ ဆရာတော်ကြီးတွေရဲ့ ကပ္ပိယလေ။ အဘတို့က သူ့ဆီက ကပ္ပိယလုပ်နည်းလုပ်ဟန် ပညာတွေ သင်ယူရတယ်။

Dr. အောင်သူ ။ ။ ဦးတင်ထွန်း အခုဘယ် မှာနေသလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ သူက အသက် (၆၅)နှစ် မှာ အသည်းရောဂါဖြစ် ပြီး ဆရာတော့်လက်ပေါ်မှာပဲ ဆုံးသွားရှာတယ်။

Dr. အောင်သူ ။ ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါနဲ့ ဝါရင့်ကပ္ပိယကြီး

ဦးတင်ထွန်းအကြောင်းလည်း မှတ်သားထား ချင်လို့ ပြောပြပါဦးဘကြီး။

ကပ္ပိယဘကြီး ။ ။ ဒီလို၊ ဒီလို ဆရာတော်က ဆွမ်းဘုဉ်းရင် ဘယ်တော့မှ ဟင်းခွက်စုံအောင် မနှိုက်ဘူး။ နီးရာဟင်းလောက်နဲ့ပဲ ဘုဉ်းပေးတယ်။ ဆရာတော်က *"ဘုန်းကြီး ဘာကိုကြိုက်တယ်ဆိုတာ သူများသိမှာ ရှက်တယ်"*လို့လည်း တစ်ခါက မိန့်ဖူးတယ်လေ။

Dr. အောင်သူ ။ ။ ဟုတ်ကဲ့ခင်ဗျား။

ကပ္ပိယဘကြီး ။ ။ ဒါနဲ့ တစ်နေ့ကျတော့ မြို့က ဒကာ၊ ဒကာမတွေ ဆရာတော်ကို ဆွမ်းကပ်ဖို့လာကြတယ်။ ကောင်းပေ့ဆိုတဲ့ ဆိုင်ကဟင်းတွေ ဝယ်လာကြတယ်။ ဆရာတော်ကပ်ကြတယ်၊ ဆရာတော်ကတော့ စတိပဲ ဘုဉ်းပေးတယ်။ သူတို့က အမိဋ္ဌာန်နဲ့တဲ့ သုံးရက်ဆွမ်းကပ်မယ်တဲ့ဗျာ။ သူတို့ ယူလာတဲ့ ဆွမ်းဟင်းက မလျော့ဘူး။ ဒါနဲ့ ဆရာတော် ဆွမ်းဘုဉ်းပေးပုံကြည့်ပြီး မနက်ဖန် ဘာကပ်ရမယ်မှန်း မသိတော့ဘူး။ ကျနော်ကပ်တဲ့ ခရမ်းသီးမီးဖုတ်က ဆရာတော့်သပိတ်နား တိုးချထားမိတာ ကုန်ရောဗျာ။

Dr. အောင်သူ ။ ။ ဆရာတော်က မြို့က ဆွမ်းဟင်းကို မဘုဉ်းပေးတော့ အဘတို့ စားရတာ အဆင်ပြေရဲ့လား။

ကပ္ပိယဘကြီး ။ ။ ဆရာတော် မဘုဉ်းပေး ဘဲကျန်တဲ့ဟာတွေက တော့ ကျနော်တို့ ကပ္ပိယဖို့ပေါ့ဗျာ။ ဒါက ဘုရား ဥပဒေကကို ရှိတာလေ။ သုံးရက်လောက် စိတ်ချ ရပြီပေါ့ဗျာ။ ဒါပေမဲ့ ဆွမ်းဒကာတွေ အခက်အခဲက မနက်ဖန် ဘာကပ်ရမယ်မှန်း မသိတော့ဘူး။ ဒါနဲ့ ကျွန်တော့်ကိုမေးတော့ 'မသိဘူး'လို့ပဲ ပြောလိုက် တယ်လေ။ ဒါနဲ့တင်ထွန်းကို မေးကြတယ်။ သူက လက်ကလေးတို့ပြီး ကျောင်းရှေ့ သစ်ပင်အောက် ခေါ်သွားပြီး ပြောကြတယ်။

Dr. အောင်သူ ။ ။ ဘကြီးဦးတင်ထွန်းက ဘာပြောတာတဲ့လဲ။

ကပ္ပိယဘကြီး ။ ။ ကျွန်တော့်ကိုလည်း ပြန် မပြောဘူး။ ဒါပေမဲ့ နောက်နေ့ကျတော့ ဆိုင်ကနေ ဘဲအကောင်လိုက် ပေါင်းထားတာကြီး ယူလာကြတယ်။ ကျွန်တော်က ဆရာတော် မဘုဉ်းလောက်ဘူးထင်ပြီး စိတ်ထဲ နည်းနည်း ထင့်သွားတယ်။ တင်ထွန်းကတော့ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ ဆွမ်းပွဲတွေပြင်ရင်း ဧည့်သည် တွေနဲ့ စကားလက်ဆုံကျနေတယ်။ ကျွန်တော်က ချဉ်ပေါင်ရွက်ကြော်နေတယ်။

Dr. အောင်သူ ။ ။ ဆရာတော်က ဘဲပေါင်း ဘုဉ်းပေးသလားဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျွန်တော်က ဆွမ်းကပ်ပြီး ထရံပေါက်ကလေးကနေ အသာချောင်းကြည့်နေတာ။ ဘဲပေါင်းကြီးကို တို့ကိုမတို့ဘူး၊ ကျွန်တော်ချက်တဲ့ ချဉ်ပေါင်ကြော်ပန်းကန်က ဘယ့်နှယ်လုပ် ဆရာတော်ရှေ့ရောက်သွားတယ်မသိဘူး။ တစ်ဝက် ကျော်ကျော်ကိုကုန်သွားတယ်။ ဆွမ်းပွဲသိမ်းတော့ တင်ထွန်းရှေ့ဘဲပေါင်းပန်းကန် ရောက်သွားတယ်။ ဧည့်သည်နဲ့စကားလည်းပြော စားလည်းစားပေါ့ဗျာ။

Dr. အောင်သူ ။ ။ ဆွမ်းဒကာကြီးတွေရဲ့အဓိဋ္ဌာန်က တစ်ရက်ကျန်သေးတယ်နော်ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ သူတို့ကျွန်တော့်ကို မေးပြန်တယ်။ "*မနက်ဖန် ဘာဟင်း သင့်မြတ်မလဲ*" ဆိုတော့ ကျွန်တော်မပြောတတ်ဘူး။ မြင်တဲ့အတိုင်းပဲဆိုတော့ သူတို့က တင်ထွန်းဘက် လှည့်မေးတယ်။ သူက "*ငါးသလဲထိုးကြော်နှင့် ငါးရံ့ခေါင်းဟင်းရည်ကတော့ သင့်မြတ်ပါတယ်*"လို့ ပြောပြန်တယ်။

Dr. အောင်သူ ။ ။ နောက်နေ့ သင့်မြတ်သလားဘကြီး။

ကပ္ပိယဘကြီး ။ ။ နောက်နေ့ ကပ္ပိယတွေအပြောခံရတဲ့နေ့ပဲ။

Dr. အောင်သူ ။ ။ ဘာများအပြောခံလိုက်ရတာလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ကပ္ပိယဆိုတာက ဆရာတော်နဲ့ ဒကာ၊ ဒကာမ တွေကြားမှာ သတိထားရတယ်။ ဆရာတော့် ဒကာ၊ ဒကာမများက ကပ္ပိယတွေကို ပြုပြင်သွားရင် မကောင်းဘူးလေဗျာ၊ တင်ထွန်းက အဲဒါမျိုးကို မရိပ်မိတာလားဘာလား မသိဘူး။ နောက်နေ့ မနက်မှ သိရတာက ဘဲပေါင်းကလည်း သူမှာ တာကိုး။

Dr. အောင်သူ ။ ။ ကပ္ပိယတွေ ဘယ်လို အပြောခံရတာလဲဗျာ။

ကပ္ပိယဘကြီး ။ ။ "*လက်စသတ်တော့ ဘဲပေါင်းတို့၊ ငါးရံ့ခေါင်းတို့ မှာနေတာက ဆရာတော်ဘုဉ်းဖို့မှ မဟုတ်တာ ဒီကပ္ပိယကြီးတွေ စားချင်လို့ မှာတာကိုး*" ဆိုပြီး ငါးသလဲထိုး ဝါးနေတဲ့ တင်ထွန်းကိုကြည့်ပြီး ပြောပါလေရော။ ကျနော့်ဖြင့် ရှက်လိုက်တာဗျာ၊ ဟင်းခွက်ကို မနှိုက်ရဲတော့လို့ ဆယ့်နှစ်နာရီက လည်း ထိုးတော့မယ်။ ဒါနဲ့ မီးဖိုထဲဝင်ပြီး ချဉ်ပေါင်ကြော်အိုးလူးပြီး ထမင်းစားလိုက်ရတယ်။

## ၂။ ဆရာဝန်ပြောတိုင်း မယုံပါနဲ့ဘုရား

ကပ္ပိယဘကြီး ။ ။ ပြောပြပါဦးဆိုမှ သတိရတာလေး တစ်ခုက ဒီလိုဗျ၊ ဆရာတော်က ကျန်းမာရေးအတော်ကြီးကို မကောင်းတာဗျာ။

Dr. အောင်သူ ။ ။ ဘယ်လိုရောဂါကြောင့်များ ကျန်းမာရေးက မကောင်းရတာလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ အသည်းရောဂါတဲ့။ စီပိုးဆိုလားဗျာ၊ ရန်ကုန်က ဆေးစစ်ပြီး ပြန်ရောက်တော့ ကြားရတယ်၊ ကျနော် မယုံပါဘူး။ ဒါကြောင့် ဆရာတော်ကို "*ဘုန်းဘုန်း ဆရာဝန်တွေပြောတိုင်း မယုံပါနဲ့ဘုရား၊ တပည့်တော်တို့ရွာက ဒေါ်ဂျမ်းဆိုရင် တစ်နှစ်ပဲခံမယ်လို့ ဆရာဝန်ကပြောတာ ခုဆိုရင် ဆယ်နှစ်တောင် ပြည့်တော့မယ်ဘုရား*"လို့ အားပေးလိုက်သေးတယ်။

Dr. အောင်သူ ။ ။ ဆရာတော်က နေလို့ကောင်းနေလို့လားဗျာ။

ကပ္ပိယဘကြီး ။ ။ မကောင်းဘူးလေ၊ ဆွမ်းခံသွားရင်း၊ သွားရင်း ခဏနေတော့ ခြေထောက်က မြေကြီး မလွတ်

တော့ဘူး။ ဒရွတ်တိုက်ဆွဲသလို ဖြစ်နေပြီ။ အပြန်လမ်းကျတော့ *"ကျောင်းကလည်း ဝေးလိုက်တာ ဒကာကြီးရယ်"*လို့ မိန်းပြီ၊ ကျနော့်ပခုံးကို ကိုင်ပြီးတော့ လက်ဟန်နဲ့ပဲ ထိုင်တဲ့အခင်း သားရေနယ်ပိုင်းကို လယ်ကန်သင်းပေါ် ခင်းခိုင်းတယ်။ နားနေတာ အမောမှမပြေတာပဲကိုး။ နောက်ပိုင်းကျတော့ မနေ့က မောတဲ့အမောက နောက်တစ်ရက်အထိ မပြေတော့သလို ဖြစ်လာတယ်။

Dr. အောင်သူ ။ ။ အသည်းရောဂါရဲ့ လက္ခဏာတွေပဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျနော် အစပိုင်းက ဆရာဝန်ပြောပြတာကို မယုံဘူး။ နောက်ပိုင်းမှ ယုံလာတာ။

Dr. အောင်သူ ။ ။ နောက်ပိုင်းမှ ဘယ်လို အကြောင်းရှိလို့များ ယုံလာတာလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ကပ္ပိယ ကိုခန့်ကြည် ပြောပြမှ ဒီရောဂါကြီးက ကြောက်စရာကောင်းမှန်း သိလာတာလေ။

Dr. အောင်သူ ။ ။ ကိုခန့်ကြည်က ဆရာဝန်လား ဘကြီး။

ကပ္ပိယဘကြီး ။ ။ သူတော့ ဆရာဝန် မဟုတ်ဘူး၊ သူ့အမျိုး

သမီးက ကျန်းမာရေးဌာနက ကျုပ်တို့တစ်ရွာလုံးရဲ့ သားဖွားဆရာမလေ။ သူပြောမှ ကျွန်တော်တို့က ယုံတာဗျ။

Dr. အောင်သူ ။ ။ အော် အော် အဲ အဲ၊ ဟုတ်ကဲ့။ ဟုတ်ကဲ့။

ကပ္ပိယဘကြီး ။ ။ ဆွမ်းခံမကြွပါနဲ့ဘုရား ဆိုလည်း တားမရဘူး။

*"ဘုရားပေးတဲ့ သပိတ်နဲ့ ဘုရားခိုင်းတာကို လုပ်ရမှာပဲ ကပ္ပိယဒကာကြီး"* လို့ မိန့်တယ်။

Dr. အောင်သူ ။ ။ အဲသည်အချိန် ဆရာတော်အနားမှာ ဘကြီးတစ်ယောက်ထဲပဲ ရှိတာလား။

ကပ္ပိယဘကြီး ။ ။ ရှိသေးတယ်။ ရှိသေးတယ်။ ရန်ကုန်ကနေ ဆရာတော်ကြွလာတော့ တစ်ပါတည်းပါလာတဲ့ ကပ္ပိယဦးတင်ထွန်းတဲ့၊ သပြေပင်ရွာက ကပ္ပိယဦးငြိမ်းမောင်တဲ့၊ ကပ္ပိယဦးခန့်ဖြူတဲ့၊ ပျဉ်းမနားကပ္ပိယကိုကျော်ဝင်းတဲ့ နောက်ပြီး ကပ္ပိယကိုခန့်ကြည်တဲ့ သူတို့ ရှိကြတယ်။ ကျောင်းမှာနှစ်ယောက်သုံးယောက်လောက်တော့ အမြဲတမ်းယောဂီဖြစ်နဲ့ နေကြတယ်။

Dr. အောင်သူ ။ ။ ကျောင်းမှာ ဂိလာနဆရာတော်ကို စောင့်

ရှောက်ပြီး နေရတာလားဘကြီး။

ကပ္ပိယဘကြီး ။ ။ မဟုတ်ဘူး၊ ဆရာတော်ကကျုပ်တို့ကို စောင့်ရှောက်ပေးနေတာဗျ၊ တရားအားထုတ်ရတယ်၊ တရားနာရတယ်၊ တရားလျှောက်ရတယ်။ ကျွန်တော်တို့ကလည်း ရှစ်ပါးသီလနဲ့ နေရတာဗျ၊ သီလပျက်လို့ကတော့ ဆရာတော်အနား မသွားရဲတော့ဘူး။

Dr. အောင်သူ ။ ။ သီလပျက်ရင် ဘကြီးတို့ကို ဆရာတော်က ဘာများ လုပ်ပါသလဲ။

ကပ္ပိယဘကြီး ။ ။ ဘာမှတော့ မလုပ်ဘူး။ ညနေပိုင်း တစ်ခုခုစားမိပြီး သွားတရားနာလို့ကတော့ ညစာစားရင် သီလပျက်တဲ့အကြောင်းကိုပဲ ဖိဟောနေတော့တာ၊ အဲဒါ မပြီးတော့ဘူး၊ တရားကလည်း ရှည်လိုက်တာ။ ကြာတော့ ကိုယ့်လိပ်ပြာကိုယ် မလုံတော့ဘူးလေ။ ဒါကြောင့် ကပ္ပိယအချင်းချင်း သီလမပျက်ရဲကြဘူး။

Dr. အောင်သူ ။ ။ သာဓု၊ သာဓု၊ သာဓုပါ ဘကြီး။

## ၃။ မီးသင်္ဂြိုဟ်ရန် ထင်းမှာထားပြီးပြီ

M.A ကျောင်းသား ။ ။ ဆရာတော် ကျန်းမာရေး မကောင်းရာကနေ နောက်ပိုင်း အလိုလိုကောင်းလာတာလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ မကောင်းတုန်းကဆိုတော်တော်ကို မကောင်းတာ ကျောင်းသား။

M.A ကျောင်းသား ။ ။ ဆေးဘယ်လိုကုသလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဘကြီးက ဗမာဆရာနဲ့ ပြပေးတယ်။ ပြီးတော့ မြွေပွေးအထီးရဲ့ သည်းခြေနဲ့ကုဖို့ အားလုံး စီစဉ်ပြီးခါမှ ဆရာတော်က ဝိနည်းနဲ့မညီလို့ဆိုပြီး လက်မခံဘူးလေ၊ ဒါနဲ့ ဘကြီးတို့ ကပ္ပိယတွေကလည်း ထိုင်စောင့်ကြည့်နေရတာပေါ့ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဘကြီးတို့က ဘာကို ထိုင်စောင့်ကြည့်နေရတာလဲဗျာ။

ကပ္ပိယဘကြီး ။ ။ အခြေအနေက တစ်နေ့ တစ်ခြား ယိုင်နဲ့လာလိုက်တာ အဲသည်နှစ်က ဝါထပ်တယ် မောင်ကျောင်းသား။ ဆရာတော်က ဝါကျွတ်မယ့် အခြေအနေ မရှိတော့ဘူးလေ။

M.A ကျောင်းသား ။ ။ အော် အဲသလောက်ကို ဆိုးနေတာလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ အဲသည် နှစ်က လေမိုးကလည်း ကောင်းလိုက်တာ မပြောနဲ့တော့၊ ဟောဒီရေကန် ကြီး တစ်ညထဲနဲ့ကို ရေပြည့်တယ်။

M.A ကျောင်းသား ။ ။ ဟုတ်ကဲ့။

ကပ္ပိယဘကြီး ။ ။ ဝါတွင်းကြီး ပျံလွန်ရင် မိုးက နေ့နေ့ညည စွေ နေတော့ ထင်းတွေကလည်း စိုနေတယ်လေ။ ဒီတော့ မီးသဂြိုလ်ဖို့ အခက်အခဲဖြစ်မှာ စိုးရိမ် နေကြရပြီ။

M.A ကျောင်းသား ။ ။ ကပ္ပိယဘကြီးတို့က အခု လောက်ထိကို စီစဉ် နေတော့တာလား။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်၊ ဆရာတော် ကလည်း ဈာပနအတွက် နေရာကို လက်ညိုးထိုးပေးထားပြီးသားလေ။

M.A ကျောင်းသား ။ ။ အော် ဟုတ်ကဲ့ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဒါနဲ့ ရွာထဲက အိမ်တွေ လိုက်ကြည့်ပြီးတော့ ထင်းချောင်းအခြောက် ရှည်ရှည်ရှိတဲ့ ဘကြီးတူမ အိမ်ကို မှာထားရတယ်။

M.A ကျောင်းသား ။ ။ ဘာကိုမှာထားတာလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ထင်းအခြောက်တွေနဲ့မှ ဈာပနပွဲ လုပ်လို့ရမှာ လေ ကျောင်းသား။ ထင်းအစိုနဲ့ ဈာပနပွဲ ဘယ်လို လုပ်မလဲ။

M.A ကျောင်းသား ။ ။ အော် နားလည်ပါပြီ ဘကြီး၊ ဆရာတော် ဝါတွင်းကြီး ပျံလွန်ရင် မီးသင်္ဂြိုဟ်ဖို့ ထင်းအခြောက် တွေကို ဘကြီးတို့က ကြိုတင် Booking လုပ်ထား တာပေါ့နော်။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ ကြိုတင် စီစဉ်ထားရတာ။

M.A ကျောင်းသား ။ ။ အခုတော့ ဆရာတော် ကို နေကောင်းနေတာ ဖူးတွေ့နေရတယ်။ ထင်းမှာတဲ့ ဘကြီးတို့ကပ္ပိယ တွေကလည်း နေကောင်း ကျန်းမာလျက်ပါပဲလား ခင်ဗျား။

ကပ္ပိယဘကြီး ။ ။ ဆရာတော်ကို ပျံလွန်တဲ့ အထိ ပြုစုပြီး သင်္ဂြိုဟ် ပြီးမှ ရန်ကင်းတောင်ပေါ်က ဆင်းမယ်လို့ပြောပြီး ထင်းတွေမှာကြတဲ့ ကပ္ပိယကြီး ဦးခန့်ဖြူ ကပ္ပိယ ဦးတင်ထွန်းနဲ့ ကပ္ပိယကြီး ဦးငြိမ်းမောင်တို့

ဆုံးသွားရှာပြီ၊ ဆရာတော့်ကို *'နောက်ဆုံး အချိန်အထိ ဆေးကုပေးပါရစေဘုရား'* လို့ လျှောက်ထားပြီး အချိန်မရွေး နေ့နေ့ညည ဆေးလာလာကုသပေးတဲ့ အငြိမ်းစား ကျန်းမာရေးမှူးဆရာချစ်ကလည်း အူမကြီးကင်ဆာ ရောဂါဖြစ်ပြီး ဆုံးသွားရှာပြီ။

M.A ကျောင်းသား ။ ။ အော် - စိတ်မကောင်းစရာပါပဲ ဘကြီး။

# ၄။ မကြောက်ကြဘူးလား

Dr. အောင်သူ ။ ။ ဘကြီးက ဆရာတော်ဆွမ်းခံကြွရင် အမြဲလိုက်ရတာပါလားဗျာ။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ အမြဲလိုလိုလိုက်ရတယ်။ ကပ္ပိယတစ်ယောက်ပါတော့ ဝိနည်းအရ ဆရာတော်ကိုစောင့်ရှောက်ပေးနိုင်တယ်လေ။

Dr. အောင်သူ ။ ။ ရွာတွေမှာ ဆွမ်းခံကြွတာဆိုတော့ အသုဘအိမ်တွေမှာလည်း ဆွမ်းခံလို့ရသလားဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆွမ်းခံလို့ရပါတယ်။ ဆရာတော် အသုဘ

အိမ်မို့လို့ရှောင်တာ မကြုံဘူးပါဗျာ။ အသုဘပြော လို့ ကြုံဖူးတာလေးတစ်ခုတော့ရှိတယ်။

Dr. အောင်သူ ။ ။ ပြောပြပါဦးဗျာ။

ကပ္ပိယဘကြီး ။ ။ တစ်ရက် မနက်အစော အရုဏ်တက်တာနဲ့ဆွမ်း

ခံကြွသွားတာ၊ ရွာအဝင်လမ်းဘေးမှာ အခေါင်း အကြီးကြီးတွေ့လို့ ဆရာတော်က အခေါင်းနား သွားပြီး ရပ်တော်မူတယ်။

Dr. အောင်သူ ။ ။ ဘာကြောင့်ရပ်တာပါလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျွန်တော်လည်းမသိ သေးဘူး။ အခေါင်းကို

သေသေချာချာကြည့်ပြီးတော့ *"ဒီအခေါင်းက ပုံမှန်မဟုတ်ဘူး၊ သိပ်ပြီးကြီးလွန်းနေတယ်"* လို့ မိန့်တယ်။ အဲဒီအချိန်မှာ အိမ်ရှင်က ထွက်လာ တယ်။ ဆရာတော်ကို ဦးချပြီးတော့ *"သူ့ခြေးမ နေ့စေ့လစေ့ကြီး မဖွားနိုင်လို့ တစ်နေ့က တိမ်းပါး သွားပါတယ်ဘုရား"*လို့ လျှောက်တယ်။ ဆရာ တော်ကလည်း ခေါင်းညိမ့်ပြီး နားထောင်တော် မူတယ်။ ပြီးတော့ ဆွမ်းခံဆက်ကြွတာ စကား တစ်ခွန်းမှ မပြောတော့ဘူး။ ကျွန်တော်ပြော ရင်လည်း မေးတစ်ခွန်း ဖြေတစ်ခွန်းပဲပြောတော့ တယ်။

Dr. အောင်သူ ။ ။ ကျောင်းပြန်ရောက်တဲ့ အထိလားဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ ကျောင်း ပေါက်ဝနားရောက်မှ *"ဒီကိုယ်ဝန်ဆောင်ထားတဲ့ ဒကာမက သားဦးမဖွား နိုင်လို့ ဆုံးသွားတာတဲ့ ကပ္ပိယကြီးရဲ့" "မှန်ပါဘုရား" "ဒါဆိုရင် ဒီရွာက အပျို၊ လူပျိုတွေက အခုလိုသေ တာကို မြင်ရလို့ ကြောက်လန့်ပြီးတော့ မင်္ဂလာ ဆောင်မယ့်သူတွေ နောက်ဆုတ်သွားကြတော့ မယ်ထင်တယ်နော်"* လို့ တွေးတွေးဆဆ ချင့်ချင့် ချိန်ချိန်ကြီး မိန့်တော်မူတယ်။

Dr. အောင်သူ ။ ။ ဆရာတော်က ဒီလူသေ အခေါင်းကို မြင်ရပြီး တော်တော်သံဝေဂဖြစ်ဟန် တူတယ်နော်ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော်ကတော့ ဟုတ်လိမ့်မယ်ဗျာ။

Dr. အောင်သူ ။ ။ ဘာကြောင့်လဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျွန်တော်တို့ ကျောင်း မုခ်ပေါက်ရောက်တဲ့ အခါမှာ ဆရာတော်ကို လျှောက်လိုက်ပါတယ်။ *"ဆရာတော် ဘယ့်နှယ် မိန့်တာပါလိမ့်ဘုရား၊ မနက်ဖန် တပည့်တော်တူမတစ်ယောက် မင်္ဂလာ ဆောင်မှာပါဘုရား၊ သဘက်ခါ အိမ်ခေါင်းရင်းက ကောင်လေးရဲ့ မင်္ဂလာဆောင် ရှိပါသေးတယ်*

*ဘုရား၊ နောက်တစ်ပတ်တွေလည်း မပြတ်ဆောင် ကြဉီးမှာပါဘုရား”*လို့ လျှောက်လိုက်တော့ ကျောင်း ဝင်းထဲမဝင်သေးဘဲ ကျွန်တော့်မျက်နှာကို နောက် ပြန်လှည့်ပြီးတော့ သေသေချာချာကြည့်တယ်။

Dr. အောင်သူ ။ ။ ကြည့်ပြီး ဘာမျှားမိန့် ပါသေးသလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော်က တအံ့တဩ ဖြစ်ပြီး *“ရှေ့ကသေတဲ့ သူကလည်း သားဉီးမဖွားနိုင်လို့ သေပြထားပြီးပြီ၊ မင်္ဂလာဆောင်မယ့်သူတွေကလည်း မကြောက် မရွံ့ဆောင်နေလျက်ပဲဆိုတော့ သူတို့တော်တော် ကြီးကို သတ္တိကောင်းကြပါပေတယ်”* လို့ မိန့်တော် မူတယ်ဗျာ။

## ၅။ ကပ္ပိယနှင့် မော်တော်ကား

Dr. အောင်သူ ။ ။ ကျောင်းမှာ အမြဲနေ ကပ္ပိယရှိသလားဘကြီး။

ကပ္ပိယဘကြီး ။ ။ အမြဲနေကပ္ပိယတော့ မရှိဘူး၊ သို့သော် ကပ္ပိယ က အမြဲရှိရတယ်။

Dr. အောင်သူ ။ ။ ဘာကြောင့်လဲဗျာ။

ကပ္ပိယဘကြီး ။ ။ ဝိနည်းလမ်းကြောင်း အရ ဆောင်ရွက်စရာ ကိစ္စတွေက ပေါ်ပေါ်လာတတ်လို့ပါ။

Dr. အောင်သူ ။ ။ ဘာတွေပေါ်လာတတ်လို့လဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆိုပါစို့ အမျိုးသမီးတစ်ယောက်၊ နှစ်ယောက်က ဆရာတော်ဖူးဖို့ လာတယ်ဆိုပါစို့၊ အမျိုးသား အသိသက်သေတစ်ယောက်မပါဘဲ ဆရာတော့် ကျောင်းထဲ ဝင်လို့မရဘူးလေဗျာ။ နဝကမ္မကိစ္စ တစ်ခုခုပေါ်လာပြီဆိုပါစို့ ကပ္ပိယမရှိရင် မရဘူး လေဗျာ။

Dr. အောင်သူ ။ ။ ဟုတ်သားပဲ၊ ကပ္ပိယ အခန်းကဏ္ဍက တော်တော်အရေးကြီးတာ အခုမှသဘောပေါက်လာ တယ်ဘကြီး။

ကပ္ပိယဘကြီး ။ ။ ပြောပြရဦးမယ်။ကျောင်း မှာက ကပ္ပိယတွေ ပေါတဲ့အခါလည်း ပေါတယ်၊ ရှားတဲ့အခါလည်း ရှား တယ်။ ဒါပေမဲ့ အကြောင်းကိစ္စ တစ်ခုခုရှိရင်တော့ အားလုံးလာကြပါတယ်။ တစ်ခါက တက္ကသိုလ် ကျောင်းသားကပ္ပိယရှိတယ်။ နာမည်က မောင် ကံကောင်းတဲ့၊ သူက ကားလည်းမောင်းတတ်တယ်။

Dr. အောင်သူ ။ ။ ကျောင်းကား မောင်း တာလားဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်၊ သဒ္ဓါတရား ပြည့်ဝကြတဲ့ မောင်သိန်းမြင့်သူ၊ မဂျူလိုင်အောင်တို့ ဇနီးမောင်နှံက မော်တော်ကားတစ်စီး ဆရာတော်ကို လှူထားတယ်။ မောင်းတဲ့လူက မတည်တံ့ဘူး။ တစ်နေ့ဆရာတော်က တောရကျောင်းတစ်ခု သွားဖို့ရှိတဲ့အချိန်မှာ ကပ္ပိယလေး မောင်ကံကောင်း ကျောင်းရောက်လာတယ်။ ဆရာတော်အပြင်ကြွရင် တစ်ခါတစ်လေတော့ ဘကြီးလည်း လိုက်ရတယ်လေ။ အဲဒါ ကားကမောင်းလို့မကြာသေးဘူး။

Dr. အောင်သူ ။ ။ ကားပျက်ရောလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ကားမပျက်ဘူး။ကားက အသစ်ကြီး။ ဘယ်ပျက်မလဲ။ ဆရာ့တော်ကို သူက ကားမောင်းရင်းမေးတယ်။ "*ကားအင်ဂျင်ဝိုင် ဘယ်နေ့ကလဲတာပါလဲဘုရား*"တဲ့၊ ဆရာတော်က "*မသိဘူး*"လို့ ဖြေတယ်။ ခဏလေးနေတော့ မေးပြန်တယ်။ "*အင်ဂျင်ဝိုင်က ဘယ်လိုအမျိုးအစား သုံးတာပါလဲဘုရား*"တဲ့၊ ဆရာတော်က "*မသိဘူး*"လို့ ဖြေတော်မူတယ်။ တစ်ခါမေးပြန်တယ်။ "*ကားဘီးလေပေါင် ဘယ်*

*လောက် ထည့်ထားပါသလဲဘုရား*”တဲ့၊ ဆရာတော်က “*ငါမသိဘူး*”လို့ ဖြေတော်မူတယ်။ ကျနော်က ဆရာတော်ကို အားနာနေပြီ။ သူ့မေးခွန်းက မရပ်သေးဘူး။

Dr. အောင်သူ ။ ။ ဆက်မေးတာပဲလားဘကြီး။

ကပ္ပိယဘကြီး ။ ။ မေးပြန်တယ် “*ကားဘီးအသစ်လဲထားတာလားဘုရား*”တဲ့၊ ဆရာတော်က “*မသိဘူး*”လို့ ဖြေတော်မူတယ်။ ခဏနေပြန်တော့ “*ကားတာယာက ဘာအမျိုးအစားပါလဲဘုရား*”တဲ့။

Dr. အောင်သူ ။ ။ ဆရာတော်က ဘာပြန်မိန့်ပါသလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော်က “*မောင်ကျောင်းသားကလည်း သိချင်တာတွေက များနေတယ်၊ ဘုန်းကြီးကလည်း မသိတာက များနေတယ်၊ ဒါကြောင့် ရှေ့အကွေ့ကျော်ရင် ကားရပ်ပြီးတော့ ကားအောက်ဆင်းပြီး လေ့လာကြည့်လိုက်ပါဦးနော်*”လို့ မိန့်တော်မူပါတယ်။

## ၆။ နင်ဒါကြောင့် ကျွဲဖြစ်နေတာ

Dr. အောင်သူ ။ ။ ဘကြီးရဲ့ ဗဟုသုတတွေက မှတ်သားလောက်တယ်ဗျာ။

ကပ္ပိယဘကြီး ။ ။ အကြောင်းအရာတစ်ခုကို သတိရပြန်တယ်။ ဆောင်းဦးကာလမှာ ဆရာတော်နဲ့တူတူ ဆွမ်းခံလိုက်သွားတယ်။ အဲဒီနေ့က ရေနီချောင်းကူးပြီး ဟိုဘက်ကမ်းကို ဆွမ်းခံသွားရတဲ့နေ့ဗျ။

Dr. အောင်သူ ။ ။ ဆရာတော် ဆွမ်းခံရွာတွေက သူ့နေ့နဲ့သူလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ အဲသလိုတော့လည်း မဟုတ်ပြန်ဘူး။ ဆွမ်းခံဝတ်ကိုတော့ မပြတ်ဖြည့်ကျင့်တယ်။ ဥစ္စာပစ္စည်းပြည့်စုံတဲ့ တိုက်အိမ်ရှေ့တွေကို ဆွမ်းခံကြွလေ့ မရှိဘူး။ အဲသလို နွားတဲလိုမျိုးမှာ နေရှာတဲ့ ဆင်းရဲသားတွေဆီကို ကြွပေးလေ့ရှိတယ်။ ကျွဲတဲ၊ နွားတဲ ခြောက်လုံးလောက်ရှိတဲ့ ရွာတစ်ရွာကို တစ်နှစ်ကျော်ကျော်အထိ ဆွမ်းခံဖူးတယ်။

Dr.အောင်သူ ။ ။ ခုနပြောတဲ့ ရေနီချောင်းကူးပြီး ဆွမ်းခံကြွတာ

ဘယ်ကို ရောက်သလဲဘကြီး။ ချောင်းရေ အနက်ကြီးလား။

ကပ္ပိယဘကြီး ။ ။ မိုးတွင်းမှာ ချောင်းရေ ကျတာ ကြမ်းသော်လည်း မိုးအကုန်မှာတော့ ခြေသလုံး မြှုပ်ရုံ၊ ဒူးမြှုပ်ရုံ လောက်ပဲ ရေရှိတာပါ။ တစ်နေ့ ချောင်းစပ်ကို ဘုန်းကြီးနဲ့ အတူတူ ကျနော်တို့ကလည်း အရောက်၊ ခရီးဝေးကနေ ကုန်တင်လာတဲ့ ကျွဲလှည်းတစ်စီးကလည်း မျက်နှာချင်းဆိုင် ရောက်လာတာ ရေလယ်မှာပဲ ဆုံကြတော့တယ်။ ကျွဲတွေက ရေငတ်ရုံမျှမကဘူး၊ အလွန်ပင်ပန်းထားဟန် တူပါတယ်။ လှည်းတံပိုးတောင် မချွတ်ရဘဲ ကျွဲနှစ်ကောင်စလုံး ရေထဲထိုင်ချပြီး ရေသောက်နေရှာတယ်။ ချောင်းကို ကူးရမယ့် ဆွမ်းခံလမ်း တစ်ပြင်လုံးကြီး ပိတ်သွားပါတော့တယ်။

Dr. အောင်သူ ။ ။ လှည်းသမား မရှိဘူးလားဘကြီး။

ကပ္ပိယဘကြီး ။ ။ ရှိတယ်လေ။ လှည်းမောင်းသမားကဖောက်ထိုးဖြစ်နေတဲ့သူ့ လှည်းပေါ်မှာ ကြိမ်လုံးကြီးကြီး လက်ထဲကိုင်ပြီး ကုန်းကုန်းကြီး ထိုင်နေတယ်။ သူက ဆရာတော်ကိုကြည့်ပြီး *"ကြွပါဘုရား၊ ကြွပါဘုရား"* လို့လျှောက်တယ်။

Dr. အောင်သူ ။ ။ သူက ဆရာတော်ကို ဘယ်ကြွခိုင်းနေတာ ပါလဲ။ သူ့လှည်းပေါ်ကို ကြွခိုင်းတာလားဘကြီး။

ကပ္ပိယဘကြီး ။ ။ မဟုတ်ဘူးလေ။ ဆရာတော်ကကျွဲနွားတိရစ္ဆာန် ဆွဲတဲ့လှည်းကို မစီးဘူးလေ။

Dr. အောင်သူ ။ ။ ဒါလည်း ဘုရားဟော ဝိနည်းကြောင့်ပဲလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်ပါတယ်။ ဝိနည်းကြောင့်ပါ။ လှည်းသမားက သူ့ကြောင့် လမ်းပိတ်မိနေပြီဆိုတော့ လှည်းကို ကွင်းပြီး ဆွမ်းခံကြွမယ့်ဟာ ကြွပါလို့ လျှောက်နေတာပါ။

Dr. အောင်သူ ။ ။ ဘယ်ဘက်ဖြစ်စေ၊ ညာဘက်ကနေဖြစ်စေ ကွင်းရှောင်သွားရင် မရဘူးလားဗျာ။

ကပ္ပိယဘကြီး ။ ။ မရလောက်ဘူး။ လှည်းလမ်းရဲ့ ဘယ်ညာတွေမှာ ရေက ခါးလောက်၊ ရင်စို့လောက်ရှိနေတယ်။ ဆွမ်းခံချိန် နေမြင့်ရင် ဆွမ်းဒကာတွေက လယ်ထဲ၊ ယာထဲသို့ သွားကြတော့မယ်။ ဆရာတော်က ဒီအခြေအနေကို ဘယ့်နှယ်ကျော်သွားရမလဲလို့

စဉ်းစားနေဟန်တူတယ်။ လှည်းသမားကလည်း ကျွဲနဖားကြိုးကို တင်းတင်းဆွဲထားပြီး "ကြွပါဘုရား၊ ကြွပါဘုရား"လို့ပဲ ပြောနေတယ်။

Dr. အောင်သူ ။ ။ ဆရာတော် ကြွသလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျွဲဆိုတဲ့ကောင်က အနီရောင်ကို မုန်းတတ်တယ်။ ဆရာတော်က ကျွဲချိုကားကားကြီးရဲ့ အန္တရာယ်ကနေ မလွတ်မြောက်ခဲ့ရင် ရေနက်ထဲလည်း လဲကျနိုင်တယ်၊ ထိခိုက်ဒဏ်ရာလည်း ရနိုင်တယ်။

Dr. အောင်သူ ။ ။ ဘကြီးက ဆရာတော်ရဲ့အခက်အခဲ ဘာများ ကူညီပေးလိုက်သလဲ။

ကပ္ပိယဘကြီး ။ ။ ပုဆိုးခါးတောင်းကျိုက်ပြီး ရေနက်ထဲဆင်းသွားလိုက်တယ်လေ။

Dr. အောင်သူ ။ ။ ဆရာတော်ကလည်း သင်္ကန်းကို ပေါင်လယ်အထိတင်ပြီး ကြွတော်မူသလားဗျာ။

ကပ္ပိယဘကြီး ။ ။ ဝိနည်းက အဲသလို ကြွခွင့် မရှိပြန်ဘူးဗျ။ နေမကောင်းတော့ သင်္ကန်းစိုလို့ကလည်း အဆင်မပြေပြန်ဘူး။ လှည်းသမားကလည်း "ကြွသာ၊

*ကြွပါဘုရား"* လို့ အဆက်မပြတ်အော်ပြီး လျှောက်နေတယ်။ ဆရာတော် ရေထဲစမ်းဆင်းနေတုန်းမှာပဲ ကျွန်တော်က ဟိုဘက်ကမ်းကို ရောက်နေပြီ။

Dr. အောင်သူ ။ ။ ဆရာတော်က တစ်ဘက်ကမ်းမှာပဲ ရှိသေးတာလားဘကြီး။

ကပ္ပိယဘကြီး ။ ။ မဟုတ်ဘူး၊ ရေထဲမှာ၊ အဲဒီ ကျွဲချိုကားကားကြီးရဲ့ အန္တရာယ်စက်ကွင်းထဲ တည့်တည့်ရောက်နေပြီ။ ကျွဲကြီးက သူရဲ့ခေါင်းကို ဆရာတော်ရဲ့ ညာဘက်ဝမ်းဗိုက်တည့်တည့် ရမ်းလိုက်တာဗျာ၊ မကြည့်ရက်စရာပါပဲ။

Dr. အောင်သူ ။ ။ ကျွဲချိုနဲ့ ခတ်လိုက်မိသလားဘကြီး။

ကပ္ပိယဘကြီး ။ ။ ကံအားလျော်စွာ လက်တစ်လုံးခြားကလေး လွတ်သွားတယ်ဗျာ။ လှည်းသမားကြီးက ကျွဲမကြီးကို ဆဲပြီး *"ဟဲ့ ကျွဲမ နင်ဘုန်းကြီးမှန်းမသိ ဘာမှန်းမသိ၊ နင်ဒါကြောင့် ကျွဲဖြစ်နေတာ"* လို့ အားကုန်အော်ပြောနေတုန်းမှာပဲ ဆရာတော်ကလည်း သက်န်း ရေစိုရုံကလေးစိုပြီး တစ်ဖက်ကမ်း ကုန်းပေါ်ကို ရောက်လာပါတယ်။

Dr. အောင်သူ ။ ။ တော်သေးတာပေါ့ ဘကြီးရယ်။ ဆရာတော် ဘာများ မိန့်တော်မူသေးသလဲ။

ကပ္ပိယဘကြီး ။ ။ ကြိမ်လုံးကြီးနဲ့ ကျွဲမကြီးရဲ့ကျောကုန်းကို အားကုန်ရိုက်ပြီး မိုးမွှမ်အောင် ဆဲဆိုနေတဲ့ လူညီးသမားရဲ့ကျောကုန်းကို တစ်ချက်ကြည့်ပြီး "*နင်ကလည်း ဒါကြောင့် လူဖြစ်နေတာ*"လို့ တိုးတိုးလေး မိန့်တော်မူပြီး ဆွမ်းခံရွာကို ဆက်ကြွတော်မူပါတယ်။

## ၇။ မြွေဟောက်နှင့် ရန်ဖြစ်တဲ့ကပ္ပိယကြီး

ကပ္ပိယဘကြီး ။ ။ သတိရတာ ပြောဆိုလို့ မိုးရွာနေတာနဲ့ တစ်ခုသတိရလာတယ်။ ပြောပြဦးမယ်နော်။

MA ကျောင်းသား ။ ။ ဟုတ်ကဲ့ဘကြီး။

ကပ္ပိယဘကြီး ။ ။ မိုးဦးကာလတုန်းက ကပ္ပိယတွေ မအားကြဘူး။ လယ်ယာလုပ်ငန်းတွေ ကိုယ်စီနဲ့မို့ အိမ်ပြန်ကြတယ်လေ။ ကျောင်းမှာ ပဲခူးရိုးမပေါ်ကနေ ကပ္ပိယတစ်ယောက်က ဆရာတော်အနားနေပါတယ်။ တစ်နေ့ကျတော့ မနက်ဝေလီဝေလင်းအချိန် ကပ္ပိယနဲ့ ဆွမ်းခံကြွတော်မူတယ်။ မြွေဟောက်ကြီးတစ်ကောင်က ဆွမ်းခံတောတန်းရဲ့ ခြေသွားလမ်းကလေးကို ကန့်လန့်ပိတ်ထားတာကို

တွေ့ရလို့ ဆရာတော်က ဘေးကင်းရာမှာ ရပ်တော်မူလိုက်တယ်။

MA ကျောင်းသား ॥ ॥ မြွေက လမ်းဖယ်ပေးသလား ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ မဖယ်ဘူး။မြွေဆိုးကြီးက ပါးပြင်ထောင် နှာမှုတ်ပြီး ရန်လုပ်လာတယ်။ ဆရာတော်က မလှမ်းမကမ်းကနေ ရပ်ပြီး ကြည့်နေတော်မူပါတယ်။ ဆရာတော့် နောက်မှလိုက်လာတဲ့ ကပ္ပိယက မြီတွန်တောက်တီးရင်း တုတ်တစ်ချောင်းကိုင်ပြီး ခြေလှမ်းသွက်သွက်နဲ့ ဆရာတော့်ရှေ့ရောက်လာတယ်။

MAကျောင်းသား ॥ ॥ ရဟန်းက အခုလို မြွေဆိုးအန္တရာယ် ကြုံလာရင် ကပ္ပိယကို *'ကပ္ပိလိုက်ပါ'*လို့ ပြောကောင်းသလား ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ ဘယ်နှယ်မြွေကို ကပ္ပိရမလဲ မောင်ကျောင်းသားရယ်။

MA ကျောင်းသား ॥ ॥ မဟုတ်ဘူးလေ။ သူက ဘုန်းကြီးကို ရန်လုပ်လာရင် ကပ္ပိယ ကြည့်ရှင်းခိုင်းတာကို ကပ္ပိတယ်လို့ပဲ ပြောရမှာမဟုတ်ပါလား ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ မသတ်ကောင်းဘူး၊ အဲဒါကို ကပ္ပိတယ်လို့

မခေါ်ဘူး။ ဆရာတော့်နောက်က ကပ္ပိယက လက်ထဲ ဒုတ်ကိုင်ထားပြီး မြွေကိုဆဲဆိုရေ ရွတ်နေသတဲ့၊ ဆရာတော်က ကပ္ပိယကိုကြည့်ပြီး *'ကပ္ပိယဒကာကြီး စိတ်ဆိုးပြီး နှာမှုတ်နေတဲ့မြွေနဲ့ သွားရန်ဖြစ်ဦးမလို့လား'*ဟု မေးတော်မူပါတယ်။

MA ကျောင်းသား ။ ။ တောထဲမှာ သီတင်းသုံးတဲ့ ရဟန်းတော်များမှာ အခက်အခဲ အန္တရာယ်လည်းများသား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ များတယ်။ ဒါကို ဒုတ်နဲ့ဓားနဲ့ မဖြေရှင်းရဘူး။ မေတ္တာ၊ သစ္စာနဲ့ပဲ ရင်ဆိုင်ဖြေရှင်းရတယ်လို့ ဆရာတော်မိန့်တော်မူဖူးတယ် မောင်ကျောင်းသား။

## ၈။ ဆေးကုပေးချင်သူ

Dr.အောင်သူ ။ ။ ဘကြီး ကျွန်တော် ဖတ်ဖူးတာလေးတစ်ခု ပြောပြပါဦးမယ်နော်။

ကပ္ပိယဘကြီး ။ ။ နားထောင်ပါ့မယ်။ ဘကြီးမှာတော့ ဖတ်ဖူးတာထက် ကြုံဖူးတာတွေပဲ ပြောစရာရှိတယ်။

Dr.အောင်သူ ॥ ॥ ဟုတ်ကဲ့ ကျွန်တော်က လည်း ဘကြီးဆီက ကြုံဖူးတာတွေ နားထောင်ချင်လို့ ဖတ်ဖူးတာ အရင်ပြောမှာပါဗျာ။

ကပ္ပိယဘကြီး ॥ ॥ ဟုတ်ကဲ့၊ နားထောင် ပါ့မယ်။

Dr. အောင်သူ ॥ ॥ လွန်ခဲ့တဲ့နှစ် တစ်ရာ ကျော်လောက်က ရွှေတောင်ဦး တောင်ထိပ်ပေါ်က ကျောက်ဂူထဲမှာ လယ်တီ ဆရာတော်ကြီး ကမ္မဋ္ဌာန်းတရားအား ထုတ်ရင်း ဒီပနီကျမ်းတွေ ရေးတော်မူနေတုန်းက အဖြစ်အပျက် တစ်ခုဖြစ်ခဲ့ဖူးတယ်။ ဆရာတော်ကြီး ဂူထဲမှာ တစ်ပါးတည်း အပြင်းဖျားနေတာ သတိရ တစ်ချက်၊ မရတစ်ချက် ဖြစ်နေတော်မူခိုက်မှာ တစ်ယောက်ယောက်က လာပြီး ဆေးတိုက်တယ် လို့ ထင်တော်မူလိုက်တယ်။ ဒါနဲ့ သတိရလို့ မျက်စိ ဖွင့်တဲ့အခါမှာ ကျောက်ဂူအတွင်းက ထောင့်လေး မှာ ကျောက်ဆင်းတုလို ဖြူစွတ်နေတဲ့ ပုဂ္ဂိုလ်တစ် ယောက် ငြိမ်ငြိမ်သက်သက်ရပ်ပြီး ကြည့်နေတယ် လို့ မိန့်တော်မူဖူးတာကို ဖတ်ဖူးတယ် ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ ဟုတ်ပြီ၊ ကျွန်တော် သတိရတာလေး တစ်ခု တော့ရှိတယ်။ ဆရာတော်က ကျန်းမာရေး အလွန်

ချူချာလွန်းတယ်။ ဆောင်းတွင်းတစ်ညမှာ စာရေးရင်း ရင်ဘတ်အောင့်လာတာ ထိုင်မရ၊ ထမရ ဖြစ်တော်မူသတဲ့။

Dr.အောင်သူ ။ ။ ဘကြီးတို့က ရင်ဘတ်အောင့်တာ ဘာများကူညီပေးခဲ့သလဲဗျာ။

ကပ္ပိယဘကြီး ။ ။ ဆရာတော်က ကျောင်းထဲတစ်ပါးထဲပဲ သီတင်းသုံးတတ်တယ်။ ကျနော်တို့က အိပ်ပျော်နေပြီလေဗျာ။ ဆရာတော့်ရောဂါက တိုးတိုးလာလိုက်တာ မခံမရပ်နိုင်ဖြစ်ပြီး ကြမ်းပြင်ပေါ်မှာ လဲချလိုက်တယ်တဲ့။ *'ဘုန်းကြီးရောဂါက ပြင်းထန်လွန်းလို့ အိပ်မပျော်တော့ဘူး ထင်နေတာ မှေးကနဲ အိပ်ပျော်သွားတယ် ဒကာကြီး'* လို့နောက်တစ်နေ့ ဆွမ်းခံကြွတဲ့လမ်းမှာ မိန့်တော်မူတယ်။

Dr. အောင်သူ ။ ။ အနာပြင်းထန်လို့ မေ့မျောသွားတာလည်း ဖြစ်တတ်ပါတယ်ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော်က တစ်အောင့်လေး အိပ်ပျော်သွားပြီး နိုးတဲ့အခါမှာ ရောဂါက ယူပစ်လိုက်သလို ပျောက်နေပြီလို့ မိန့်တော်မူတယ်။

Dr.အောင်သူ ။ ။ ဘယ်လိုအကြောင်းကြောင့်များ ပျောက်တာတဲ့လဲ ဘကြီး။ ဝိပဿနာတရားမှတ်တာလားဗျာ။

ကပ္ပိယဘကြီး ။ ။ အဲဒါတော့ ကျွန်တော်မသိဘူးလေ။

Dr.အောင်သူ ။ ။ ဘကြီးက ဆွမ်းခံသွားတဲ့လမ်းမှာ မေးလျှောက်မကြည့်ဘူးလား။

ကပ္ပိယဘကြီး ။ ။ မေးတော့မေးလျှောက်မိတယ်။ သူ့အလိုလိုပျောက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားလို့ မေးမိတယ် ထင်တာပဲဗျာ။ သူ့အလိုလိုတော့ မဟုတ်ပြန်ဘူး၊ နာနေတဲ့ ရင်ဘတ်နေရာကို တစ်စုံတစ်ယောက်ယောက်က လက်နဲ့တို့ထိပေးလိုက်လို့ သက်သာသွားတာတဲ့။ "*အိပ်မက်ထဲမှာလားဘုရား*"လို့ မေးကြည့်တော့ အဝတ်ဖြူဝတ်ထားတဲ့လူတစ်ယောက်က အနားမှာတင်ပလ္လင်ခွေ ထိုင်နေတာ'*အင်း--အိပ်မက်လိုလို၊ နိုးနေသလိုလိုပါလေ၊ အိပ်မက်ပဲထင်ပါတယ်၊ မနိုးတစ်ဝက်၊ နိုးတစ်ဝက်အချိန်ဖြစ်မယ် ဒကာကြီး*'တဲ့။ သိပ်မကြာခင်က တစ်ခုရှိသေးတယ်၊ အဲဒါက ဝိနည်းနဲ့ဆိုင်နေတယ်။

Dr.အောင်သူ ။ ။ ဝိနည်းနဲ့ဆိုင်တာ ပိုလို့သိချင်ပါတယ်။ ပြောပြပါဦး ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော်က နေကောင်းနေရင် ဘယ်တော့မှ လူမြင်၊ သူမြင် မကျိန်းဘူး။

Dr.အောင်သူ ။ ။ လူမြင်သူမြင် ရှေ့မှာ မကျိန်းတာလားဗျာ။

ကပ္ပိယဘကြီး ။ ။ ဘယ်ကလာ လူတွေမြင်ဖို့ နေနေသာသာ၊ ကျွန်တော်တို့ ကပ္ပိယတွေရှေ့ အိပ်ရတာ ရှက်လို့တဲ့ဗျာ။

တစ်နေ့မနက်ခင်း နေမကောင်းဖြစ်နေတာထင်တယ်။ ဆွမ်းဘုဉ်းခါနီးနေပြီ၊ ပက်လက်ကုလားထိုင်မှာ ဆရာတော် အိပ်ပျော်နေတယ် ထင်တာပဲဗျာ။ ကျွန်တော်ကလည်း ဆွမ်းကပ်ဖို့ သပိတ်ပြင်ရင်း ကျောင်းအထဲအရောက် "*မာတုဂါမ ဘုန်းကြီးကို မထိနဲ့၊ မထိနဲ့*"လို့ ဆရာတော့်အသံသဲ့သဲ့လေး ကြားလိုက်တယ်။

Dr.အောင်သူ ။ ။ ဆရာတော်အနားမှာ ဘယ်မာတုဂါမရှိလို့လဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဘယ်သူမှ မရှိဘူး။ ကျွန်တော်တစ်ယောက်တည်း မလှမ်းမကမ်းမှာ ရှိနေတာပါ။ ဒါနဲ့ ကျွန်တော်ကလည်း အံ့သြပြီးကြည့်ရင်း သပိတ်အဖုံးကို ဖွင့်လိုက်တာဗျာ၊ လက်ကပြုတ်ကျပြီး ဂွမ်းကနဲ

အသံမြည်သွားတယ်။ အဲဒီမှာ ဆရာတော်က မျက်စိဖွင့်တာတွေ့လို့ ဘာများမိန့်မလဲလို့ နားထောင်နေတာ။ ဘာမှမမိန့်ဘူး။ ဆွမ်းဘုဉ်းပြီးမှ မေးကြည့်တော့မှ 'အိပ်မက်ထဲမှာ မာတုဂါမ တစ်ယောက် ဝမ်းဗိုက်ကို ဆေးကုပေးမယ်ဆိုပြီး လက်လှမ်းလာတာကို တားလိုက်တာပါ' လို့ မိန့်တယ်။

Dr.အောင်သူ ။ ။ ရောဂါပျောက်သွားသလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ပျောက်တာတော့ မတွေ့ရပါဘူး။ ဆေးမကုလိုက်ရလို့လား မသိဘူး။

Dr.အောင်သူ ။ ။ ဝိနည်းကို အိပ်မက်ထဲအထိ လိုက်နာတာပေါ့နော် ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်ဗျာ။ ကျွန်တော်ကလည်း ကျွန်တော့်သီလအကြောင်း ပြောရဦးမယ်။

Dr.အောင်သူ ။ ။ အိပ်မက်ထဲအထိ သီလစောင့်ထိန်းတာလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တော့ဟုတ်တယ်၊ ကျွန်တော့ဟာက တစ်မျိုး၊ တစ်ရက်သားဗျာ၊ ညနေကတည်းက

ဗိုက်ဆာနေတာ။ ညကျတော့ မျှစ်ချဉ်နဲ့ တော ဝက်သားဟင်းကိုနယ်ပြီး ထမင်းစားနေလိုက်တာ။ တစ်ပန်းကန်ကုန်ရော။ အိပ်မက်မက်နေတာဗျာ။ အဲဒါဆရာတော်ကို ဆွမ်းခံလမ်းမှာ လျှောက်တော့ ဆရာတော်က ပြုံးနေတာ။ ကျွန်တော်လည်း ခဏလေးတော့ ရှက်သွားတယ်။

## ၉။ ယောဂီကြောင့် ကပ္ပိယနှုတ်ခွဲမှိုခဲ့ရှာ

Dr. အောင်သူသည် ကျောင်းမှ ကပ္ပိယကြီးများနှင့် ရင်းရင်းနှီးနှီး နေလေ့ရှိသည်။ ကပ္ပိယဘဝကိုလည်း အားကျသူဖြစ်ပါသည်။ ထို့ကြောင့် ကပ္ပိယဘကြီးများထံမှ ကပ္ပိယအတွေ့အကြုံများကို မေးမြန်းပြီး မှတ်သားလေ့ရှိပါသည်။

Dr. အောင်သူ ။ ။ ဆရာတော်က တရားလည်းပြ၊ စာလည်း ရေးတာကိုးဗျ၊ ယောဂီတွေ ထူးထူးခြားခြား တရားတိုးတက်တာမျိုး ကြုံဖူးတာရှိရင်လည်း မှတ်သားထားချင်လို့ပါဗျာ၊ ဘကြီး ပြောပြပါဦး။

ကပ္ပိယဘကြီး ။ ။ ယောဂီတွေကတော့ နယ်ပေါင်းစုံ၊ ဒေသ

ပေါင်းစုံက လာကြတယ်ဗျာ။ ကျွန်တော်တို့ ကပ္ပိယတွေက ယောဂီပောင်းတွေပေါ့ဗျာ။ ဆရာတော်မနိုင်တဲ့ ယောဂီတွေကို ကျွန်တော်က ကူပြီး တရားဆွေးနွေးပေးရတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် ကျွန်တော် သိပ်စိတ်ဝင်စားတယ်ဗျာ။ ဆရာတော်မနိုင်တဲ့ ယောဂီအကြောင်းနဲ့ ဘကြီး ဆွေးနွေးပေးခဲ့တဲ့ တရားအကြောင်း မှတ်မိသလောက် ပြောပြပါဦးဗျာ။

ကပ္ပိယဘကြီး ။ ။ ကြာတော့ကြာပြီဗျာ၊ တစ်ရက်ကျတော့ ရပ်ဝေးနယ်က ယောဂီတစ်ယောက် တရားလာအားထုတ်တယ်။ သူကရုပ်ကောနာမ်ကော၊ ပညတ်ကော၊ ပရမတ်ကော၊ ဉာဏ်စဉ်ကော အကုန်သိပြီးသား၊ ရိပ်သာလည်း စုံတယ်။ ဆရာတော်သင်ပေးရတယ်ကို မရှိဘူး။ သူကပဲ အရင် ဦးအောင် အသံကျယ်ကျယ်နဲ့ လျှောက်နေတာဗျာ။ ဆရာတော်ရဲ့ အလေ့အထက သင်ပြတာကို နားသိပ်မဝင်လွယ်ရင် *"ပြောရတာ မောတယ်၊ နားမဝင်ရှာဘူး၊ ဘုန်းကြီးပင်ပန်းပြီ၊ ညနေ တရားစစ်ချိန်ကျရင်အဲသည်ယောဂီကို ဒကာကြီးဆီ လွှတ်လိုက်မယ်"* လို့ ဆွမ်းခံအသွားလမ်းမှာ မိန့်တော်မူတယ်။ ကျွန်တော်လည်း ပြင်ဆင်ထားတာပေါ့ဗျာ၊ ဘာရယ်မဟုတ်ပါဘူး နောက်နေ့ မနက်အစော

ရေနွေးတည်ဖို့ ပြင်ဆင်နေတာပါ။ 'ဆရာတော်က ဘကြီးဆီ တရားသွားဆွေးနွေးလိုက်ပါပြောလို့ လာခဲ့တာပါ' ဆိုပြီး လမ်းဟိုဘက်ကနေ အော်ပြီး ဆွမ်းချက်ဆောင်ဘက်ကို ဝင်လာတယ်။

Dr. အောင်သူ ။ ။ ဘကြီး ယောဂီကို ဘာတွေ ဆွေးနွေးပေးလိုက်သလဲဗျာ။

ကပ္ပိယဘကြီး ။ ။ ဟာ ကျွန်တော်ကို မပြောလိုက်ရဘူးလေ။

ဘယ်ရိပ်သာ၊ ဘယ်ရိပ်သာတွေမှာ သူက နာမည်နဲ့ အတိအကျ ပြောပြတယ်။ သူ့တရား ဘယ်လောက်အထိ ကောင်းခဲ့တယ်ဆိုတာကို ဋီကာချဲ့နေလိုက်တာ မိုးကိုချုပ်ပါရောဗျာ။ ကြားဘူးနားဝနဲ့ တရားထင်တာတွေကို ပြောနေရှာတာ။ သူပြောတာတွေ ဝိပဿနာကို မဟုတ်ပါဘူးဗျာ။ အဲဒီကျမှ ဆရာတော် မောတယ်ဆိုလည်း မောလောက်တာပဲလို့ ကိုယ်ချင်းစာမိတယ်။

Dr. အောင်သူ ။ ။ နောက်ရက်တွေကော လာသေးသလား။

ကပ္ပိယဘကြီး ။ ။ ဘာပြောကောင်းမလဲ နောက်ရက် ညနေကျတော့ ကျွန်တော် ပုန်းရပြီလေဗျာ။ သူက ဆရာတော် လွှတ်လိုက်လို့ဆိုပြီး လာပြန်တယ်။

ကျွန်တော်လည်း အသံကြားတာနဲ့ တစ်ခါထဲ ကုဋီထဲ ဝင်သွားတာ။ အဲဒါမပြန်ဘူးဗျာ၊ အကြာကြီးကို ရပ်စောင့်နေသေးတာ။ ကျွန်တော်လည်း ကုဋီအပြင် မထွက်ရဲဘူး။ ကျွန်တော်ပုန်းနေရတဲ့ အဖြစ်ကလည်း ပြောဘဲ မပြောချင်ပါဘူးဗျာ၊ ဒါပေမဲ့ နောက်ရက်မနက် ဆွမ်းခံသွားတော့ ဆရာတော်က "ဘယ့်နှယ်လဲ ယောဂီနဲ့တရားဆွေးနွေးရတာ" ဆိုတော့ ခက်ပြီလေဗျာ။

Dr. အောင်သူ ॥ ॥ ဘကြီးကို ဆရာတော်ကလည်း အားကိုးတာနေမှာပေါ့။

ကပ္ပိယဘကြီး ॥ ॥ ကျွန်တော်လည်း ဆရာတော့်ဆီကို နည်းခံပြီး ကျကျနန သင်ယူထားတယ်။ ဆရာတော်သင်တဲ့ ကမ္မဋ္ဌာန်းက အဘိဓမ္မာအခြေခံရှိရင် ပိုနားလည်ပြီး ဉာဏ်ပွင့်တာဗျာ။ ကျွန်တော်လည်း အသက်ကြီးပြီ၊ နေတတ်ဖို့၊ သေတတ်ဖို့ အမြဲကျင့်နေတယ်။ ဆရာတော်ကလည်း အမြဲ တရားစစ်ပေးတယ်။ လိုတာ တည့်မတ်ပေးတော်မူတယ်။ ကျွန်တော်က မနက်တိုင်း ဆွမ်းခံလမ်းမှာ တရားလျှောက်ခွင့် ရနေတာလေဗျာ။

Dr. အောင်သူ ॥ ॥ ဘကြီး သိပ်ကံကောင်းတယ်ဗျာ။ ဒါနဲ့ ခုန ယောဂီက နောက်ရက်တွေ လာသေးသလား။

ကပ္ပိယဘကြီး ။ ။ လာတယ်။ လာတယ်။ ကျွန်တော်လည်း သူ
လာရင် နားပဲထောင်ရတယ်၊ ဘာအလုပ်မှလဲမလုပ်
ရလို့ အလုပ်ပျက်တာက တစ်ဖက်၊ သူ့တရားဆိုတာ
ကြီးကလည်း မဟာယာနလိုမျိုးလား မသိပါဘူးဗျာ၊
အဲတော့ ညနေစောင်းတာနဲ့ ပုန်းဖို့နေရာ စဉ်း
စားရင်း ကုတင်ပေါ် တုံးလုံးလှဲလိုက်တာ မှေးခနဲ
ဖြစ်သွားတာဗျာ။ အသံကြားလို့ ထရံ ပေါက်ကြားက
ချောင်းကြည့်တော့ ကပ္ပိယကျောင်း တံခါးဝရှေ့ကို
သူကရောက်နေပြီ၊ ကျွတော်လည်း မတတ်နိုင်ဘူး၊
ချက်ခြင်းထပြီး ခုတင်အောက် ဝင်ပုန်းတာ
အော်ခေါ်တာ အားမရလို့ထင်တယ်၊ အဲဒါ အခန်း
ထဲအထိ လာရှာသေးတယ်၊ ကျွန်တော်လည်း
မတတ်နိုင်ဘူး။ အစီအစဉ်က မကျီးရွက်ခူးပြီး
မကျီးပင်ပေါ် တက်ပြီး ခွကြားမှာ ပုန်းမလို့ရာ တွေး
ရင်း အိပ်ပျော်သွားတာဗျာ အဲဒါ ခုတင်အောက်
ရောက်သွားတယ်။ နောက်ရက် ဆွမ်းခံလမ်းမှာ
ဆရာတော့်လျှောက်တော့ *"ဘုန်းကြီး သင်ပေးလို့
မရတဲ့တူတူ သူနည်းနည်းဖြစ်ဖြစ် အကျိုးရှိစေချင်
လို့ ဒကာကြီးဆီ လွှတ်လိုက်တာပါ"* လို့ မိန့်တော်
မူပြီး *"ခုတင်အောက် ဘယ်လောက်ကြာသွား
သလဲ"*လို့ မေးရင်းက သဘောကျတော်မူနေ
တယ်။ အဲသည်တော့မှ တရားပြပေးတဲ့ ဆရာ
တော်ရဲ့ဒုက္ခကို ကျွန်တော် ကိုယ်ချင်းစာတတ်

လာတာဗျာ။ ခုလို ယောဂီချဉ်ဖတ်အိုးနဲ့ တွေ့ရင် မလွယ်ဘူး။ သူတတ်ထားတာကလည်း တလွဲ၊ သင်ပေးပြန်တော့လည်းမဝင်၊ ပြန်ကလည်း မပြန် ဆိုတော့ နေမကောင်းနေတဲ့ ဆရာတော်မှာ မလို အပ်ဘဲနဲ့ မောတာပေါ့ဗျာ။

Dr. အောင်သူ ။ ။ ဟုတ်မယ်နော်၊ ဘကြီး တောင် ခုတင်အောက် ရော၊ ကုဋီထဲရော ပုန်းနေရတာ တော်တော် မောမှာပဲနော်။

## ၁၀။ အလုပ်တစ်ခုနှင့်တစ်ခု ပြောင်းလုပ်ရင်းနားတဲ့ ဆရာတော်

ကပ္ပိယဘကြီး ။ ။ ကျွန်တော်တို့ရဲ့ ဆရာ တော်က အလုပ်သိပ် ပြီး ကြိုးစားတာဗျာ။ နေ့မနား၊ ညမအိပ်ကို လုပ် နေတာ တကယ့်ကို အံ့ပါရဲ့ဗျာ။ အနီးကပ်ကြည့်မှ ပိုသိလာတာ။

Dr. အောင်သူ ။ ။ ဆရာတော်အနားမှာ အကြာကြီး နေခွင့်ရတာ ဆိုတော့ ကပ္ပိယဘကြီးတို့ကလည်း ဆရာတော် အလုပ်လုပ်တဲ့အလေ့အကျင့် ကောင်းတွေရမှာ ပေါ့နော်။

ကပ္ပိယဘကြီး ။ ။ ဆရာတော်ရှေ့တော့ လုပ်ရတာပေါ့ဗျာ။

ဆရာတော်က ဒီတစ်လုပ်ထဲ မဟုတ်ဘူးဗျို့။ သုံး၊ လေး၊ ငါးမျိုးကို တစ်ပြိုင်တည်း လုပ်တာဗျာ၊ မတွေ့ဖူးပါဘူး၊ ရှားပါတယ်ဗျာ။

Dr. အောင်သူ ။ ။ ပြောပြပါဦးဗျာ။

ကပ္ပိယဘကြီး ။ ။ ဆရာတော် တခြားအလုပ် ပြောင်းလုပ်ရင် ကျွန်တော်တို့ကလည်း အလုပ်ပြောင်းလုပ်တယ်လေ။

Dr. အောင်သူ ။ ။ ဆရာတော်က ဘယ်လို အလုပ်တွေ ပြောင်းလုပ်တာလဲ ပြောပါဦးဗျာ။ အတုယူရတာပေါ့။

ကပ္ပိယဘကြီး ။ ။ ဆရာတော်က စာရေးတာညောင်းရင် စင်္ကြံလျှောက်တယ်။ စင်္ကြံလျှောက်တာကြာသွားရင် တရားထိုင်တယ်။ တရားထိုင်တာ ကြာသွားပြန်ရင် ကျောင်းက လုပ်ငန်းခွင်ထဲ လှည့်ကြည့်ပြီး လိုတာ မိန့်ပေးပါတယ်။ ညောင်းပြန်ရင် စာဖတ်နေပြန်တယ်။ အလုပ်တစ်ခုနှင့်တစ်ခု ပြောင်းပြောင်းပြီးလုပ်တာက နားတာပါတဲ့ဗျာ။

Dr. အောင်သူ ။ ။ ဒါနဲ့ ကပ္ပိယဘကြီးတို့က ဘယ်လိုအလုပ်

ပြောင်းလုပ်ပြီး နားပါသလဲခင်ဗျာ။ စပ်စုတယ် လို့တော့ မထင်ပါနဲ့ဗျာ၊ အတုယူချင်လို့ပါခင်ဗျား။

ကပ္ပိယဘကြီး ။ ။ ကျွန်တော်တို့လည်း မနက်အစော ဆွမ်းကပ်တယ်၊ ပန်းကန်ဆေးတယ်။ ပြီးတော့ အလုပ်ပြောင်းလုပ်တဲ့အနေနဲ့ အခန်းထဲဝင်ပြီး အိပ်ကြပါတယ်ဗျာ။ နေ့လည်လည်း ဆွမ်းကပ်ပြီး၊ သီလယူပြီးရင် အလုပ်ပြောင်းတဲ့အနေနဲ့ အိပ်ကြပါတယ်ဗျာ။

## ၁၁။ ကပ္ပိယယောဂီများအကြောင်း

Dr. အောင်သူ ။ ။ ဘကြီးရဲ့အတွေ့အကြုံတွေက စိတ်ဝင်စားစရာပါပဲ။ ကပ္ပိယတွေလည်း တရားအားထုတ်ရတာဆိုတော့ အတွေ့အကြုံလေးတွေ ပြောပါဦးဗျာ။

ကပ္ပိယဘကြီး ။ ။ ဟုတ်ပြီ၊ ဟုတ်ပြီ၊ သတိရတာလေး ပြောပြမယ်။ ဆရာတော်ရဲ့မူက အနားမှာရှိတဲ့ ကပ္ပိယတွေအားလုံး တရားအားထုတ်ရတယ်။ ညနေရောက်ရင် တရားလျှောက်ရတယ်။ ဆရာတော်က လိုအပ်တာရှိရင် သင်ကြားပေးတော်မူတယ်။

Dr. အောင်သူ ။ ။ ဘကြီးတို့လည်း တရားအားထုတ်ရတာပေါ့နော်။

ကပ္ပိယဘကြီး ။ ။ ကပ္ပိယတစ်ယောက်၊ နှစ်ယောက်တစ်လှည့်စီ တရားအားထုတ်ကြရတာပါ။

Dr. အောင်သူ ။ ။ ကပ္ပိယတွေရဲ့ တရား အတွေ့အကြုံကိုလည်း ပြောပြပါဦးဗျာ။

ကပ္ပိယဘကြီး ။ ။ ပြောပြဦးဆိုရင်၊ အဲဒီ တုန်းက ကပ္ပိယတစ်ယောက်ကို ဆရာတော် တရားသင်ပေးနေတယ်၊ ညနေတရားစစ်တဲ့အခါမှာ ဘယ်သူမဆို သွားနားထောင်လို့ရတယ်။ ကျွန်တော်လည်း တစ်ခါတစ်ရံ နားထောင်ဖို့သွားတယ်။ ကပ္ပိယတရားလျှောက်တာကို မှတ်မိနေသေးတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုလျှောက်တာလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ သူလျှောက်တာက *"တပည့်တော် မနေ့ညက တရားထိုင်တာမှာ မှိတ်ထားတဲ့ မျက်စိထဲကို အလင်းရောင် မြင်ရတယ်ဘုရား"*တဲ့။ ဆရာတော်ကလည်း ရောင်စုံလား၊ တစ်ရောင်တည်းလားလို့ မေးတာထင်တယ်၊ သူပြန်ပြောတာက *"ပထမနေ့မှာ အဖြူရောင်တဲ့၊ နောက်တစ်ညမှာ ရောင်စုံ"* လို့ လျှောက်လိုက်တယ်။

Dr. အောင်သူ ॥ ॥ တရားတိုးလာတာပေါ့ နော်ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ ဆရာတော်လည်း ကပ္ပိယယောဂီ တရားတိုးတက်လာတယ်လို့ ထင်ဟန်တူတယ်။ ဒါကြောင့် 'ဩဘာသော၊ ဉာဏ်၊ ပီတိ'လို့ ပါဠိလို မိန့်တော်မူသေးတာကို မှတ်မိနေသေးတယ်။ ပြီးတော့ ညမှာပဲပေါ်တာလားလို့လည်း မေးတော်မူတယ်။

Dr. အောင်သူ ॥ ॥ ကပ္ပိယယောဂီ တရားတိုးလာတာကို ဆရာတော် အားရတော်မူတာ ထင်တယ်နော်ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ ဟုတ်မယ်ဗျ၊ ဒါပေမဲ့ အနားမှာ လာထိုင်ပြီး နားထောင်နေတဲ့ ကပ္ပိယကြီးဦးခန့်ဖြူက ပြုံးစိ၊ ပြုံးစိလုပ်နေတာကို ကျွန်တော် သတိထားမိနေတယ်။

Dr. အောင်သူ ॥ ॥ ကပ္ပိယ တရားတိုးလာတာကို အားပေးတာ ထင်ပါတယ်ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ ဘယ်ဟုတ်မှာတုန်း၊ သူက ကြုံကြုံဖန်ဖန် နောက်ပြောင်တတ်တဲ့လူဗျ။ ညမှာ ကပ္ပိယတစ်ယောက်တည်း တရားထိုင်ကောင်းနေတုန်းမှာ သူက ခပ်ဝေးဝေးကနေ ဓာတ်မီးနဲ့ မျက်လုံးကို ထိုးတာတဲ့။

Dr. အောင်သူ ။ ။ ယောဂီက ခတ်မီးကြီးနဲ့ထိုးတာကို ဘယ်လိုလုပ် ရောင်စုံဖြစ်သွားတာလဲ။

ကပ္ပိယဘကြီး ။ ။ ဒီလိုဗျ၊ ဆရာတော်က ဦးခန့်ဖြူကို *"ဒကာကြီး အသက်ကြီးပြီ ဒီခတ်မီးလေးကို သွားလေရာ ကိုင်ပါ"*လို့ မိန့်ပြီး ခတ်မီးသေးသေးလေးကို သီတင်းကျွတ်လပြည့်ညက စွန့်တာ။ အဲဒီခတ်မီးနဲ့ သူများတရားထိုင်နေတာကို သွားထိုးတာလေ။

Dr. အောင်သူ ။ ။ ခတ်မီးက ရောင်စုံဖြာထွက်လို့လားဗျာ။

ကပ္ပိယဘကြီး ။ ။ ရောင်စုံကိစ္စက ဒီလိုဗျ၊ သီတင်းကျွတ်ညက မီးထွန်းတဲ့ ရောင်စုံမီးပုံးလေးတွေမှာပါတဲ့ ရောင်စုံမှန်စက္ကူကို ခတ်မီးရှေ့ခံထားပြီး အနီရောင်၊ အပြာရောင်တွေ ထိုးတာတဲ့။ အဲ့ဒါ ဆရာတော်ရှေ့ မရယ်မိအောင် မနည်းအောင့်ထားခဲ့ရတာလို့ သူပြောပြမှ သိရတာ။

Dr. အောင်သူ ။ ။ တရားအားထုတ်တဲ့ ကပ္ပိယယောဂီကသိသွားသလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ နောက်တစ်ရက်နေတော့ ယောဂီကလည်း မလင်းတော့ဘူးလေ။

Dr. အောင်သူ ။ ။ မီးမထိုးပေးလို့ မလင်း တော့တာလားဗျာ။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ အဲဒါ ဆရာတော်လည်း သိသွားတယ်။ တန်ဆောင်မုန်းလထဲကျတော့ ဦးခန့်ဖြူက တရားထိုင်ဖို့ အလှည့်ကျလာတယ်။ ဦးခန့်ဖြူက တစ်ပတ်လောက် အားထုတ်တယ်ထင်တယ်၊ တစ်ညနေ တရားလျှောက်တဲ့အခါ ကျောင်းမှာရှိတဲ့ ကပ္ပိယအားလုံး ဆရာတော်ရှေ့ကို ရောက်နေတာကို ထူးထူးခြားခြား တွေ့ရတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယကြီး ဦးခန့်ဖြူက တရားကြိုးစားတာကို အားပေးဖို့ လာကြတာထင်ပါတယ်။

ကပ္ပိယဘကြီး ။ ။ မဟုတ်ဘူးဗျို့၊ ဖြစ်ပုံက၊ ဖြစ်ပုံက ဒီလိုဗျ၊ ဦးခန့်ဖြူ တရားလျှောက်ဖို့ အလှည့်ရောက်လို့ ဆရာတော်ကို လက်အုပ်ချီပြီး တရားလျှောက်တယ် *"တပည့်တော် ဒီကနေ့ ခေါင်းကိုက်နေတယ်၊ ဗိုက်လည်း နာနေပါတယ်ဘုရား၊ ဒါပေမဲ့ တရားမဖြုတ်ပါဘူး၊ ကြိုးစားအားထုတ်ပါတယ်။ ညနေပိုင်း တရားအားထုတ်နေတုန်း ဝိဇ္ဇာတစ်ပါး တပည့်တော်အနားကြွလာပြီး ပါးစပ်ထဲကို ဆေးလုံး ထည့်ပေးပါတယ်။ တပည့်တော်လည်း နတ်ဆေး*

*လုံးကို ဝါးစားလိုက်ပါတယ်ဘုရား။ ဘိုးဝိဇ္ဇာရဲ့ ဆေးတန်ခိုးကြောင့် အခု ရောဂါပျောက်သွား ပါပြီဘုရား"*လို့ လျှောက်တယ်။ ဆရာတော် ကလည်း *"ဝိဇ္ဇာဆေးဆိုတာကြီးက ဘယ်လိုဆေး မျိုးလဲ၊ ချိုသလား၊ ခါးသလား၊ ဖန်သလား"* လို့ မေးတော်မူတယ်၊ ကပ္ပိယယောဂီက *"ဘိုးဝိဇ္ဇာ ဆေးက ချိုရုံမကဘူး၊ စိမ့်ပါသေးတယ်ဘုရား၊ မလိုင်လုံးလို အရသာမျိုးပါဘုရား"* လို့လည်း လျှောက်ရော ကပ္ပိယတွေက တခစ်ခစ်နဲ့ ရယ် ကြတယ်။

Dr. အောင်သူ ။ ။ ဘာဖြစ်လို့လဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော် ကပ္ပိယတွေ ကိုကြည့်ပြီး *"ဘာဖြစ် ကြတာလဲ"*လို့ မေးတယ်။ ဦးခန့်ဖြူက သိမ်အောက် ထပ်မှာ တရားထိုင်တာ ပါးစပ်ကြီးဟလျက် အိပ် ပျော်နေတာ သုံးရက်ရှိပြီတဲ့၊ ဒါနဲ့ သီတင်းကျွတ် တုန်းက ခေတ်မီးထိုးခံရတဲ့ ကပ္ပိယက မန်ကျီး ရွက်ခူးဖို့သွားရင်း ကပ္ပိယရဲ့ပါးစပ်ထဲကို မလိုင်လုံး သေးသေးလေး ထည့်ပေးခဲ့တာကို ဘိုးဝိဇ္ဇာဆေး ဖြစ်သွားတာ"။

Dr. အောင်သူ ။ ။ ကျွန်တော်နားမလည် တာက ဘိုးဝိဇ္ဇာ ဘယ် ကနေ ရောက်လာတာလဲ ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ အဲဒါကို ဆရာတော်က သေသေချာချာ မေးစစ်တော့မှ သူက ထိုင်အိပ်လျက်ကြီး ပါးစပ်ထဲ ရောက်နေတဲ့ မလိုင်လုံးကို မြို့ရင်း အိပ်မက်ထဲမှာ ဘိုးဝိဇ္ဇာက ဆေးပေးသွားတယ် ဖြစ်သွားတာတဲ့ဗျာ။

Dr. အောင်သူ ॥ ॥ ဆရာတော် ဘာများမိန့်တော်မူပါသလဲဘကြီး။

ကပ္ပိယဘကြီး ॥ ॥ တရားအားထုတ်တဲ့ အခါမှာ အခုလို စတာ၊ ပြောင်တာ၊ ကျီစယ်တာ မလုပ်ကောင်းဘူးလို့ ဆုံးမပြီး "*ကလေးဆိုးတွေ ထိန်းနေရသလိုပါပဲလား*" လို့ ညည်းညူတော်မူတယ်။

Dr. အောင်သူ ॥ ॥ ကပ္ပိယတွေ ငယ်လို့ မလိမ်မိုး မလိမ္မာ၊ လုပ်မိလုပ်ရာ လုပ်ကြတာထင်ပါတယ် ဘကြီး။

ကပ္ပိယဘကြီး ॥ ॥ ဘယ်ငယ်လိမ့်မလဲ၊ အသက် ၆၀ ကျော်၊ ၇၀ နားနီးမှ ဆရာတော်အနား ကပ္ပိယလာလုပ်ကြတာပါဗျာ။

| လူငယ်များအတွက် ရန်ကင်းတောရဆရာတော် ရေးသားခဲ့သည့် စာအုပ်များမှာ | | |
|---|---|---|
| စဉ် | အမည် | အကြိမ် |
| ၁။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ပထမပိုင်း) | အဋ္ဌမ |
| ၂။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ဒုတိယပိုင်း) | ဆဋ္ဌမ |
| ၃။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (တတိယပိုင်း) | ပဉ္စမ |
| ၄။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ပထမပိုင်း) | ပဉ္စမ |
| ၅။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ဒုတိယပိုင်း) | တတိယ |
| ၆။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (တတိယပိုင်း) | တတိယ |
| ၇။ | Vipassana Primary Text Book (Elementary Level) Part-1 | ပထမ |
| ၈။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၁) | စတုတ္ထ |
| ၉။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၂) | တတိယ |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်နေသည့်လူ့ဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ | ဆဋ္ဌမ |
| ၁၁။ | ဆဋ္ဌမအာရုံ (Intuitive Power) ကို ဝိပဿနာဖြင့် ချဉ်းကပ်လေ့လာခြင်း | ဒုတိယ |
| ၁၂။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၁ | (၂၅) |
| ၁၃။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာအဖွင့်) | ပဉ္စမ |
| ၁၄။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၂ | စတုတ္ထ |
| ၁၅။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၃ | ဒုတိယ |
| ၁၆။ | ကလေးလက်ထဲဆော့နေတဲ့ Game အကြောင်းကို လူကြီးမိဘများက သေသေချာချာ သိဖို့လိုတဲ့ခေတ်ရောက်ပါပြီ | ပထမ |
| ဆရာတော်၏ အခြားစာအုပ်များမှာ | | |
| ၁၇။ | ဉရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း) | ဆဋ္ဌမ |
| ၁၈။ | ဉရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း) | ဆဋ္ဌမ |
| ၁၉။ | ဉရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း) | ဆဋ္ဌမ |
| ၂၀။ | ဉရောပယောဂီ၏ ဘဝနိဂုံး (အပိုင်း - ၁) | တတိယ |
| ၂၁။ | လူတို့နှင့်သက်ဆိုင်သော 'ရဟန်းဝိနည်းများ' (အပိုင်း - ၁) | ဆဋ္ဌမ |
| ၂၂။ | လူတို့နှင့်သက်ဆိုင်သော 'ရဟန်းဝိနည်းများ' (အပိုင်း - ၂) | တတိယ |
| ၂၃။ | 'ပဋ္ဌာနန္တရိယ' ကံနှင့် 'ပါဏာတိပါတ' ကံတို့အကြောင်း | ပဉ္စမ |
| ၂၄။ | ဤခရီးနီးလာပါသည် | စတုတ္ထ |
| ၂၅။ | 'အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်' မင်းအစိုးရထံလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ | ပဉ္စမ |
| ၂၆။ | ကောင်းကင်ကြယ် နက္ခတ်ကြည့်နည်းပညာနှင့် အရက်တက်ချိန် | နဝမ |
| ၂၇။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၁) | ဒုတိယ |
| ၂၈။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၂) | ဒုတိယ |
| ၂၉။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၃) | ပထမ |
| ၃၀။ | နဘူးကျောင်းဆရာတော်ဘုရားကြီး၏စံနမူနာယူစရာ ကျင့်သီလ | ပထမ |
| ၃၁။ | ဘဝဆည်းဆာ လှစေချင်ပါသည် | ပဉ္စမ |
| ၃၂။ | လမ်းမပေါ်၌ လမ်းပျောက်ချင်သူ | ပထမ |
| ၃၃။ | ငြိမ်းအေးသောစိတ် (အပိုင်း - ၁) | ပထမ |
| ၃၄။ | သိကောင်းစရာရှုတင်သာသနာ | ပထမ |
| ၃၅။ | ပဋ္ဌာန်းပညာဝါရ | ဒုတိယ |
| ၃၆။ | ပဋ္ဌာန်းတရားတော်နှင့်ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ | ဒုတိယ |
| ၃၇။ | ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း - ၁) | ပထမ |
| ၃၈။ | ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း - ၂) | ပထမ |